# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလဆန်း (၄) ရက် ၊ သောကြာနေ့ ၊ (6-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၂၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM-21) ကျင်းပပြုလုပ်




မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး 21st ASEAN Chiefs Of Defence Forces Meeting (21st ACDFM)တွင် အစည်းအဝေးတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 21st ASEAN Chiefs Of Defence Forces Meeting (21st ACDFM) ကို ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ Latsavong Wanda Vista Hotel ၌ ကျင်းပပြုလုပ်သည်။

အဆိုပါအစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား **စာမျက်နှာ ၁၆ ကော်လံ ၁**

**ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ရန်သတ်မှတ်**

စာမျက်နှာ - ၁၉

**"Blue Pansy" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်**

စာမျက်နှာ - ၂၂

**မန္တလေးတိုင်းဒေသကြီးအဆင့် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ**

စာမျက်နှာ - ၂

**နိုင်ငံသားအားလုံး စာတတ်ခြင်းက အမျိုးသားရေးတာဝန် ကျေပွန်ခြင်းပင်**

ဆောင်းပါး

စာမျက်နှာ - ၂၆

### ထူးခြားသည့် နေ့အပူချိန်များ (၅-၉-၂၀၂၄)

| | |
|---|---|
| ချောက် | စစ်ကိုင်း |
| ၃၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် | ၃၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ကျောက်ဆည် |
| ၃၆ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် | ၃၅ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| မကွေး | မန္တလေး |
| ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | ၃၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |




ကုန်ခံုးသွားသောခွမ်းအားများ

DAGON MALTA FRESH

နဲ့ ဖြည့်ခွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၅၁၁၉၀၇၇

ရတနာပုံ
၂၀၂၄ ခုနှစ် စက်တင်ဘာ ၆ ရက်
အယ်ဒီတာ့အာဘော်

# အကြမ်းဖက်မှုပပျောက်ရေး ပူးပေါင်းတိုက်ဖျက်ပေး

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၄)ဖြင့် အကြမ်းဖက်အုပ်စုအဖြစ်ကြေညာလိုက်ပြီး မူလက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ရုပ်သိမ်းပေးခဲ့သည့် AA လက်နက်ကိုင်အဖွဲ့ကို (၂/၂၀၂၄) ဖြင့် အကြမ်းဖက်အုပ်စုအဖြစ် ပြန်လည်ကြေညာလိုက်ပြီဖြစ်သည်။

MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံများကိုဖြစ်စေ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များကိုဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့်မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ယခုအခါ AA လက်နက်ကိုင်အဖွဲ့သည်လည်း အကြမ်းဖက်လုပ်ရပ်များကို ပြန်လည်ကျူးလွန်လာခဲ့သည့်အပြင် နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကို အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၁-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့် ယင်းအဖွဲ့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံပိုင် အဆောက်အအုံ၊ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် MNDAA၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့နှင့်အတူ ပပျောက်အောင် ပြည်သူတစ်ရပ်လုံးက ပါဝင်ကူညီ တိုက်ဖျက်ချေမှုန်းကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ အကြမ်းဖက်အဖွဲ့များကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်ပေသည်။ ထို့ပြင် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည်လည်း အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်ပေရာ အကြမ်းဖက်မှုပပျောက်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် လူတိုင်းပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအဆင့် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မန္တလေး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီးအဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင်ကျင်းပရာ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်ပညာရှင်များ၊ ခရိုင်နှင့်တက္ကသိုလ်တို့မှ ပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဦးတည်ချက်များနှင့်အညီကျင်းပလာရာ ငွေရတုသို့ရောက်ရှိပြီးဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲမှထွက်ပေါ်လာမည့် ထူးချွန်သည့် မျိုးဆက်သစ်အနုပညာရှင်များအနေဖြင့် လာမည့်အောက်တိုဘာလတွင်နေပြည်တော်၌ ကျင်းပမည့် ဗဟိုအဆင့်ပြိုင်ပွဲကြီးတွင် တိုင်းဒေသကြီး၏ ဂုဏ်ဆောင်ပါဝင် ယှဉ်ပြိုင်သွားကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးအဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဧည့်ခံတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်မတ်ပဲများကို မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များကဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေရန်ကုန်မြို့ကို ဩဂုတ်လထဲမှာ မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူအားကောင်းလာတာကြောင့် ရန်ကုန်ဈေးကွက်ကလဲ ကောင်းလာတာဖြစ်ပါတယ်။ မတ်ပဲကိုတော့ ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကို အများဆုံးတင်ပို့ရောင်းချတာပါ"ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

ထိုသို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး စက်တင်ဘာ ၅**

မန္တလေး ကားဈေးကွက်တွင် ပွိုင့်သရီးကားလေးများမှ ငွေကျပ်သိန်း ၃၅၀ မှ သိန်း ၈၀၀ ကြား ကားများအရောင်းအဝယ်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၁၉၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၇၀ ခန့် ဈေးပေါက်နေကြောင်း၊ ပွိုင့်သရီး ကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဝှစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာ ဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း၊ လျှပ်စစ်သုံးကားများမှာ ငွေကျပ်သိန်း ၇၀၀ ခန့်မှ သိန်း ၁၃၀၀ ခန့်ဈေးရှိကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၃၀၊ တက္ကစီစလစ် ငွေကျပ် ၁၂၅ သိန်းခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများသာ အရောင်းအဝယ်ပြုလုပ်နေရဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးကွက်အတွင်း အရောင်းအဝယ်အေးသော်လည်း လျှပ်စစ်သုံးဆိုင်ကယ်များကို ဝယ်ယူမှုရှိနေပြီး အနည်းဆုံးငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၇၅ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၇ သိန်း ၅ သောင်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်း ၅ သောင်းမှ ၁၉ သိန်း ၅ သောင်းခန့်ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြန်အောင်မြို့နယ်တွင် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မြန်အောင် စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် မုန်လာဥဖြူများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မြန်အောင်မြို့နယ်မှ ဟင်းသီးဟင်းရွက်အစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်မှ ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ် ကောင်းနေကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိသည့် မုန်လာဥဖြူများ စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ တစ်ရက်လျှင် ပိဿာချိန် ၁၅၀ မှ ၂၀၀ ထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမြန်အောင်မြို့နယ်ကနေ မုန်လာဥဖြူတွေ ထွက်ရှိနေပါတယ်။ မြန်အောင်က ထွက်ရှိလာတဲ့မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းပါတယ်။ အခု ဒေသထွက် မုန်လာဥဖြူတွေ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ စက်တင်ဘာ ၁ ရက်လောက်ကတည်းကစပြီး အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်။ မုန်လာဥဖြူဈေးကလဲ ကောင်းလာပါတယ်။ ဒေသထွက် မုန်လာဥတွေအပါအဝင် ကုန်စိမ်းမျိုးစုံကို အခြားဒေသတွေက ဝယ်ယူမှုအားကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေပဲ အရောင်းအဝယ်လုပ်ရတော့ သယ်ယူရတဲ့ကိစ္စတွေအပါအဝင် အစစ အရာရာ အဆင်ပြေပါတယ်"ဟု မြန်အောင်မြို့နယ်မှ ဟင်းသီးဟင်းရွက်အစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများကို အရောင်းအဝယ်ပြုလုပ်နေရသည့် ကုန်စိမ်းသည်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်လျက်ရှိကြောင်း၊ မုန်လာဥဖြူ ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ မနောသုခ ယိုးဒယားဇာဘော်လီမိသားစုက မိဘများဖြစ်ကြသော ဦးတင်မြင့်-ဒေါ်စိန်မြင့်တို့အားရည်စူး၍ ဆွမ်း/ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျလက်ထောက်ဆရာဝန် ဒေါက်တာ ဦးညွန့်သန်းက လက်ခံရယူစဉ်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ မန္တလေးတိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**မန္တလေး စက်တင်ဘာ ၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ မန္တလေးတိုင်းဒေသကြီးအဆင့်အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံး၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက အဓိကမြော်တွေးကျန်းမာရေး အဖွင့်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ကျောင်းကျန်းမာရေးလုပ်ငန်း၏ အရေးပါပုံနှင့် ကျန်းမာရေး အဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များကို ပိုမိုသိရှိလာစေရန်၊ ကျန်းမာရေးအဆင့်မြင့်ကျောင်းထူထောင်ရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပံ့ပိုးလာစေရန်၊ ကျောင်းသား၊ ကျောင်းသူများမှာ ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အကျင့်ကောင်းများရရှိကျင့်သုံးနိုင်စေရန်နှင့် သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သောကျောင်းပတ်ဝန်းကျင်များပေါ်ထွန်းလာစေရန်၊ ရေရှည်တည်တံ့စေရေးအထောက်အကူရစေရန် ရည်ရွယ်၍ နှစ်စဉ်ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများမှတ်တမ်း Video Clip ပြသမှုကိုကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက တိုင်းဒေသကြီးအဆင့် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများကို ဗီတာမင်အေနှင့် သံဓာတ်အားဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မလှိုင်မြို့နယ် ကျောင်းစုနောက်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရုံးတောကျေးရွာအုပ်စု ကျောင်းစုနောက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၂၂ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းစုနောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို ငွေကျပ် ၂၂ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၂၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၉၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ရုံးပတီ၊ ကန်ကွန်း (see note) 

မုန်ညင်း၊ ရုံးပတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းတွေ စိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေပေးနေတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းဝေးစေရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



# အမုန်းကိုရှောင် အပြုံးကိုဆောင်ကြပါ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား၊မ သို့မဟုတ် မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် သို့မဟုတ် မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး ပြုမူရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် ရမ်းကားမှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့်ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန်ဆောင်ရွက်ကြရမည်။ အမုန်းစကားဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်" ဟု နေ့စဉ်ထုတ်သတင်းစာများတွင် ယခင်ကလှုံ့ဆော်ခဲ့သည်။

အမုန်းစကားကို ရှောင်ကြဉ်ကြပြီး လူမျိုး၊ ဘာသာ၊ ကျား၊ မ၊ အသက်အရွယ်၊ ကြီးငယ်မဟူ ပြုစုမှုကင်း စာနာကြင်နာခြင်းများဖြင့် ဆက်ဆံပေါင်းသင်းကြပါက ငြိမ်းချမ်းခြင်းသန္တိသုခ ကိုယ်စီရရှိခံစားကြရပေလိမ့်မည်။

**"မြန်မာအဘိဓာန်"** တွင် **"မင်္ဂလာကို တိုးတက်ကြီးပွားကြောင်းတရား၊ ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်း"**ဟု ဖွင့်ဆိုထားသည်။

မည်သို့ဖွင့်ဆိုစေကြကာမူ အဓိကအချက်မှာ **"မင်္ဂလာ"**ဟူသောအသံကို နားဝင်ပီယံရှိနေကြသည်။ နားဝင်ပီယံ ရှိနေကြရန်လည်း မင်္ဂလာရှိသည့် အပြုအမူ၊ အပြောအဆို၊ ဟန်မူရာများကို စေတနာမေတ္တာမှန်ကန်စွာဖြင့် လက်တွေ့ကျင့်သုံးသင့်ကြသည်။

အချို့လူများသည် ပါးစပ်က မင်္ဂလာပါဟုပြောနေကြသော်လည်း လက်တွေ့တွင် အမင်္ဂလာများကို ကျူးလွန်နေကြသည်။ လိုတစ်မျိုး၊ မလိုတစ်မျိုး၊ အမုန်းအာဃာတအငြိုးအတေးစကားများကိုပြောဆိုနေကြသည်။ အချို့လူများကတော့ ပျော့ပျောင်းညင်သာစွာ အမှန်သစ္စာတရားကိုသာ မင်္ဂလာရှိစွာပြောဆိုနေကြသည်။

လူ၏သဘောက ကိုယ်သဘောကျနေလျှင် ဘာတွေပဲဖြစ်နေဖြစ်နေ အပြစ်မမြင်တော့ဘဲ နည်းမျိုးစုံဖြင့် ခွင့်လွှတ်နေကြသည်။ ခွင့်လွှတ်ဖို့ကိုပဲ ဘေးလူတွေကို နားချကြသည်။ ကိုယ်ကအမြင်မကြည် သဘောမကျလျှင် မြင်သမျှအပြစ်တွေလို့ပဲ သတ်မှတ်ကြသည်။ ခြွေရံသင်းပင်းရှိသူနှင့်မရှိသူ၊ ဆင်းရဲသူနှင့် ချမ်းသာသူ၊ အာဏာရှိသူနှင့်မရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူနှင့်မရှိသူကွာခြားသွားသည်။ ခြုံပြောရလျှင် လောကဓံတရားလို့ပဲ ယူဆရပေတော့မည်။

ရှေးပညာရှင်ကြီးများသည် အလွန်အမြော်အမြင်ရှိကြသည်။ **"နေကားထွက်ဝင်၊ ပေါ်ချုပ်ထင်၏။ လလျှင် ပြည့်ကွယ်၊ ကြီး၍ငယ်၏။ ထိုနှယ်မလွဲ၊ အမြဲချမ်းသာ၊ မရှိစွာရှင့်၊ အာဏာတံခိုး၊ အမျိုးစည်းစိမ်၊ ဘုန်းဂုဏ်သိန်လည်း၊ ထင်တိမ်ပေါ်ငုပ်၊ ဖြစ်ချုပ်တတ်စွာ၊ ဓမ္မတာတည်း၊ ခေါက်ရှာငှက်ပျံ၊ ခင်ပုတ်ပျံနှင့်၊ ဘုတ်ပျံရှူးပျံ၊ လောကဓံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည်း"** ဟု လောကဓံတရားရှစ်ပါးနှင့်ပတ်သက်၍ သံဝေဂရအောင် **"မဃဒေဝလင်္ကာ"**မှာ ဖွင့်ဆိုထားသည်။

ထို့ပြင် **"ပြောင်းပြန်ရောနှော၊ အယလာဘောနှင့် လာဘောတူကွ။ အယသနှင့် ယသမှတ်ကြ၊ သုခဒုက္ခ၊ နိန္ဒပသံသာ၊ ရှစ်ဖြာလောကဓံ၊ ဆက်ဆံရစ်ငွေ၊ ကြုံလေတွေ့လည်း၊ ခါ၍မခုန်၊ မတုန်မလှုပ်၊ စောင့်ချုပ်မယိမ်း၊ မတိမ်းမပြို၊ ထိုပုဂ္ဂိုလ်၏ နကိုတည်ကြည်၊ စိတ်မြတ်သည်လည်း တမည်မင်္ဂလာ"** ဟု **"မင်္ဂလသုတ်ပျို့"** တွင် လမ်းညွှန်ထားသည်။ ပစ္စည်းဥစ္စာပေါများခြင်း၊ ပစ္စည်းဥစ္စာနည်းပါးခြင်း၊ အခြွေအရံပေါများခြင်း၊ အခြွေအရံနည်းပါးခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ချီးမွမ်းခံရခြင်း၊ ကဲ့ရဲ့ခံရခြင်းဆိုသည့် လောကဓံတရားနှင့်တွေ့ကြုံကြရလျှင် တက်ကြွတုန်လှုပ်မှုများနှင့် ညှိုးငယ်တုန်လှုပ်မှုများဖြစ်ကြလေ့ရှိသည်။ ထိုလောကဓံတရားများကို မတုန်မလှုပ် ချုပ်တည်းစောင့်ထိန်းနိုင်ခြင်းသည် မင်္ဂလာတရားနှင့် ညီပါပေသည်။

**❖ အချို့လူများသည် ပါးစပ်က မင်္ဂလာပါဟုပြောနေကြသော်လည်း လက်တွေ့တွင် အမင်္ဂလာများကို ကျူးလွန်နေကြသည်။ လိုတစ်မျိုး၊ မလိုတစ်မျိုး၊ အမုန်း အာဃာတ အငြိုးအတေးစကားများကို ပြောဆိုနေကြသည်။ အချို့လူများကတော့ ပျော့ပျောင်းညင်သာစွာ အမှန်သစ္စာတရားကိုသာ မင်္ဂလာရှိစွာပြောဆိုနေကြသည်။ လူ၏သဘောက ကိုယ်သဘောကျနေလျှင် ဘာတွေပဲဖြစ်နေဖြစ်နေ အပြစ်မမြင်တော့ဘဲ နည်းမျိုးစုံဖြင့်ခွင့်လွှတ်နေကြသည်။ ❖**

ထို့ကြောင့် **"သုတမဥ္ဇူဆုံးမစာ"** တွင် **"မိမိကံကောင်း၊ ခွင့်ပေးနှောင်း၍၊ မကောင်းတစ်ရံ၊ လောကဓံလျှောက်၊ ဆင်းရဲရောက်လည်း၊ မဖောက်ပြန်ဘဲ၊ တရားမြဲလော့"**ဟု ဆိုဆုံးမထားခဲ့သည်။ လူ့လောကမှာ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ဖို့က အလွန်ပင်ခက်ခဲသည်။ ထို့ကြောင့်လည်း လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေနှင့် အတ္တအကျိုးကို ရှေ့တန်းတင်နေကြ၍ ပြဿနာမျိုးစုံဖြစ်ပေါ်နေကြရသည်။ ကိုယ့်အလိုကျဖြစ်လျှင် ဘာပဲဖြစ်နေဖြစ်နေ **"ချစ်တဲ့အခါ၊ ပျားသကာ"**လို သဘောထားကြသည်။ ကိုယ့်အလိုနှင့်မကိုက်ညီလျှင် အပြစ်ရှာကြသည်။ **"မုန်းတဲ့အခါ ခါးတမာ"**လို သဘောထားကြသည်။ သည်းခံစာနာစိတ်မရှိကြ၍ အဆိုးမြင်ဝါဒနှင့်ပင် ကြည့်နေကြလေ့ရှိသည်။

စကားစပ်မိ၍ ပြောရပါဦးမည်။ ကျွန်တော်နှင့် ဆရာမြင်းမူမောင်နိုင်မိုးတို့ စာပေဟောပြောပွဲများတွင် မကြာခဏတွဲပြီး ဟောပြောခဲ့ဖူးသည်။ သူက အမျိုးသားစာပေဆု(ကဗျာ) ခုနစ်ဆုတောင်ရထားသူပါ။ မနာလို၊ မရှုဆိတ်သူတွေက ဘယ်လိုပဲအပုပ်ချလုပ်ကြံစွပ်စွဲစွပ်စွဲ၊ သူဟာ ကဗျာပါရမီရှင်တစ်ဦးဆိုတာကို ကဗျာဆရာပီသသူတိုင်းက ချီးကျူးနေကြသည်။ ယခုဆိုလျှင် အမျိုးသားစာပေတစ်သက်တာဆုရ အလင်္ကာကျော်စွာဘွဲ့ကိုပင် ချီးမြှင့်ဂုဏ်ပြုထားသည်။ ရုပ်မြင်သံကြားနှင့်ရေဒီယိုတွင် ကဗျာများအကြောင်း ရွတ်ဆိုဟောပြောနေသည်ကို ပြည်တွင်းရော ပြည်ပတွင်ပါ လူအများသဘောကျပြီး ချီးကျူးကြသည်။ ကျွန်တော်နှင့်တွဲပြီးဟောပြောခဲ့သည့်ဟောပြောပွဲများတွင် ကျောင်းသားလူငယ်များအတွက် **"ပျားနဲ့ယင်"** ကဗျာကိုရွတ်ဆိုဟောပြောလေ့ရှိသည်။ ကလေးများကို ပန်းဝတ်မှုန်ကိုစား၊ စည်းလုံးညီညွတ်စွာနှင့် အမြင့်တွင်နေသည့် **"ပျား"** ဖြစ်ချင်သလား၊ ပျားဖြစ်ချင်လျှင် ပျားလိုနေ၊ ပျားလိုကျင့်ပါ။ အပုပ်အစပ်တွေကိုစား၊ အချင်းချင်း သွေးကွဲပြီး အပုပ်အစပ်များကြားမှာနေသည့် **"ယင်"** ဖြစ်ချင်သလား၊ ယင်ဖြစ်ချင်လျှင် ယင်လိုနေ၊ ယင်လိုကျင့်ပါလို့ ထင်သာမြင်သာအောင် ကဗျာစပ်ဆိုဟောပြောခဲ့သည်။

သူဟောပြောခဲ့သည့် နောက်ကဗျာတစ်ပုဒ်ကတော့ လူငယ်၊ လူရွယ်၊ လူကြီးတွေအတွက် **"ချစ်ခြင်းဖြင့်သာရှုမြင်ပါ"** ဆိုသော ကဗျာဖြစ်သည်။ ထိုကဗျာကို သူမရွတ်ဆိုမီ ထိုကဗျာဖြစ်ပေါ်လာအောင် သူဖတ်မှတ်ခဲ့သည့် အကြောင်းအရာကို ရှင်းပြခဲ့သည်။ သူရှင်းပြဟောပြောတာကို ကျွန်တော်ပင်လျှင် အလွတ်နီးပါးရနေပါပြီ။ မဟာဗုဒ္ဓဝင်တတိယတွဲနှင့် စတုတ္ထတွဲကိုဖတ်ရှုရင်းက ဘုရားရှင်လက်ထက်တော်က အဖြစ်အပျက်ကလေးတစ်ခုဖြစ်သည်။ ဖတ်လို့မဝ၊ ရှုလို့မဆုံး၊ နှလုံးစိတ်ဝမ်းချမ်းမြေ့လွန်းလို့ ထိုကဗျာကို စပ်ဆိုသီကုံးခဲ့တာပါတဲ့။

"မြတ်ဗုဒ္ဓဟာ ကိုးဝါပြည့်မြောက် ၁၀ ဝါအရောက်မှာ ကောသမ္ဗီပြည်သူပြည်သားတွေရဲ့ ပင့်ဖိတ်ချက်အရ ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်းတိုက်မှာ ကြွရောက်သီတင်းသုံးနေတော်မူခဲ့တယ်တဲ့။ အဲဒီကျောင်းတိုက်မှာကလဲ ရဟန်းအချင်းချင်း မညီမညွတ်နဲ့ ခိုက်ရန်ဖြစ်ပွားမှုတွေဖြစ်ပေါ်နေခဲ့တယ်တဲ့။ တစ်နေ့မှာ ရဟန်းတစ်ပါးဟာ ကုဋီတက်ရောက်ခဲ့တယ်။ အဲဒီရဟန်းကုဋီကဆင်းသွားတဲ့အခါ ကုဋီထဲက ရေအင်တုံမှာ သန့်သက်ရေ (အရပ်အခေါ် အိမ်သာတက်ပြီး သန့်စင်ဖို့အသုံးပြုတဲ့ရေ) အနည်းငယ်ကျန်ရစ်ခဲ့တယ်။ မကြာမီမှာပဲ နောက်ရဟန်းတစ်ပါးက အဲဒီကုဋီထဲဝင်တဲ့အခါ အင်တုံထဲမှာ ရေအနည်းငယ်ကျန်နေတာကို တွေ့လိုက်ရတော့ ချက်ချင်းပဲ စောစောက ကုဋီထဲက ထွက်သွားတဲ့ ရဟန်းနောက်ကိုလိုက်ပြီး **"အရှင်ရဟန်း၊ အရှင်ရဟန်းဟာ ကုဋီထဲက ရေအင်တုံမှာ သန့်သက်ရေအနည်းငယ် ကျန်ခဲ့ပါတယ်။ ဒါကြောင့် ရှင်ရဟန်းရဲ့အပြုအမူဟာ ဘုရားရှင်ပညတ်တော်မူထားတဲ့ ဘယ်ဝိနည်း၊ ဘယ်သိက္ခာပုဒ်နဲ့မညီညွတ်ပါဘူး။ ရှင်ရဟန်းကတော့ အာပတ်သင့်ပြီ"**လို့ ပြောဆိုလျှောက်ထားခဲ့တယ်။ ဒီတော့ အပြောခံရတဲ့ ရဟန်းကလည်း **"ငါဟာ အဲဒီရေအင်တုံထဲမှာ ကျန်စေလိုတဲ့စေတနာနဲ့ ချန်ထားခဲ့တာမဟုတ်ဘူး။ အမှုမဲ့အမှတ်မဲ့ကြောင့် ကျန်ခဲ့ခြင်းသာဖြစ်လို့ အာပတ်သင့်တယ်လို့ မဆိုနိုင်ဘူး"**လို့ ပြန်ပြောခဲ့တယ်။

"ရဟန်းနှစ်ပါးဟာ အပြန်အလှန်ငြင်းခုံကြရင်းက သူ့အဆောင်၊ ကိုယ့်အဆောင်၊ သူ့အုပ်စု၊ ကိုယ့်အုပ်စု၊ အုပ်စု နှစ်အုပ်စု၊ တစ်ဖက်နဲ့တစ်ဖက် စောင်းမြောင်းပြောဆိုရာက ငြင်းခုံကြ။ ငြင်းခုံကြရင်းက အချင်းများကြ၊ ကာယကံမြောက် ကျူးလွန်ကြတဲ့အဆင့်ထိ ရောက်လာခဲ့ကြတယ်။ ဘုရားရှင်က သိရှိတော်မူတော့ အုပ်စုနှစ်စုကို ရန်မဖြစ်ကြဖို့ တားမြစ်တော်မူခဲ့တယ်။ ရှေးသာဓကတွေ ပုံဆောင်ပြီး ဟောကြားဆုံးမနားချခဲ့တာ ဘယ်လိုမှ ဆုံးမနားချမရတဲ့အခါ ဘုရားရှင်ဟာ ဆိုဆုံးမနားချလို့မရတဲ့ ရဟန်းတွေနဲ့ ဝေးရာကို ကြွချီတော့မယ်လို့ ဆုံးဖြတ်ပြီး အရှေ့အရပ်ဆီကို တစ်ပါးတည်းကြွချီတော်မူခဲ့တယ်။ ဘုရားရှင်တို့က ခေါ်တော်မူခြင်းမပြုရင် ဘယ်သူမှ ဘုရားရှင်ရဲ့နောက်ပါးက လိုက်ပါခွင့်မရှိလို့ ဘယ်သူမှလိုက်ပါခွင့်မရှိဘဲ ဘုရားရှင်တစ်ပါးတည်း ဃောသိတာရုံကျောင်းတိုက်က ထွက်ခွာတော်မူခဲ့တယ်။

"ဘုရားရှင်ဟာ တောအုပ်တစ်အုပ်ထဲရောက်သွားတဲ့အခါ တောအုပ်ထဲမှာ အဖော်မမှီး တစ်ပါးတည်း သီတင်းသုံးနေတဲ့ ဘဂုမထေရ်ကြီးနဲ့ ဆုံတွေ့ခဲ့တယ်။ ဘုရားရှင်ဟာ အဲဒီဘဂုမထေရ်ကြီးရဲ့ကျောင်းသင်္ခမ်းမှာ တစ်ညမျှသီတင်းသုံးပြီး တစ်ပါးတည်းနေထိုင်ခြင်းရဲ့ချမ်းသာမှုကို ချီးကျူးဟောကြားပြီး အရှေ့စူးစူးရှိ ဝါးတောထဲကို ကြွချီတော်မူခဲ့တယ်။ အဲဒီဝါးတောထဲမှာ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလဆိုတဲ့ မထေရ်သုံးပါးနေထိုင်ခဲ့ကြတာတဲ့။ အရှင်အနုရုဒ္ဓါက အကြီးအမှူးတဲ့။ ဘုရားရှင်ကြွချီလာတာကို အဦးဆုံးသိလိုက်သူက အရှင်အနုရုဒ္ဓါတဲ့။ ပထမတော့ အရှင်အနုရုဒ္ဓါဟာ ဘုရားရှင် မိမိတို့တောအုပ်အတွင်း ကြွချီလာတာကို အတိုင်းမသိ ပီတိဖြစ်တော်မူပြီး သွားရောက်ခရီးဦးကြိုပြုမယ်လို့ စိတ်အကြံဖြစ်မိပြီးမှ ဩော် ငါတို့ရဟန်းသုံးပါးဟာ ဒီတောအုပ်အတွင်းမှာ အညီအညွတ်နေထိုင်ကြတာပါလား။ ငါတစ်ဦးတည်း သွားရောက်ကြိုဆိုရင် ဘယ်မှာအညီအညွတ်နေထိုင်ရာ ရောက်တော့မလဲ။ ငါရဲ့သီတင်းသုံးဖော်ရဟန်းနှစ်ပါးကို ခေါ်ချေဦးမှလို့ မြော်မြော်မြင်မြင် တွေးခေါ်ခဲ့တယ်တဲ့။

"သူတော်ကောင်းတို့ရဲ့နှလုံးသားဟာ ဘယ်လောက်များ ဖြူစင်မြင့်မြတ်သလဲ။ အဲဒီအချိန်အခါက သက်ရှိထင်ရှား မြတ်စွာဘုရားဟာ သာသနာ့အကြီးအမှူး၊ သာသနာ့ဥသျှောင်၊ အတုမဲ့အနှိုင်းမဲ့ ဓမ္မရာဇာဖြစ်နေတာပါ။ ဒီတစ်ခါတော့ ဘုရားရှင်ကို ငါအဦးဆုံးကြိုဆိုခွင့်ရပြီ။ ငါအဦးဆုံးချဉ်းကပ်ပူဇော်ခွင့်ရပြီလို့ ရှင်အနုရုဒ္ဓါဟာ မကြံစည်ဘူး။ မတွေးခေါ်ဘူး။ တစ်နည်းအားဖြင့် ကြည်နူးနှစ်သက်ခြင်းပီတိကိုသော်မှ တစ်ပါးတည်းခံစားခြင်းမပြုဘဲ သီတင်းသုံးဖော်များကိုအသိပေးပြီး ကြည်နူးပီတိသန္တိသုခကိုပင် မျှဝေခံစားစေလိုတဲ့ စိတ်ဆန္ဒရှိသူ သူတော်စင်တစ်ပါးဆိုတာ ပေါ်လွင်ထင်ရှားနေတယ်။ "အို... ရဟန်းတို့ ငါတို့ရဲ့ဘုရားရှင် ကြွချီတော်မူလာပြီ။ ငါတို့သုံးပါးစလုံး အညီအညွတ်ကြိုဆိုကြပါစို့"လို့ ပင့်ဖိတ်ခေါ်ယူကြိုဆိုခဲ့ကြတယ်။

"ဘုရားရှင်ထံပါး ရောက်ရှိသွားကြတဲ့ ရဟန်းသုံးပါးအနက် တစ်ပါးက ဘုရားရှင်ပွေ့ယူလာတဲ့ သပိတ်တော်၊ တစ်ပါးက ဘုရားရှင်ရဲ့ ပခုံးတော်ပေါ်မှာ တင်လာတဲ့ သင်္ကန်းတော်ကို အသီးသီးရိုသေစွာ ဆောင်ယူခဲ့ကြတယ်။ ကျန်တစ်ပါးက ဘုရားရှင်ခြေဆေးတော်မူဖို့ ရေအိုးထဲကရေကို ရေမှုတ်နဲ့ခပ်ယူပြီး ခြေတော်ကိုလောင်းပြီး ဆေးကြောပေးပါတယ်။ အဲဒီနောက် ဘုရားရှင်ကိုမြင့်မြတ်တဲ့နေရာမှာ ထိုင်တော်မူဖို့ ပြင်ဆင်နေရာချပေးပြီး ဘုရားရှင်ရဲ့ ခြေတော်ရင်း သင့်တင့်လျှောက်ပတ်တဲ့နေရာမှာ ကျုံ့ကျုံ့ကလေးလက်အုပ်ချီကာ ဘုရားရှင်ရဲ့ မိန့်ကြားသံကို နာခံနေခဲ့ကြတယ်။ ဘုရားရှင်က

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၈၈၀၈၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၈၈၀၈၃ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝါးခယ်မမြို့နယ်၌ မိုးစပါး ၂၁၃၂၁၆ ကေကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၁၈၈၀၈၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးရန် ကျန်သည့် မိုးစပါးများကို ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ် မိုးစပါးကေ နှစ်သိန်းကျော်ထိ လျာထား စိုက်ပျိုးနေပါတယ်။ လက်ရှိ မိုးစပါးကေ တစ်သိန်း ရှစ်သောင်းကျော်အထိစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။မိုးစပါးတွေစိုက်ပျိုးဖို့အတွက် စပါးတွေစတင်မစိုက်မီကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေစိုက်ပျိုးတဲ့ မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေသြဇာတွေကိုလဲပံ့ပိုးပေးဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်စီစဉ်ပေးနေပါတယ်။ ဓာတ်မြေသြဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးစပါးများ စိုက်ပျိုးရာတွင် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11၊ GW-1 စသည့်စပါးအမျိုးအစားများကို အဓိကထား စိုက်ပျိုးနေကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

## ပညာသည် မြတ်ရွှေအိုး

\- ပညာသည် မြတ်ရွှေအိုး
ဘယ်လူမျိုး မခိုးနိုင်၊
လောကဝယ် မြတ်လူသား
အားထားမဏ္ဍိုင်၊
ပညာဂုဏ်သတင်း မွှေးပျံ့ကြိုင်
မြေပမာခိုင် တည်တံ့မြဲ၊
ပညာကို အဖော်ပြု
ထုဆစ်အောင်ပွဲ။

\- အမှားအမှန် ဒွန်တွဲရင်ဖြင့်
ခွဲကြည့်ဖို့ မြတ်ပညာ၊
လူသားတွေ အားလုံးအတွက်
လိုအပ်လျက်ပါ၊
မဂ္ဂဇင်း ဝတ္ထု စကားပြေကဗျာ
ဖတ်ကြည့်လာ ပညာရ၊
ပညာသည် အမှန်အမှား
ထင်ရှားစွာပြ။

\- ပညာရအောင် ကြိုးစားကြ
နေ့ရယ်ည လေ့လာသင်၊
လောကီရယ် လောကုတ်
အားထုတ်ရာတွင်၊
ပညာကြောင့် ပြုံးပျော်ရွှင်
အမုန်းကင်းစင် ရင်ဝယ်အေး၊
ပညာသည် ရတနာအစစ်မို့
ချစ်ထိုက်ဖွယ်လေး။ ။

**ချစ်သက်(မြန်မာစာ)**

➤ စာမျက်နှာ ၄ မှအဆက်

ကောသမ္ဗီပြည်သား ရဟန်းများရဲ့အချင်းချင်းရန်သတ္တရုပြုကြ၊ အော်ကြဟစ်ကြ၊ မောင်းမဲပြစ်တင်ကြတဲ့အမူအရာတွေနဲ့ ဒီရဟန်းသုံးပါးရဲ့အမူအရာတွေဟာ မိုးနဲ့မြေ၊ ရေနဲ့မီးလို ကွာခြားလွန်းလှပါလား။ ရဟန်းသုံးပါးရဲ့ ညီညွတ်မှု၊ စည်းကမ်းသေဝပ်မှု၊ အထက်အကြီးအကဲအပေါ် ရိုသေလေးစားမှုတွေနဲ့ ပြည့်စုံမှုအသွင်သဏ္ဍာန်ကို ရှုမြင်ရတဲ့အခါမှာ သန္တိပီတိဖြစ်ပေါ်သွားပြီး ရဟန်းသုံးပါးကို မေးမြန်းတော်မူခဲ့တယ်။

"ရှင်ရဟန်းတို့ သင်တို့သုံးပါးဟာ အဘယ်ကဲ့သို့ ကျင့်ကြံပွားများတဲ့နည်းလမ်းနဲ့အခုလို အညီအညွတ်နေထိုင်ကြပါသလဲ"လို့ ဘုရားရှင်ရဲ့အမေးကို ရဟန်းသုံးပါးကလည်း တစ်ပြိုင်တည်းလိုလို **"အရှင်ဘုရား၊ တပည့်တော်တို့သုံးပါးဟာ တစ်ဦးကိုတစ်ဦး ချစ်သောမျက်စိဖြင့်သာ ကြည့်ကြပါသည်ဘုရား"**လို့ အညီအညွတ်ဖြေကြားခဲ့ကြတယ်။ ဒီထက်ကောင်းတဲ့အဖြေ၊ ဒီထက်ကောင်းတဲ့စကားလုံး၊ ဒီထက်ကောင်းတဲ့ အသုံးအနှုန်း၊ ဘယ်မှာများရှိနိုင်ပါ့မလဲ။ ဟုတ်တာပေါ့။ တစ်ဦးကိုတစ်ဦး ချစ်တဲ့မျက်စိနဲ့သာကြည့်နေကြမှတော့ အချစ်တွေပဲဝင်နေကြမှာပေါ့။ ဘယ်မှာအပြစ်တွေကို မြင်ပါတော့မလဲ။ သြော် ဒါကြောင့်လည်း အညီအညွတ်နေထိုင်နိုင်ကြတာပါပဲလေ။

ဒီတော့ ဘုရားရှင်က ရဟန်းသုံးပါးကိုဆက်လက်ပြီး မေးမြန်းတော်မူခဲ့ပြန်တယ်။ "ရှင်ရဟန်းတို့ ဘယ်လိုပုံစံမျိုးနဲ့ ဘယ်လောက်အထိ အညီအညွတ်သင့်တင့်မျှတစွာ နေထိုင်ပါသလဲ"လို့ မေးမြန်းတော်မူတဲ့အခါ "အရှင်ဘုရား နို့နဲ့ရေကို ရောစပ်ပြီးတဲ့အခါ နို့ချည်းသတ်သတ်၊ ရေချည်းသတ်သတ်၊ ပြန်လည်ပြီးခွဲယူလို့မရတော့တဲ့ပုံပမာ၊ တပည့်တော်တို့ သုံးပါးဟာလည်း အတူပေါင်းစည်းနေထိုင်ပြီးသကာလ၊ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတည်းဟူသော မေတ္တာသုံးပါးနဲ့လွှမ်းခြုံပြီး ကိုယ်သာကွဲပြား၊ စိတ်မခြားဘဲ သုံးပါးအလိုမမောက်မိုဘဲ သုံးကိုယ်တစ်စိတ်နေထိုင်ကြပါတယ် ဘုရား"လို့ ပြန်လည်ဖြေကြားခဲ့ကြတယ်။

"သြော် ဟုတ်ပေသားပဲ။ လောကကြီးမှာ လုပ်ဖော်ကိုင်ဖက်၊ ရဲဘော်ရဲဘက်ချင်း၊ မိတ်ဆွေ သူငယ်ချင်းအချင်းချင်း အတူတကွနေထိုင်ကြတဲ့အခိုက်မှာ ချစ်တဲ့အကြည့်၊ ချစ်တဲ့မျက်စိနဲ့သာ ကြည့်တတ်ကြဖို့ အမှန်တကယ်လိုအပ်လှပါလား။ ဒါမှသာ လောကကို အလှဆင်နိုင်မှာပါလား။ တစ်ဦးကိုတစ်ဦး ဂုဏ်တုဂုဏ်ပြိုင် အနိုင်ရလိုမှု၊ အာဃာတထားရန်လိုမှု၊ မယုံသင်္ကာစိတ်ပွားများမှု၊ ကိုယ့်ထက်သာ မနာလိုမှု၊ ကိုယ်လုပ်တာမှ အကောင်းထင်မှု၊ လင်းတလောက်တော့ ငှက်တိုင်းလှပါတယ်ဆိုတဲ့ အကောင်းမမြင်၊ အဆင်ခြင်ကင်းမဲ့မှုတွေ ဖုံးလွှမ်းနေတဲ့ မျက်စိနဲ့ကြည့်ရှုကြမယ်ဆိုရင်တော့ လောကကြီးဟာ အလှတရားတွေ ပျောက်ကွယ်လျော့နည်းသွားမှာပါလား စသဖြင့် တွေးတောနေမိပါတယ်တဲ့။

"တပည့်တော်တို့ သုံးပါးဟာ တစ်ပါးကိုတစ်ပါး၊ အင်မတန်ရတောင့်ရခဲ ဓမ္မမိတ်ဆွေတွေလို့ သဘောထား ကြပါတယ်ဘုရား။ ကိစ္စရပ်တိုင်းမှာ သူ့ကိစ္စကိုယ့်ကိစ္စမခွဲခြားဘဲ ဦးသူက အလျင်ပြုမှုဆောင်ရွက်ပေးကြပါတယ်ဘုရား"လို့ ရဟန်းသုံးပါးရဲ့လျှောက်တင်ချက်ကို ကြည်ညိုသဒ္ဓါဖြစ်လွန်းတဲ့စိတ်နဲ့ **"လောကကိုလျှင် လှစေချင်က ငြိမ်ငြင်မာန်တင်း၊ ငြူစူကင်းသည့် ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ"**ဆိုတဲ့ကဗျာကို နှလုံးသားခံစားချက်နဲ့ ခြယ်မှုန်းသီကုံးခဲ့တာပါလို့ ရှင်းလင်းပြောကြားပြီး အဲဒီကဗျာကို ရွတ်ဆိုပြသွားခဲ့သည်။

ထိုကဗျာကို ဖော်ပြမျှဝေပေးလိုပါသည်-

**ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ**

\- **အခါတစ်ပါး ၊ မြတ်ဘုရားသည် ၊ သုံးပါးသံဃာ ၊ ညီညွတ်စွာဖြင့်၊**
**သာယာချမ်းမြေ့၊ တောမီွမွှေ့သည့် အရှေ့ဝါးတော၊ ပြည်ကောသမ္ဗီ ၊ အနီးဆီသို့ ၊ ကြွချီတော်မူခဲ့သည်တကား။**

\- **"အို...ချစ်သားတို့၊ ဘယ်သို့စိတ်ထား၊ ကျင့်ကြံပွားလျက်၊ သုံးပါးညီထွေနေထိုင်ပေဟု"** **မိန့်ခွန်ဗုဒ္ဓ၊ မေးသမျှကို၊ ဖြေကြသည်မှာ ဤသို့တကား။**

\- **"အရှင်ဘုရား...၊ ဘုရားတပည့်တော် ၊ သုံးဖော်သံဃာ၊ နေပါသည်ကား၊ တစ်ပါးကိုလျှင်၊ တစ်ပါးမြင်သော်၊ ချစ်သောအကြည့်၊ ထိုမျက်စိဖြင့်၊ ကြည့်ကြပါသည်အရှင်ဘုရား"**

\- **"ထို့ပြင် နှိုင်းချိပြုဖွယ်ရှိသော်၊ မိမိကိစ္စသူ့ကိစ္စဟု၊ ကိစ္စပိုင်းခြားခြင်းမပွားဘဲ၊ သုံးပါးညီစွာ၊ နေထိုင်ပါသည်၊ ပမာနို့နှင့်ရေပါဘုရား"**

\- **"ထို့ပြင်စိတ်တွင်း၊ နှလုံးသွင်း၍၊ သီတင်းသုံးဖော်၊ ငါတို့သော်ကား၊ သင့်လျော်တူကွ၊ နေပေရသည်၊ အရတော်စွာ၊ မိတ်ရင်းချာဟု၊ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ၊ ထာဝရတည်ဆောက်၊ ကြံသက်ရောက်သည်၊ မျက်မှောက်မျက်ကွယ်ပါဘုရား"**

\- **"ထို့နောက်တွင်ကား ၊ ဤသုံးပါးတွင်၊ တစ်ပါးချင်းက၊ ကိုယ့်ဆန္ဒ၌၊ လုံးဝမလိုက်၊ နှစ်ပါးကြိုက်ကို လိုက်လျောကြသည်သာ ၊ ဖြည့်စွမ်းပါ၏၊ ကိုယ်သာကွဲပြား၊ စိတ်မခြားဘဲ၊ သုံးပါးအလို၊ မမောက်မိုသည်၊ သုံးကိုယ်တစ်စိတ်ပါ အရှင်ဘုရား"**

\- **သြော် အရှင် အနုရုဒ္ဓါမထေရ်၊ အရှင်နန္ဒိယမထေရ်၊ အရှင်ကိမိလမထေရ်၊ မထေရ်သုံးပါး၊ မြတ်ဘုရားကို၊ ပန်ကြားလျှောက်တင်၊ စကားစဉ်၌၊ နားဝင်ချိုလှစ်၊ အမြင်သစ်ခဲ့၊ ချစ်ခြင်းအပြည့်၊ ထိုမျက်စိဖြင့်၊ ရှုကြည့်လေက၊ မြင်တိုင်းလှလိမ့်၊ လောဘ ဒေါသ၊ အာဃာတနှင့် မာနမျက်စိ၊ ရှိတုံဘိက၊ ကြည့်တိုင်းမလှ၊ ဖြတ်တတ်စွတည့်၊ လောကကိုလျှင်၊ လှစေချင်က၊ ငြိမ်ငြင်မာန်တင်း၊ ငြူစူကင်းလျက်၊ "ချစ်ခြင်းဖြင့်သာ၊ ရှုမြင်ပါ" ဟု၊ ကဗျာတစ်ပုဒ်၊ ရင်မှထုတ်၍၊ ကျွန်ုပ် လက်ဆောင်ပေးချင်၏။ ။**

အလွန်ကောင်းပြီး အနှစ်သာရရှိသောကဗျာဖြစ်သည်။ ဗုဒ္ဓဝင်လာကို စပ်ဆိုထား၍ ဂန္ထဝင်ကဗျာပင်ဖြစ်သည်။ လူ့လောက အသင်းအဖွဲ့၊ အစိုးရ၊ ပုဂ္ဂလိကအားလုံးသည် တစ်ဦးနှင့်တစ်ဦး၊ တစ်သင်းနှင့်တစ်သင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချစ်စိတ်အရင်းခံဖြင့်သာ ရှုမြင်ကြမည်ဆိုပါက လောကကြီးသည် ငြိမ်းချမ်းသာယာလှပနေမှာ သေချာလှပါသည်။

**"ချစ်စကို ရှည်ပါစေ၊ မုန်းစကိုတိုပါစေ"**

# SCIENCE AND TECHNOLOGY

## Polaris Dawn ပုဂ္ဂလိကအာကာသခရီးစဉ်ကို စက်တင်ဘာ ၇ ရက်တွင် လွှတ်တင်ရန် Space-X ကုမ္ပဏီ စီစဉ်ထား



**ဝါရှင်တန် စက်တင်ဘာ ၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် Polaris Dawn အမည်ရှိ ပုဂ္ဂလိက အာကာသခရီးစဉ်ကို စက်တင်ဘာ ၇ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

Polaris Dawn မစ်ရှင်အရ Space-X အာကာသနည်းပညာ ကုမ္ပဏီသည် ပုဂ္ဂလိက အာကာသ ခရီးသည်လေးဦး လိုက်ပါမည့် Crew Dragon အာကာသ လူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် မူလက Polaris Dawn မစ်ရှင်ကို ပြီးခဲ့သည့် သီတင်းပတ်အတွင်း လွှတ်တင်ရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့ရသည်။

လွှတ်တင်ပြီးချိန်တွင် Crew Dragon အာကာသလူသယ်ယာဉ်သည် ပုဂ္ဂလိက အာကာသခရီးသည် လေးဦးကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၈၇၀ အကွာရှိ ပတ်လမ်းနေရာထိ ပို့ဆောင်ပေးမည်ဖြစ်သည်။

Polaris Dawn မစ်ရှင်အတွင်း အာကာသယာဉ် ပြင်ပထွက်ခွာမှုကို ပုဂ္ဂလိက အာကာသခရီးသည်များအနေဖြင့် ပထမဆုံးအကြိမ် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီ၏ အဆိုအရ Polaris Dawn မစ်ရှင်အတွင်း ပုဂ္ဂလိကအာကာသခရီးသည်များ ရောက်ရှိမည့်ပတ်လမ်းနေရာသည် အပိုလို မစ်ရှင်များနောက်ပိုင်း လူသားများရောက်ရှိမည့် ကမ္ဘာနှင့် အဝေးဆုံးနေရာဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## Ozempic နှင့် Wegovy ဆေးသုံးစွဲမှုက စိတ်ကျရောဂါဝင်နိုင်ခြေ မြင့်တက်လာမှုမရှိ

**နယူးယောက် စက်တင်ဘာ ၅**

Ozempic နှင့် Wegovy ကဲ့သို့ ကိုယ်အလေးချိန်လျှော့ချရေးဆေးများသုံးစွဲမှုသည် စိတ်ကျရောဂါဝင်ရောက်နိုင်ခြေ ပုံမှန်ထက် မြင့်တက်လာမှုမရှိကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မူလက စိတ်ကျန်းမာရေးပြဿနာမရှိခဲ့သူများ၌ Ozempic နှင့် Wegovy ဆေးများ သုံးစွဲမှုကြောင့် စိတ်ကျရောဂါဝင်ရောက်နိုင်ခြေ ပုံမှန်ထက် ပို၍မြင့်မားမှုမရှိကြောင်း သိရသည်။

Ozempic နှင့် Wegovy ဆေးများကို အလွန်တရာ လူသုံးများလာချိန်တွင် စိတ်ကျန်းမာရေးပြဿနာများအပါအဝင် ၎င်းဆေးများ၏ ရှိလာနိုင်ဖွယ် ဘေးထွက်ဆိုးကျိုးများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများလည်း မြင့်တက်လာခဲ့ရကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ Ozempic နှင့် Wegovy ဆေးများ သုံးစွဲမှုသည် စိတ်ကျရောဂါဝင်နိုင်ခြေ မြင့်မားမှုနှင့်ဆက်စပ်မှုမရှိသည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၃၅၀၀ ကျော်ပါဝင်သည့် လေ့လာချက်ပေါင်း လေးခုတို့မှ အချက်အလက်များကို ပြန်လည်စိစစ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

NOVO Nordisk ကုမ္ပဏီက ထုတ်လုပ်ထားသည့် Ozempic နှင့် Wegovy ဆေးသည် အဝလွန်သူများနှင့် ဆီးချိုရောဂါလူနာများ အသုံးများသည့်ဆေးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အရွယ်အစားအားဖြင့် အချင်းတစ်မီတာရှိ ဂြိုဟ်သိမ်ငယ်တစ်စင်း ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်လာခဲ့ပြီး လောင်ကျွမ်းပြိုကွဲသွား

**ပဲရစ် စက်တင်ဘာ ၅**

အရွယ်အစားအားဖြင့် အချင်းတစ်မီတာရှိ ဂြိုဟ်သိမ်ငယ်တစ်စင်းသည် စက်တင်ဘာ ၄ ရက်က ကမ္ဘာ့ လေထုလွှာအတွင်း ဝင်ရောက်လာခဲ့ပြီး လောင်ကျွမ်းပြိုကွဲသွားကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များ၏ အဆိုအရ အဆိုပါဂြိုဟ်သိမ်သည် ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်းအနောက် ပစိဖိတ်သမုဒ္ဒရာအထက် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သိမ်သည် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်နေချိန်မှာပင် လောင်ကျွမ်းပြိုကွဲခဲ့ပြီး ကမ္ဘာမြေပေါ်သို့ အထိအခိုက် အပျက်အစီး မရှိခဲ့ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

2024 RW1ဟု၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်သိမ်ကို စက်တင်ဘာ ၄ ရက်မှာပင် ဥရောပ




အာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

2024 RW1 ဂြိုဟ်သိမ်သည် ကမ္ဘာ့လေထုလွှာအတွင်း မဝင်ရောက်မီမှာပင် ထောက်လှမ်းတွေ့ရှိခဲ့ရသော ကိုးစင်မြောက် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

2024 RW1 ဂြိုဟ်သိမ် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်စဉ် ပေါ်ထွက်လာသည့် မီးလုံးကြီးကို ဖိလစ်ပိုင်နိုင်ငံအရှေ့ဘက် ကမ်းရိုးတန်းမှပြည်သူများ တွေ့မြင်ခဲ့ကြရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## မိုဘိုင်းဖုန်းသုံးစွဲမှုကြောင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**ပေကျင်း စက်တင်ဘာ ၅**

မိုဘိုင်းဖုန်းများ သုံးစွဲမှုကြောင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

အထူးသဖြင့် လက်ရှိဆေးလိပ်သောက်သုံးနေသူများနှင့် ဆီးချိုရောဂါလူနာများတွင် မိုဘိုင်းဖုန်းသုံးစွဲမှုကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း တရုတ်နိုင်ငံ ကွမ်ကျိုးတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

မိုဘိုင်းဖုန်းများမှ ထွက်ပေါ်လာသည့် ရေဒီယိုလှိုင်းကြိမ်နှုန်းရှိ လျှပ်စစ်သံလိုက် စက်ကွင်းများသည် နှလုံးနှင့်သွေးကြောများကဲ့သို့ ရှုပ်ထွေးသည့်လုပ်ငန်းလည်ပတ်မှုစနစ်များ ပျက်ပြားသွားနိုင်ကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၄၄၄၀၂၇ ဦးတို့၏ နှလုံးရောဂါနောက်ကြောင်း အချက်အလက်များနှင့် မိုဘိုင်းဖုန်းသုံးစွဲမှုပုံစံများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မိုဘိုင်းဖုန်း သုံးစွဲမှုကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်ပွားနိုင်ခြေမှာ ပုံမှန်ထက်မြင့်မားလာတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၁ စင်း လွှတ်တင်ရန် စီစဉ်ထား

**ဝါရှင်တန် စက်တင်ဘာ ၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၁ စင်းကို စက်တင်ဘာ ၆ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် အဆိုပါဂြိုဟ်တုများကို မူလက ယနေ့တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် စက်တင်ဘာ ၆ ရက်မှသာ လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။


အဆိုပါစတားလင့်ခ်ဂြိုဟ်တုများကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် Space-X ကုမ္ပဏီက စီစဉ်ထားသည်။

စက်တင်ဘာ ၆ ရက် မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် သီတင်းတစ်ပတ်အတွင်း တတိယမြောက်မစ်ရှင်ဖြစ်သည်။

Space-X ကုမ္ပဏီသည်ဩဂုတ် ၃၁ ရက်တွင် စတားလင့်ခ်ဂြိုဟ်တုအုပ်စု နှစ်ခုကို တစ်ခုနှင့်တစ်ခု တစ်နာရီကျော်ခွာ၍ ဖယ်လ်ကွန်-၉ ဒုံးပျံများဖြင့် လွှတ်တင်ထားကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ၎င်းတည်ဆောက်နေသော စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု ၆၈၀၀ ခန့်လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# မာဆေးကွင်းလယ်ကစားသမား ဗယ်ရီတောက် လိုင်ယွန်အသင်းသို့ အပြီးသတ်ပြောင်းရွှေ့

ပဲရစ် စက်တင်ဘာ ၅

လိုင်ယွန်အသင်းသည် မာဆေးအသင်းမှ ကွင်းလယ်ကစားသမား ဗယ်ရီတောက်ကို ပြောင်းရွှေ့ကြေး ယူရိုလေးသန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ်ထိ နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဥရောပနွေရာသီ အပြောင်းအရွှေ့ကာလ ပိတ်သိမ်းသွားသော်လည်း လိုင်ယွန်အသင်းက ဗယ်ရီတောက်ကို ပြင်သစ်လီဂူး စည်းမျဉ်းအရ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ကနဦးပြောင်းရွှေ့ကြေး ယူရိုလေးသန်းပေးခဲ့ရကာ ကစားသမား၏ စွမ်းဆောင်ရည်ပေါ်မူတည်၍ ယူရိုသုံးသန်း ထပ်မံပေးချေရမည်ဖြစ်ပြီး ကစားသမားအနေဖြင့် လိုင်ယွန်အသင်းမှ ထွက်ခွာသွားပါက မာဆေးအသင်းက ၂၅ ရာခိုင်နှုန်း အကျိုးခံစားခွင့်ရှိမည့် သဘောတူညီချက်လည်းပါဝင်ခဲ့သည်။

အသက် ၃၁ နှစ်ရှိ ကွင်းလယ်ကစားသမားသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို နန့်တက်အသင်းနှင့် စတင်ခဲ့သူဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အေဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း ပုံစံကောင်းပြသရန် ရုန်းကန်ခဲ့ရသဖြင့် ၂၀၁၇ ခုနှစ်တွင် ဖီအိုရင်တီးနားအသင်းသို့လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ရိုးမားအသင်းသို့လည်းကောင်း ပြောင်းရွှေ့ကစားခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် မာဆေးအသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ပြိုင်ပွဲစုံ ၉၄ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

သို့သော် ဗယ်ရီတောက်သည် နည်းပြဒီဇာဘီ ရောက်ရှိလာချိန်တွင် နည်းပြသစ်၏စီမံကိန်းတွင် ပါဝင်ခဲ့ခြင်းမရှိသဖြင့် ပွဲကစားခွင့် ပျောက်ဆုံးခဲ့ပြီးနောက် လိုင်ယွန်အသင်းက ကမ်းလှမ်းလာချိန်တွင် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

လိုင်ယွန်အသင်းသည် ရာသီအစ အဖွင့်ပွဲစဉ်နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်တွင် စထရာဘော့အသင်းကိုသာ အနိုင်ရခဲ့သောကြောင့် အသင်းလိုအပ်ချက်အတွက် ဗယ်ရီတောက်ကို ထပ်မံခေါ်ယူခဲ့ကာ နိုင်ငံတကာပြိုင်ပွဲ ကာလအပြီး ကစားရမည့် လန်းအသင်းနှင့် ပွဲစဉ်တွင် ထည့်သွင်းအသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

Ref : GFFN

Trs : ML



## အားကစားသတင်းအတိုအထွာများ

- လီဗာပူးအသင်းက ချဲလ်ဆီးအသင်းမှ အသက် ၁၆ နှစ်ရှိ လူငယ်တောင်ပံကစားသမား နူမိုဟာကို အပြီးသတ်ခေါ်ယူခဲ့ပြီး ယူ-၁၈ အသင်းတွင် ထည့်သွင်းခဲ့ကြောင်း သိရသည်။
- ဂါလာတာစာရေးအသင်းက မန်ယူအသင်း ကွင်းလယ်ကစားသမား ကက်စမဲရိုးကိုခေါ်ယူရန်မအောင်မြင်ခဲ့သောကြောင့် ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲခဲ့သည့် ကွင်းလယ်ကစားသမား ရာဘီယို့စ်ကို ထပ်မံခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ဝက်စ်ဟမ်းအသင်းက ခံစစ်ပိုင်းလိုအပ်ချက်အတွက် လီဗာပူးအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာသွားသည့် မာတစ်ကိုခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- မန်ယူအသင်းနှင့် စပါးအသင်းတို့က လိုင်လီအသင်း ကွင်းလယ်ကစားသမားဟောင်း ရာဇီစီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။

ML

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား




ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီခွဲမှ စတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲကို လိဂ်(၁) ကလပ်အသင်း ကိုးသင်း၊ လိဂ်(၂) ကလပ်အသင်း ကိုးသင်း၊ မန္တလာလိဂ်မှ ကလပ်အသင်းနှစ်သင်း၊ ၂၀၂၄ အပျော်တမ်းပြိုင်ပွဲမှ ကလပ်အသင်း ၁၂ သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် Pyae Sone FC အသင်းနှင့် TG United အသင်းတို့ကစားခဲ့ရာ Pyae Sone FC အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့်အတွက် Pyae Sone FC အသင်းသည် AYA Pay Futsal Championship 2024 ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ကလပ်အသင်းများ၌ ပထမဆုံးဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့သည့် အသင်းဖြစ်လာခဲ့သည်။

အလားတူ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် Winner Soccer အသင်းနှင့် MH Dream Team အသင်းတို့ ကစားခဲ့ရာ Winner Soccer အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် VUC FC အသင်းနှင့် Futsal 19 FC အသင်းတို့ ကစားခဲ့ရာ VUC FC အသင်းက ခြောက်ဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် Seven FC အသင်းနှင့် MIU FC အသင်းတို့ ကစားခဲ့ရာ MIU FC အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ အသီးသီး တက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။

STA

# အေဗီလာအသင်း၏ ချန်ပီယံလိဂ် လက်မှတ်ဈေးနှုန်းမြင့်မားမှုကို ပရိသတ်များဝေဖန်

လန်ဒန် စက်တင်ဘာ ၅

အေဗီလာအသင်းသည် ယခုနှစ်ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နှစ်ပေါင်း ၄၂ နှစ်ကြာမှပြန်လည်ဝင်ရောက်ခွင့် ရခဲ့သော်လည်း လက်မှတ်ဈေးနှုန်း မြင့်မားနေမှုကြောင့် အသင်းပရိသတ်များ၏ ဝေဖန်မှုများဖြင့် ရင်ဆိုင်နေရသည်။

အေဗီလာအသင်းက သတ်မှတ်ထားသည့် ချန်ပီယံလိဂ် လက်မှတ်နှုန်းထားတွင် တစ်ရာသီလက်မှတ် ဝယ်ယူထားခြင်း မရှိသည့် ပရိသတ်များအတွက် အနိမ့်ဆုံး လက်မှတ်ဈေးနှုန်း စတာလင်ပေါင် ၈၅ ပေါင်မှ ၉၇ ပေါင်ထိရှိနေပြီး တစ်ရာသီစာ လက်မှတ်ဝယ်ထားသည့် ပရိသတ်များမှာ အနိမ့်ဆုံး ပေါင် ၇၀ မှ ၈၂ ပေါင်ထိ ရှိနေသောကြောင့် အဆိုပါဈေးနှုန်းမှာ ပွဲကစားချိန် တစ်မိနစ်လျှင် စတာလင်ပေါင် တစ်ပေါင်ကျော်ရှိနေသည့်အတွက် အသင်းပရိသတ်များ၏ဝေဖန်မှုနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

အေဗီလာအသင်း အားပေးသူများအဖွဲ့(AVST)သည် ပြီးခဲ့သည့် ဘောလုံးရာသီပိတ်သိမ်းချိန်က အသင်းတာဝန်ရှိသူများနှင့် ချန်ပီယံလိဂ် လက်မှတ်ဈေးနှုန်းများ တိုးမြှင့်ခြင်းမပြုရန် ဆွေးနွေးခဲ့ရာ အနိမ့်ဆုံး ၄၈ ပေါင်နှင့် ပေါင် ၈၀ ကြားသာ ရောင်းချမည်ဖြစ်ကြောင်း သိရသော်လည်း ယခုအခါ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့သည့် အိမ်ကွင်းပွဲစဉ်တွင် ပရိသတ်များ၏ လုပ်ရပ်ကြောင့် ပွဲချိန် မိနစ် ၃၀ ခန့် ကြန့်ကြာခဲ့သဖြင့် အသင်းတာဝန်ရှိသူများက လာမည့် ချန်ပီယံလိဂ်ပြိုင်ပွဲ အိမ်ကွင်း လက်မှတ်ဈေးနှုန်းများကို မြှင့်တင်ခဲ့ကြောင်း သိရသည်။

အေဗီလာ အသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၃ ရက်တွင် ဘိုင်ယန်မြူးနစ်အသင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ဘိုလော့ဂ်နာအသင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ဂျူဗင်တပ်အသင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် ဆဲလ်တစ်အသင်းတို့နှင့် အိမ်ကွင်းတွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Daily mail

Trs : ML

# ၂၀၂၄ ခုနှစ် ဘော်လွန်းဒီအော်ဆုအတွက်ထုတ်ပြန်သည့် ကစားသမားစာရင်းတွင် မက်ဆီနှင့် စီရော်နယ်ဒိုတို့ ပထမဆုံးအကြိမ်လွဲချော်

ပဲရစ် စက်တင်ဘာ ၅

၂၀၂၄ ခုနှစ်အတွက် ပေးအပ်မည့် ဘော်လွန်းဒီအော်ဆုအတွက် ပဏာမ ကစားသမားစာရင်း ထုတ်ပြန်ခဲ့ရာ တိုက်စစ်မှူး မက်ဆီနှင့် တိုက်စစ်မှူး စီရော်နယ်ဒိုတို့ ပါဝင်ခဲ့ခြင်းမရှိဘဲ နှစ်ပေါင်း ၂၃ နှစ်အတွင်း ပထမဆုံးအကြိမ် ကစားသမားစာရင်းမှ လွဲချော်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုပေးပွဲတွင် တိုက်စစ်မှူး မက်ဆီနှင့် စီရော်နယ်ဒိုတို့သည် ၂၀၀၃ ခုနှစ်မှ စတင်ပါဝင်ခဲ့ပြီး တိုက်စစ်မှူးမက်ဆီက ရှစ်ကြိမ်နှင့် စီရော်နယ်ဒိုက ငါးကြိမ်ထိ ရယူ၍ ဘော်လွန်းဒီအော်ဆု သမိုင်းတွင် အများဆုံးရရှိထားသည့် ကစားသမားများဖြစ်ကာ ကမ္ဘာ့ဘောလုံးလောကကို ဆယ်စုနှစ် နှစ်ခုအကြာ လွှမ်းမိုးနိုင်ခဲ့ပြီးနောက် ယခုနှစ်တွင် ထုတ်ပြန်သည့် ပဏာမ ကစားသမားစာရင်း ဦးရေ ၃၀ တွင် အဆိုပါ ကစားသမားနှစ်ဦး ပါဝင်လာခဲ့ခြင်း မရှိကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့သည့် ပဏာမ ကစားသမားစာရင်းတွင် တိုက်စစ်မှူး ဗင်နီစီးယက်စ်၊ ကွင်းလယ်ကစားသမား ရိုဒရီ၊ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်၊ တိုက်စစ်မှူး အမ်ဘက်ပီ၊ တိုက်စစ်မှူး ဟာလန်း၊ တိုက်စစ်မှူး ဟယ်ရီကိန်းတို့က အကောင်းဆုံးဆုရရှိမည့်စာရင်းတွင် ရေပန်းစားနေသည်။

၎င်းတို့နောက်တွင် ရူဘင်ဒီယက်ဇ်၊ ဖိုဒန်၊ ဗယ်ဗာဒီ၊ မာတီနက်ဇ်၊ နစ်ကိုးဝီလျံ၊ ရှာကာ၊ ဒိုဘိခ်၊




တိုနီခရူးစ်၊ အိုမို၊ ဖလိုရီယန်ဝုစ်၊ အိုဒီဂတ်၊ ဟမ်းမဲလ်၊ ဒီကလန်ရိုက်၊ ဗီတင်ဟာ၊ ပယ်မာ၊ ကာဗာဂျယ်၊ ယာမယ်၊ ဆာကာ၊ ကယ်ဟာနိုဂလူ၊ ဆာလီဘာ၊ လူတာရို မာတီနက်ဇ်၊ လွတ်မန်း၊ ရူဒီဂါ၊ ဂရီမယ်ဒိုတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုပေးပွဲကို လာမည့် အောက်တိုဘာ ၂၈ ရက်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

Ref : 90Min

Trs : ML

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ဩဂုတ်လတစ်လတာအကောင်းဆုံး ဆုများအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်




**လန်ဒန် စက်တင်ဘာ ၅**

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုနှင့် တစ်လတာအကောင်းဆုံး နည်းပြဆုတို့အတွက် ဆန်ခါတင်ကစားသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆု ဆန်ခါတင် ကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ ဟာလန်း၊ ဘရန့်ဖို့ဒ်အသင်းမှ အမ်ဘူဘို၊ အေဗီလာအသင်းမှ အိုနာနာ၊ ချဲလ်ဆီးအသင်းမှ ကိုးလ်ပယ်မာ၊ အာဆင်နယ်အသင်းမှ ဂိုးသမားရာယာ၊ ဆာကာ၊ လီဗာပူးအသင်းမှ ဆာလာဟ်နှင့် ဘရိုက်တန်အသင်းမှ ဒန်နီဝဲလ်ဘတ်တို့ပါဝင်ခဲ့ကြသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားစာရင်းတွင် ပါဝင်ခဲ့သူများမှ ဩဂုတ်လအတွင်း ကစားခဲ့သည့် ပွဲစဉ်နှစ်ပွဲတွင် လေးဂိုးသွင်းယူနိုင်ခဲ့ကာ အစ်ပ့စ်ဝျှစ်ချ်အသင်းနှင့် ပွဲစဉ်တွင် ဟက်ထရစ်သွင်းဂိုး သွင်းယူနိုင်ခဲ့သည့် မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းက ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေသည်။

အလားတူ ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံး နည်းပြဆု ဆန်ခါတင်နည်းပြစာရင်းတွင် ဩဂုတ်လအတွင်း ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြသည့် နည်းပြများဖြစ်သည့် အာဆင်နယ်အသင်းနည်းပြ အာတီတာ၊ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ၊ ဘရိုက်တန် အသင်းနည်းပြ ဖေဘီယန်ဟာဇီလာနှင့် လီဗာပူး အသင်းနည်းပြ အာနီစလော့တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

# US Open အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဂျန်နစ်ခ်ဆင်နာတက်ရောက်

**နယူးယောက် စက်တင်ဘာ ၅**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၂၊ ၁-၆၊ ၆-၁၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာ အနေဖြင့် အကောင်းဆုံးပုံစံ မရခဲ့သော်လည်း အမှားများခဲ့သည့် မျက်ဒဗျက်အနေဖြင့် အခွင့်အရေးများအား အသုံးမချနိုင်ခဲ့ခြင်းကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဗြိတိန်တင်းနစ်ကစားသမား ဂျက်ဒရပ်ပါနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်သည်။ တားမြစ်ဆေးဝါး သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့် ပြဿနာကြောင့် နည်းပြအဖွဲ့ အပြောင်းအလဲပြုလုပ်ထားသော ဂျန်နစ်ခ်ဆင်နာ အနေဖြင့် စိတ်ခံတပ်ပိုင်းဆိုင်ရာတွင်လည်း အကောင်းဆုံး အနေအထား၌ ရှိမနေဘဲ စွမ်းဆောင်ရည်ပိုင်းလည်း ကျဆင်းလျက်ရှိသည်။

ဂျန်နစ်ခ်ဆင်နာက "ဆီမီးဖိုင်နယ်အဆင့်ထိ ရောက်လာတယ်ဆိုရင် အားလုံးက ထိုက်တန်လို့ ရောက်လာခဲ့ကြတာပါ။ ဒီအဆင့်တွေရောက်လာရင် ဘယ်သူက ဘယ်သူ့ကို နိုင်လိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက်တွေကို တိတိကျကျ ခန့်မှန်းနိုင်မှာမဟုတ်ဘူး။ ဘယ်သူမဆို အနိုင်ရသွားနိုင်တယ်။ အဓိကအချက်ကတော့ ကိုယ်ရင်ဆိုင်ရမဲ့ ပြိုင်ဘက် ကစားသမားရဲ့ အကြောင်းကို သေချာသိထားဖို့ပဲလိုတယ်။ ဒါမှလဲ အနိုင်ရလဒ်အတွက် အကောင်းဆုံးပြင်ဆင်နိုင်လိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ကို စက်တင်ဘာ ၆ရက်မှ ၉ ရက်ထိ ပြန်လည်ကျင်းပသွားမည်

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၉) ပွဲစဉ်များကို စက်တင်ဘာ ၆ ရက်မှ ၉ ရက်ထိ ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၉) ပွဲစဉ်များအဖြစ် စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ YUSC အားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ISPE အသင်း၊ စက်တင်ဘာ ၇ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ မဟာယူနိုက်တက် အသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်းတို့ကစားသွားမည်ဖြစ်သည်။

အလားတူ စက်တင်ဘာ ၈ ရက် ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်း၌ ဧရာဝတီယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ စက်တင်ဘာ ၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်း၊ ညနေ ၄နာရီတွင်သုဝဏ္ဏအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအက်ဖ်စီ အသင်းတို့ အသီးသီး ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **STA**

# WBO ဖယ်သာဝိတ်တန်း လက်ရှိချန်ပီယံ အက်ပီနိုဇာကို ရှော့ဘီဆေးနှင့် မကျေပွဲထိုးသတ်ရန် WBO အဖွဲ့ချုပ် ညွှန်ကြား



**ဆန်ဂျူအန် စက်တင်ဘာ ၅**

ပွာတိုရီကိုနိုင်ငံတွင် အခြေစိုက်သည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်(WBO)က WBO ဖယ်သာဝိတ်တန်းချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား အက်ပီနိုဇာအား လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ကျူးဘားလက်ဝှေ့သမား ရှော့ဘီဆေးနှင့် မကျေပွဲထိုးသတ်သွားရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အက်ပီနိုဇာနှင့် ရှော့ဘီဆေးတို့သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ ထိုးသတ်ခဲ့ကြပြီး ယင်းပွဲစဉ်တွင် အက်ပီနိုဇာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ WBO ဖယ်သာဝိတ်တန်း ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့သည်။

ယခုနှစ် ဇွန် ၂၁ ရက်တွင် WBO ဖယ်သာဝိတ်တန်း လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် မက္ကဆီကို လက်ဝှေ့သမားဖြစ်သည့် ဆာဂျီယိုချီရီနိုနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ ပထမဆုံးသော လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်တွင် အနိုင်ရရှိထားသည်။

WBO အဖွဲ့ချုပ်က WBO ဖယ်သာဝိတ်တန်း ချန်ပီယံ စိန်ခေါ်ပွဲအဖြစ် အက်ပီနိုဇာနှင့် ရှော့ဘီဆေးတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့စဉ် ရေးထိုးထားသော စာချုပ်သဘောတူညီချက်အရ ရှော့ဘီဆေးအနေဖြင့် မကျေပွဲစိန်ခေါ်ခွင့်ရှိသည့်အတွက် WBO က မကျေပွဲထိုးသတ်သွားရန် ညွှန်ကြားခဲ့ခြင်းလည်းဖြစ်သည်။

ရှော့ဘီဆေးသည် WBO ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ပိုင်ဆိုင်နိုင်မည့် အခွင့်အရေးဖြင့် လွဲချော်ခဲ့ပြီးနောက် ယခုနှစ် ဇွန် ၂၉ ရက်တွင် အမေရိကန်နိုင်ငံ၌ မက္ကဆီကိုလက်ဝှေ့သမား ဘရန်ဒွန်နှင့် ထိုးသတ်ခဲ့ပြီး ရှော့ဘီဆေးက အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ NABO ဖယ်သာဝိတ်တန်း ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့သည်။

အက်ပီနိုဇာနှင့် ရှော့ဘီဆေးတို့ မကျေပွဲစဉ်အတွက် ရက်ပေါင်း ၃၀ အတွင်း ဆွေးနွေးမှုပြုလုပ်သွားရမည်ဖြစ်ပြီး မကျေပွဲစဉ်တွင်လည်း အက်ပီနိုဇာကသာ အနိုင်ရရှိရန် ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။ **Ref : Xinhua**

**Trs : AZL**

## ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုအဆင့် ပွဲကြိုသုံးသပ်ချက်များ

ML

**ဘယ်လ်ဂျီယံ Vs အစ္စရေး**

ကစားမည့်ရက်/အချိန် ၇-၉-၂၀၂၄ (နံနက် ၀၁း၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘယ်လ်ဂျီယံ ၃ – ၁ အစ္စရေး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘယ်လ်ဂျီယံ | – | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(ရှုံး) |
| အစ္စရေး | – | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(နိုင်) |

ဘယ်လ်ဂျီယံဟာ အခုအုပ်စုမှာ ပွဲကျပ်ကစားရမှာဖြစ်တာကြောင့် အစ္စရေးလို အသင်းငယ်နဲ့တွေ့ချိန်မှာ တိုက်စစ်မြှင့်တင်ပြီး နိုင်ပွဲရဖို့ ပြင်ဆင်ရမှာပါ။ အစ္စရေးအသင်းကတော့ နောက်ဆုံးသုံးပွဲမှာ ဘီလာရစ်အသင်းကိုသာ အနိုင်ရခဲ့ပြီး ကျန်ပွဲတွေမှာ ခံစစ်က ပေးဂိုး ခုနစ်ဂိုးထိ ရှိနေတာကြောင့် ဘယ်လ်ဂျီယံတိုက်စစ်ကို ထိန်းချုပ်နိုင်မှာမဟုတ်လို့ အိမ်ရှင်ကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ် – ဘယ်လ်ဂျီယံ ၂ – ၀ အစ္စရေး

**ပြင်သစ် Vs အီတလီ**

ကစားမည့်ရက်/အချိန် ၇-၉-၂၀၂၄ (နံနက် ၀၁း၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ပြင်သစ် ၃ – ၁ အီတလီ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ပြင်သစ် | – | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(ရှုံး) |
| အီတလီ | – | ဝေး(ရှုံး) | ဝေး(သရေ) | ဝေး(ရှုံး) |

ပြင်သစ်အသင်းဟာ ခြေစွမ်းပိုင်းထက်မြက်နေတာကြောင့် နောက်ဆုံး အိမ်ကွင်းငါးပွဲမှာ ရှုံးပွဲမရှိသေးတာကိုတွေ့ရမှာပါ။ အီတလီအသင်းကတော့ နောက်ပိုင်းနှစ်တွေမှာ ခြေစွမ်းပြကစားသမား ပေါ်ထွက်မှု နည်းခဲ့တာကြောင့် အဓိကပြိုင်ပွဲတွေမှာ အသင်းကြီးတွေနဲ့ဆိုရုန်းကန်နေရတာဖြစ်ပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုမှာ ရှုံးပွဲမရှိသေးတဲ့ ပြင်သစ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် ပြင်သစ် ၂ – ၁ အီတလီ

# အကြမ်းနည်းဖြင့်မေတ္တာကို ရယူရန်ကြံစည်ခဲ့သောအမှု

စိန်လှိုင်ဗိုလ်

တရားရုံးအသီးသီးတွင် ဖြစ်ပွားပေါ်ပေါက်နေသော ရာဇဝတ်မှုခင်းများအနက် ရာဇသတ်ကြီး ပုဒ်မ -၃၆၆သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ပုဒ်မ-၃၆၆ ၏ ပြဋ္ဌာန်းချက် လိုရင်းအနှစ်ချုပ်မှာ "အတင်းအဓမ္မထိမ်းမြားပေးစားရန် စသည်တို့အတွက် မိန်းမခိုးယူမှု သို့မဟုတ် သွေးဆောင်ဆွဲခေါ်မှု သို့တည်းမဟုတ် သွေးဆောင်မှု"ဟု ရာဇသတ်ကြီးတွင် ဖော်ပြထားပါသည်။ မည်သူမဆို မိန်းမတစ်ဦးတစ်ယောက်ကို ခိုးယူလျှင် သို့မဟုတ် သွေးဆောင်ဆွဲခေါ်လျှင် ထိုသူကို ၁၀ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟူ၍ ပြဋ္ဌာန်းထားပါသည်။ ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး အတွဲ-၂ တွင် တရားသူကြီး ဦးသက်ဖေ စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သောအမှုတစ်ခု၌ စိတ်ဝင်စားဖွယ်ရာကောင်း၍ အများပြည်သူသိသင့်သိထိုက်သော ဆင်ခြင်သုံးသပ်ချက်ပါသည့် အမှုတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

မော်ဘီမြို့နေ မခင်ညိမ်းသည် အသက် ၃၈ နှစ်ရှိ အပျိုကြီးဖြစ်ပြီး မော်ဘီဈေးထဲ၌ အထည်ဆိုင်ဖွင့်၍ရောင်းချကာ မိခင်နှင့်တူမလေးနှစ်ယောက်ကို လုပ်ကျွေးနေသူဖြစ်သည်။ မောင်တင်အောင်မှာ အသက် ၂၇ နှစ်အရွယ် လူပျိုတစ်ဦးဖြစ်သည်။ မော်ဘီဈေးထဲတွင် စက်ချုပ်ဆိုင်ဖွင့်လှစ်ထားပြီး စက်ချုပ်စားသူဖြစ်သည်။ မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့မှာ မောင်တင်အောင်၏ မိတ်ဆွေများဖြစ်ကြပြီး နှောကုန်းရွာသားများ ဖြစ်ကြပါသည်။

၁၉၆၅ ခုနှစ် မေလ ၁၅ ရက်နေ့တွင် မခင်ညိမ်းသည် နှောကုန်းရွာ သဲအင်းဂူဘုန်းကြီးကျောင်းသို့ သွားရောက်၍ ဥပုသ်စောင့်သည်။ ညနေ ၄ နာရီခန့် အချိန်တွင် မခင်ညိမ်းသည် မလှမြင့်၊ မခင်မြင့်တို့နှင့်အတူ ဥပုသ်စောင့်ရာ ဘုန်းကြီးကျောင်းမှ မော်ဘီမြို့သို့ ခြေကျင်ပြန်လာကြသည်။ ဦးစုရဆိုသူက အမျိုးသမီးများနောက်မှ စက်ဘီးကိုတွန်း၍ လိုက်ခဲ့သည်။ ဘုန်းကြီးကျောင်းနှင့် မလှမ်းမကမ်းရှိ လမ်းဘေးတဲတစ်ခုမှ မောင်တင်အောင်ထွက်လာပြီး မခင်ညိမ်းတို့နှင့်အတူ လိုက်မည်ဟုပြောရာ မခင်ညိမ်းက မလိုက်ရန်တားသည်။ ထိုအခါ မောင်တင်အောင်သည် ဦးစုရထံမှ စက်ဘီးငှား၍ စီးပြီးထွက်သွားသည်။ ခဏအကြာ မောင်တင်အောင်သည် စက်ဘီးနှင့်ပြန်လာရာ ၎င်းနှင့်အတူ မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့ပါလာသည်။

မောင်တင်အောင်သည် မခင်ညိမ်းအနီးသို့ရောက်သောအခါ စက်ဘီးကို ထောင်ထားလိုက်ပြီး မခင်ညိမ်းကို အတင်းလက်ဆွဲခေါ်သည်။ မခင်ညိမ်းက ရုန်းကန်ပြီး ဖိနပ်ချွတ်ကာ မောင်တင်အောင်ကိုရိုက်သည်။ မောင်တင်အောင်က အတင်းဆွဲပြီး မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့က ဝိုင်းကူ၍ဆွဲသဖြင့် မခင်ညိမ်းမှာ ရုန်းကန်ရင်း လမ်းဘေးလယ်ကွက်ထဲသို့ ဒရွတ်တိုက်ပြီးပါသွားသည်။ မခင်မြင့်က မခင်ညိမ်း လက်တစ်ဖက်ကို ဆွဲထားသော်လည်း အားချင်းမမျှသဖြင့် မခင်ညိမ်းသည် မောင်တင်အောင်တို့ လူစု ဆွဲရာသို့ပါသွားသည်။ ထို့နောက် မောင်တင်အောင်သည် မခင်ညိမ်းကို ပခုံးပေါ်သို့တင်ပြီး အတင်းထမ်းပြေးသည်။ မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့လည်း အနားမှကပ်ပြီးလိုက်သွားကြသည်။

ထိုအချိန်တွင် မခင်ညိမ်း၊ မခင်မြင့်နှင့် မလှမြင့်တို့ အော်ဟစ်သဖြင့် ဘုရားလမ်းရွာမှ ရွာသား ၂၀ ကျော် ထွက်လာကာ မခင်ညိမ်းကိုလွှတ်ရန် ဝိုင်းအော်သောကြောင့် မောင်တင်အောင်သည် ပခုံးပေါ်မှ အောက်သို့ချလိုက်ရသည်။ မခင်ညိမ်းသည် သူကြီးထံတွင် တိုင်ရန်သွားရာ သူကြီးမရှိသဖြင့် မော်ဘီရဲစခန်း၌ ချက်ချင်းသွားရောက်တိုင်တန်းခဲ့သည်။ မောင်တင်အောင်တို့ သုံးဦးကို ရွာသားများက ဖမ်းဆီးပြီး ရဲစခန်းသို့ပို့ခဲ့သည်။



အင်းစိန်မြို့ ပထမရာဘက်တရားသူကြီးရုံးက မောင်တင်အောင်အပေါ် ရာဇသတ်ကြီးပုဒ်မ-၃၆၆ (က)အရ အလုပ်နှင့်ထောင်ဒဏ်ငါးနှစ်၊ မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့အပေါ် ရာဇသတ်ကြီးပုဒ်မ-၃၆၆/ ၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ်သုံးနှစ်စီ အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများက နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံဝင်ရောက်ကြသည်။

**နိုင်ငံတော်တရားရုံးချုပ်၏စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ယခုအမှုတွင် ကာယကံရှင် မခင်ညိမ်း၊ မျက်မြင်သက်သေများဖြစ်ကြသည့် မလှမြင့်၊ မခင်မြင့်နှင့် ဦးစုရတို့၏ ထွက်ဆိုချက်များအရ အယူခံတရားလို မောင်တင်အောင်သည် မခင်ညိမ်းကို သဘောမတူဘဲ အတင်းဆွဲခေါ်ထမ်းပြေးကြောင်း ယုံမှားဖွယ်မရှိနိုင်ပေ။ အကယ်၍ မခင်ညိမ်းက ၎င်းကိုခိုးရန် ချိန်းဆိုထားရိုးမှန်ပါမူ မခင်ညိမ်းက ၎င်းကို ဖိနပ်ချွတ်ပြီး ရိုက်ရန်အကြောင်းမရှိပေ။ ထိုသို့ အတင်းအဓမ္မဆွဲခေါ်ထမ်းပြေးရာတွင် မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့က အားပေးကူညီခဲ့ကြသည်ဆိုခြင်းမှာလည်းထင်ရှားသည်။ သို့ဖြစ်ရာ အယူခံတရားလိုတို့သည် မည်သည့်ပြစ်မှုကို ကျူးလွန်ခဲ့သည်ဆိုသော ပြဿနာကို ဆန်းစစ်ရမည်ဖြစ်ကြောင်း တရားရုံးချုပ်တရားသူကြီးက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

အယူခံတရားလိုတို့၏ရှေ့နေက မောင်တင်အောင်သည် မခင်ညိမ်းကို ဆွဲခေါ်ထမ်းပြေးရာတွင် မည်သည့်အကြံနှင့်ဆွဲခေါ်သည်ဟု တရားလိုဘက်မှ သက်သေအထောက်အထား မတင်ပြခဲ့သဖြင့် ရာဇသတ်ကြီးပုဒ်မ-၃၆၆(၁)အရ ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်းတင်ပြသွားသည်။ "မိန်းကလေးတစ်ဦးကို သာမန်ဆွဲခေါ်ကာမျှဖြင့် သို့တည်းမဟုတ် ခိုးယူကာမျှဖြင့် သို့တည်းမဟုတ် သွေးဆောင်ကာမျှဖြင့် ရာဇသတ်ပုဒ်မ-၃၆၆ အရ ပြစ်မှုမမြောက်ဟုဆိုသော ဥပဒေအချက်ကို တရားရုံးချုပ်တရားသူကြီးကလက်ခံပါသည်။ ထိမ်းမြားပေးစားခြင်းငှာ အတင်းအဓမ္မပြုရန် အကြံနှင့်သော်လည်းကောင်း သို့တည်းမဟုတ် အနိုင်အထက်ပြုကာ မတရားသဖြင့် ကာမစပ်ယှက်ရန်အကြံနှင့်သော်လည်းကောင်း ခိုးယူဆွဲခေါ် သွေးဆောင်မှသာ ပုဒ်မ-၃၆၆ နှင့် အကျုံးဝင်မည်ဖြစ်ကြောင်း"ကိုလည်း တရားရုံးချုပ်တရားသူကြီးက စိစစ်သုံးသပ်ခဲ့ပါသည်။

သို့ရာတွင် ထိုသို့ မိန်းကလေးတစ်ဦးကိုခိုးယူစဉ်၊ ဆွဲခေါ်စဉ်၊ သွေးဆောင်စဉ် **"တရားခံ၏စိတ်၌ မည်သည့်အကြံရှိသည်ဆိုခြင်းကို မည်သူကမျှ တပ်အပ်ပြောနိုင်မည်မဟုတ်၍ တရားလိုအစိုးရအနေဖြင့် တရားခံသည် မည်သည့်အကြံနှင့် ပြုလုပ်သည်ဟု သက်သေတင်ပြနိုင်လိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ရာ ထိုကဲ့သို့ ခိုးယူဆွဲခေါ်သွေးဆောင်စဉ် တရားခံ၏ ပြုမူချက်အပေါ်မူတည်မှီငြမ်းလျက် တရားခံသည် မည်သည့်အကြံနှင့် ပြုလုပ်ခဲ့သည်ဟု ဆုံးဖြတ်ရမည်ဖြစ်ကြောင်း"** တရားရုံးချုပ်တရားသူကြီးက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

လူပျိုတစ်ယောက်က အပျိုတစ်ဦးကိုအတင်းဆွဲခေါ်လျှင်ဖြစ်တတ်သော ဓမ္မတာသဘောအရ မတရားသဖြင့် ကာမစပ်ယှက်ရန်အကြံနှင့် ပြုလုပ်သည်ဟု ယူဆရမည်သာဖြစ်သည်။ ထိုကဲ့သို့သော ကြံရွယ်ချက်မရှိဟုဆိုလျှင် မည်သည့်ကြံရွယ်ချက်နှင့် ဆွဲခေါ်သည်ဟု ထင်ရှားအောင်ပြရန်တာဝန်မှာ သက်သေခံဥပဒေပုဒ်မ-၁၀၆ ၏ ဥပမာ (အေ)အရ တရားခံအပေါ် ကျရောက်လျက်ရှိသည်။ ထိုအတိုင်းပင် **ဟိုက်ဒါရှားနှင့် နိုင်ငံတော်အေအိုင်အာရ် ၁၉၃၀ လာဟို ၅၂ ဂျိုဂျိုဝါယားနှင့် နိုင်ငံတော်အေအိုင်အာရ် ၁၉၃၀ လာဟို ၁၆၃၊ မဟာမက်ဆာဒန်နှင့် နိုင်ငံတော် အေအိုင်အာရ် ၁၉၃၈ လာဟို ၄၇၄** အမှုများ၌ အဆုံးအဖြတ်ပေးထားသည်ကို တရားရုံးချုပ်က ရည်ညွှန်းကိုးကားခဲ့ပါသည်။

ယခုအမှုတွင် ဦးစုရက အယူခံတရားလိုသည် အချင်းမဖြစ်မီက မခင်ညိမ်းကို ချစ်ရေးဆိုရာ မခင်ညိမ်းက မလိုက်လျောကြောင်း ပြောဖူးသည်ဟု ထွက်ဆိုထားသည့်အပြင် အယူခံတရားလိုကိုယ်တိုင်ကလည်း **မခင်ညိမ်းကို ဇနီးအဖြစ်ပေါင်းသင်းရန် ခိုးကြောင်း** ဝန်ခံထားသဖြင့် အယူခံတရားလိုသည် မခင်ညိမ်းကို မတရားကာမစပ်ယှက်ရန်အကြံဖြင့် ဆွဲခေါ်ကြောင်းထင်ရှားသည်။ အယူခံတရားလိုက အခြားကြံရွယ်ချက်ဖြင့် ဆွဲခေါ်သည်ဟု တင်ပြနိုင်ခဲ့ခြင်းမရှိချေ။

အထက်ပါအကြောင်းများကြောင့် အယူခံတရားလိုမောင်တင်အောင်သည် ရာဇသတ်ကြီးပုဒ်မ-၃၆၆(၁)အရလည်းကောင်း၊ အယူခံတရားလို မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့သည် ပုဒ်မ-၃၆၆(၁)/၁၁၄ အရလည်းကောင်း၊ အပြစ်ရှိသည်ဆိုသော အောက်ရုံး၏ကောက်ယူချက်မှာ မှန်ကန်ကြောင်း တရားရုံးချုပ်က သဘောတူလက်ခံခဲ့ပါသည်။

ဤအမှုတွင် အယူခံတရားလိုသည် မိမိထက်အသက်ကြီးသည့် အပျိုကြီးမခင်ညိမ်းကို တစ်ဖက်သတ်မေတ္တာရှိနေပြီး မခင်ညိမ်းက မေတ္တာတုံ့ပြန်ခြင်းမပြုသဖြင့် **အကြမ်းနည်းဖြင့် မေတ္တာကိုရယူရန်ကြံစည်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ပြုမူချက်မှာ ရာဇဝတ်မှုကျူးလွန်ရန် ကြံရွယ်သည်ထက် မှားယွင်းသော စွန့်စားမှုမျိုးကို ပြုလုပ်ခြင်းသာဖြစ်သည်ဟုဆိုရန် အကြောင်းပေါ်ပေါက်နေ၍ ပြစ်ဒဏ်သတ်မှတ်ရာ၌ သက်ညှာသင့်သည်**ဟု ယူဆကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

ကျန်အယူခံတရားလိုများမှာလည်း အယူခံတရားလိုမောင်တင်အောင်နှင့် ကြိုတင်ကြံစည်ကြသူများမဟုတ်ဘဲ မခင်ညိမ်းကို ဆွဲခေါ်သည့်နေ့ကမှ မောင်တင်အောင်သည် မော်တော်ကားမရသဖြင့် ၎င်းတို့ကို ရွာသို့လာခေါ်၍ လိုက်ပါခြင်းသာဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အောက်ရုံးမှ ချမှတ်ထားသော ပြစ်ဒဏ်တို့ကို ပယ်ဖျက်ကာ မောင်တင်အောင်အပေါ် ရာဇသတ်ကြီးပုဒ်မ-၃၆၆(၁) အရ အလုပ်နှင့်ထောင်ဒဏ်သုံးနှစ် ကျခံစေရန်နှင့် မောင်တင်စိန်နှင့် မောင်တင်ထွန်းတို့အပေါ် ရာဇသတ်ကြီးပုဒ်မ-၃၆၆(၁)/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်စီသာ ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်ပါသည်။

လွန်ခဲ့သော ၁၉၆၅ ခုနှစ် ရာဇဝတ်အယူခံမှုအမှတ်-၃၆၀ မောင်တင်အောင်ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှုတွင် တရားသူကြီးဦးသက်ဖေ၏ စီရင်ဆုံးဖြတ်သုံးသပ်ချက်သည် လွန်စွာမှပင် လေးစားလိုက်နာဖွယ်ကောင်းပါသည်။ **ပြုမူချက်များသည် ရာဇဝတ်မှုကျူးလွန်ရန် ကြံရွယ်သည်ထက် မှားယွင်းသော စွန့်စားမှုမျိုးကို ပြုလုပ်ခြင်းသာဖြစ်သည်ဟုဆိုရန် အကြောင်းပေါ်ပေါက်ကြောင်း** နှိုင်းနှိုင်းချိန်ချိန် ဆင်ဆင်ခြင်ခြင် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ချက်သည် လေးစားလိုက်နာအတုယူဖွယ်ရာဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## ပေါင်မြို့နယ် ကျိုက်ပေါင်းစေတီတော်တွင် ဆွမ်းတော် ၁၀၀၀ ကပ်လှူပူဇော်ပွဲ ကျင်းပမည်



**ပေါင် စက်တင်ဘာ ၅**

မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက်ရှိ ကျိုက်ပေါင်းစေတီတော်တွင် မွန်ရိုးရာဓလေ့ ဗုဒ္ဓပူဇနီယပွဲတော်တစ်ခုဖြစ်သည့် ဆွမ်းတော် ၁၀၀၀ ကပ်လှူပူဇော်ပွဲကို စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ကျိုက်ပေါင်းဘုရားကြီးဂေါပကအဖွဲ့ဝင် ဦးတင်ဖေက ပြောပြ၍ သိရသည်။

အဆိုပါ မွန်ရိုးရာဓလေ့ ဗုဒ္ဓပူဇနီယပွဲတော် တစ်ခုဖြစ်သည့် ဆွမ်းတော် ၁၀၀၀ ကပ်လှူပူဇော်ပွဲကို နှစ်စဉ် တော်သလင်းလပြည့်နေ့ရောက်တိုင်း ဆင်နွှဲလေ့ရှိကြောင်း၊ ထိုကဲ့သို့ ဆွမ်းတော် ၁၀၀၀ ကပ်လှူရာတွင် မွန်တိုင်းရင်းသားတို့၏ ရိုးရာအစဉ်အလာအတိုင်း သစ်၊ ဝါးတို့ဖြင့် သင်္ဘောပုံစံငယ်တည်ဆောက်ကာ ၎င်းသင်္ဘောတွင် ဆွမ်း၊ တံခွန်၊ကုက္ကား၊ ပန်း၊ နံ့သာ၊ သစ်သီး၊ ကွမ်း၊ ဆီမီး စသော လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ကို ကပ်လှူကြခြင်းဖြစ်ကြောင်း သိရသည်။

“မွန်ဓလေ့ရိုးရာအစဉ်အလာ ဗုဒ္ဓပူဇနီယပွဲတော်တစ်ခု ဖြစ်ပါတယ်။ နှစ်စဉ်တော်သလင်းလပြည့်နေ့တိုင်း ရပ်တိုင်း၊ ရွာတိုင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ၊ ဘုရားစေတီပုထိုးတွေမှာ မိမိတို့စွမ်းနိုင်သမျှ လုပ်အား၊ အလှူငွေအားနဲ့သင်္ဘောတစ်စီး တည်ဆောက်ပြီးတော့ ဆွမ်း၊ တံခွန်၊ ကုက္ကား၊ ပန်း၊ နံ့သာ၊ သစ်သီး၊ ကွမ်း၊ ဆီမီး စတဲ့ လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ကို အမျိုး ၁၀၀၀ လောက် အဲဒီသင်္ဘောပေါ်မှာ တင်လှူပူဇော်ကြပါတယ်။ သင်္ဘောပျောက်ဆွမ်းလို့လဲ တချို့နေရာတွေမှာ ခေါ်ကြတယ်။ အဓိပ္ပာယ်ကတော့ ရဟန်းသံဃာတော်တွေ အန္တရာယ်မကျရောက်ဘဲနဲ့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေလိုသော ရည်ရွယ်ချက်နဲ့ ဆွမ်းတော်ကြီးတင်ပွဲတွေကို ကျင်းပကြတာဖြစ်ပါတယ်”ဟု ဦးတင်ဖေက ပြောပြသည်။

မွန်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့အစဉ်အလာကောင်းတစ်ရပ်အဖြစ် ဆွမ်းတော် ၁၀၀၀ ခေါ် ဆွမ်းတော်ကြီးတင်ပွဲကို ရိုးရာအစဉ်အလာမပျက် မွန်ပြည်နယ်အတွင်း ကျင်းပလေ့ရှိပြီး စတုမဓုဆွမ်းလောင်းလှူပွဲကိုလည်း ကျင်းပပြုလုပ်ကြောင်း သိရသည်။

ASH

## ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ Wolfs ဇာတ်ကား ပွဲဦးထွက်ပြသ

**နယူးယောက် စက်တင်ဘာ ၅**

ဆိုနီ ရုပ်ရှင်ကုမ္ပဏီသည် Wolfs အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို အီတလီနိုင်ငံ၌ ကျင်းပသည့် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသခဲ့ကြောင်း စက်တင်ဘာ ၄ ရက်သတင်းများအရ သိရသည်။

ဗင်းနစ် နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ Wolfs ဇာတ်ကားကို စက်တင်ဘာ ၁ ရက်တွင် ပွဲဦးထွက်ပြသခဲ့ခြင်းဖြစ်သည်။

ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ Wolfs ဇာတ်ကားပွဲဦးထွက်ပြသပွဲသို့ ၎င်းဇာတ်ကား၌ပါဝင်သရုပ်ဆောင်ထားသည့် မင်းသားဘရက်ပစ်နှင့် ဂျော့ခလိုနေးတို့လည်း တက်ရောက်ခဲ့ရာ ပရိသတ်များက သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြသည်။

Wolfs ဇာတ်ကားသည် ဒုစရိုက်လောကမှ ကြားပွဲစားနှစ်ဦး အလုပ်တစ်ခုတည်းကို တစ်ချိန်တည်း လက်ခံမိခဲ့ပြီးနောက် ကြုံတွေ့ခဲ့ရသောဖြစ်စဉ်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Wolfs ဇာတ်ကားကို ဒါရိုက်တာ ဂျွန်ဝပ်က တာဝန်ယူရိုက်ကူးခဲ့ပြီး ဇာတ်ညွှန်းကိုလည်း ကိုယ်တိုင် ရေးသားထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို စက်တင်ဘာ ၂၀ ရက်တွင် အကန့်အသတ်ဖြင့် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



## နှောင် ရုပ်ရှင်ဇာတ်ကား စက်တင်ဘာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်




**ရန်ကုန် စက်တင်ဘာ ၅**

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် နှောင် ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသ မည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသည့် သရုပ်ဆောင် နော်ဖောအယ်ထားက ပြောပြ၍ သိရသည်။

နှောင် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာကြီး ရွှေဒုံးဘီအောင်၏ ဝတ္ထုဇာတ်လမ်းကို လွင်မင်းအံ့က ဇာတ်ညွှန်းခွဲထားပြီး ဒါရိုက်တာ ဩရသက ရွှေနဒီရွှေရည်ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

“ဒီရုပ်ရှင်ဇာတ်ကားမှာတော့ သစ်သစ်မေ ဆိုတဲ့ အချစ်အတွက် ဝဋ်ကြွေးကြီးတဲ့ မိန်းမတစ်ယောက်နေရာကနေ သရုပ်ဆောင်ထားပါတယ်။ နှောင်ဆိုတဲ့အတိုင်း ဘယ်လိုအရာတွေနဲ့ နှောင်ဖွဲ့ခံထားရသလဲဆိုတာ ရုံတင်တဲ့အခါ အဖြေရှာကြည့်ဖို့ မမေ့ပါနဲ့”ဟု သရုပ်ဆောင် နော်ဖောအယ်ထားက ပြောပြသည်။

နှောင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ ဖြိုးငွေစိုး၊ တင်မောင်ဆန်းမင်းဝင်း၊ သူရိယာ၊ ပိုးမမိုသာ၊ နော်ဖောအယ်ထား နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## Alien : Romulus ဇာတ်ကား ယခုနှစ်၏ ဝင်ငွေအကောင်းဆုံး ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်လာ

**နယူးယောက် စက်တင်ဘာ ၅**

၂၀ ရာစု ရုပ်ရှင်စတူဒီယို၏ Alien : Romulus ဇာတ်ကားသည် ယခုနှစ်၏ ဝင်ငွေအကောင်းဆုံး ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်လာကြောင်း စက်တင်ဘာ ၄ ရက် သတင်းများအရ သိရသည်။


Alien : Romulus ဇာတ်ကား သစ် စတင်ရုံတင်ပြီး သီတင်းသုံးပတ်ကျော်အကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၅ ဒသမ ၃ သန်းထိ ရရှိထားကြောင်း သိရသည်။

အထက်ပါဝင်ငွေအတိုင်းအတာအရ Alien : Romulus ဇာတ်ကားသည် A Quiet Place : Day One ဇာတ်ကားကိုကျော်ဖြတ်၍ ယခုနှစ်၏ ကမ္ဘာတစ်ဝန်းဝင်ငွေအကောင်းဆုံး ထိတ်လန့်သည်းဖိုဇာတ်ကား ဖြစ်လာခဲ့ရသည်။

၂၀ ရာစုရုပ်ရှင်စတူဒီယိုသည် Alien : Romulus ဇာတ်ကားကို ယခုနှစ် ဩဂုတ် ၁၅ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်သည်။

Alien ဇာတ်ကားများအနက် နောက်ဆုံးထွက် ဇာတ်ကားဖြစ်သည့် Alien : Romulus ဒါရိုက်တာ ဖီဒီအဲဗရက်က ရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားတွင် မင်းသမီး ကိုင်လီစပေနီ၊ အစ္စဘဲလားမားဆက်နှင့် မင်းသား အာခီရီနေ့ဒ်တို့ပါဝင်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## ဇော ပြဇာတ်ကို SKYNET၊ Myanmar Arts ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်

**ရန်ကုန် စက်တင်ဘာ ၅**

ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင် ဖျော်ဖြေတင်ဆက်သည့် ဇော အမည်ရှိ ပြဇာတ်ကို စက်တင်ဘာ ၁၄ ရက်၊ ၁၅ ရက်တို့တွင် SKYNET ၊ Myanmar Arts ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်မှ ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြ၍ သိရသည်။

သဘင်သက်တမ်း နှစ်ပေါင်း ၉၀ ကျော် ရှိခဲ့ပြီဖြစ်သည့် သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့၏ အော်ပရာ၊ စင်တင်ပြဇာတ်၊ နှစ်ပါးခွင်အလုပ်တို့ကို Myanmar Arts ရုပ်သံလိုင်းတွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ မွန်းတည့် ၁၂ နာရီတွင် ထုတ်လွှင့်ပေးလျက်ရှိပြီး အထူးသဖြင့် ဇာတ်မင်းသားကြီး ဦးချမ်းသာ၏ထင်ရှားကျော်ကြားလူကြိုက်များသည့် အော်ပရာနှင့် ပြဇာတ်များကို ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

“ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်ကြီးရဲ့ လက်ရွေးစင် ဇာတ်လမ်းဇာတ်အိမ်တွေကိုရွေးချယ်ပြီး အချစ်၊ အလွမ်း အဆွေး ရသစုံလှတဲ့ ရွှေမန်းချမ်းသာရဲ့ ပြဇာတ်ကောင်းတွေ၊ အကအလှ တေးသံသာတွေကို SKYNET ၊ Myanmar Arts ရုပ်သံလိုင်းကနေ ပြသပေးနေပါတယ်။ စက်တင်ဘာ ၁၄ ရက်နဲ့ စက်တင်ဘာ ၁၅ ရက်တွေမှာ ဇောလို့ အမည်ပေးထားတဲ့ ပြဇာတ်ကို အပိုင်း (၁)၊ (၂) ခွဲပြီးတော့ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်”ဟု ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြသည်။

ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင် အစီအစဉ်တွင် ဇာတ်မင်းသားကြီးဦးချမ်းသာကိုယ်တိုင် ရေးသားဇာတ်ညွှန်းခွဲကာ ကိုယ်တိုင်ဒါရိုက်တာ သရုပ်ဆောင်အဖြစ်ကပြခဲ့သည့် ထင်ရှားအောင်မြင်သည့် စင်တင်ပြဇာတ်ပေါင်း ၉၀ ခန့်အနက်မှ လူကြိုက်အများဆုံး ပြဇာတ်များ၊ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ခေတ်မှ သား ရွှေမန်းချမ်းသာခေတ်ထိ ထင်ရှားခဲ့သည့် နှစ်ပါးအကအလှများကိုလည်း တင်ဆက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Tourists from Thailand visit Taungthaman Lake and Bridge beginning second week of August



Tourists seen riding boats in Taungthaman Lake.

**Mandalay September 5**

Travellers from Thailand visit Taungthaman Lake and Bridge starting from the third week of August, said U Soe Win, secretary of the bridge maintenance group.

Many tourist destinations are located in Mandalay attracting travellers from Southeast Asian countries. Among them, Taungthaman and Lake and Bridge are catching interest of foreign travellers. At present, Thai citizens pay visits to Taungthaman Bridge and Lake.

"At present, travellers from Thailand, Korea, Cambodia and Vietnam visit Taungthaman Lake and Bridge. Of them, number of Thai travellers is the top," he explained.

More than 100 Thai travellers per day visited the bridge and lake in the second week of August, compared with more than 200 Thai travellers per day starting from the third week of August.

Taungthaman Bridge was built of 1,086 posts. Local and foreign travellers prefer to enjoy sunset scene by boat. So, more than 50 boats are ready to provide services to them. 184

# Plan underway to reoperate No 1 oil refinery (Thanlyin) as quickly as possible

**Yangon September 5**

The Ministry of Energy stated that arrangements are being made to operate No 1 oil refinery (Thanlyin) soonest.

Efforts are being made to repair machinery of the refinery and operate it as quickly aspossible for fulfilling the fuel requirement of the State.

Currently, site survey is being conducted for reoperation of the refinery with creation of the design for the refinery, installation of necessary machinery and construction tasks.

A plan is set to produce the fuel to be refined from the refinery to meet the EURO 4 standard at the lowest level and to minimize environmental and social impacts.

Moreover, necessary training will be conducted with seminars for enhancement of capacity of staff and employees so as to understand production process as well as management and financial measures of the refinery.

It is important to improve technologies to be applied in operating the refinery and conduct research and development measures. 336

# Kyaiklat Township ships 90,000 viss of field crabs to Yangon market in July

**Kyaiklat September 5**

Local fishermen and businesspersons sent 90,000 viss of field crabs to Yangon market from Kyaiklat Township of Ayeyawady Region, said Daw Tin Htwe, the owner of Kyaiklat Township fishery trading brokerage.

Local fishermen and businesspersons sent 65,000 viss of field crabs to Yangon market in June, compared with 90,000 viss in July, due to a strong demand of Yangon market.

Daw Htwe clarified: "Local businesspersons sell fishery products to Yangon market. Within July, they sent 90,000 viss of field crabs to Yangn market. These crabs were captured from paddy fields. Marine products of Kyaiklat are in high demand from Yangon market because of strong demand at home and abroad. So, fishermen and businesspersons operate their businesses."

At Yangon market, field crab fetches K85,000 per 10 viss. Consequently, local fishermen and businesspersons and those in chain of marine product production are convenient in their businesses.

Kyaw Kyaw Lin



Baskets of crabs ready to be transported to Yangon.

# Macron nominates Michel Barnier as France's new PM

**Paris September 5**

French President Emmanuel Macron nominated Michel Barnier as France's new prime minister, French presidential office Elysee said on Thursday.

Macron tasked Barnier with forming a unified government to serve the country and the French people, Elysee said in a press release.

According to Elysee, Barnier's nomination came after an unprecedented cycle of consultations. Macron ensured that the future government led by Barnier would meet the conditions of being "as stable as possible and give themselves the chance to unite as broadly as possible," the press release added.

Barnier, 73, has served four times as a cabinet minister and as the European Union chief Brexit negotiator.

On July 16, Macron accepted Prime Minister Gabriel Attal's resignation, but asked him to remain in charge of a caretaker government until a new cabinet is formed. Xinhua




This file photo taken on Dec. 24, 2020 shows Michel Barnier attending a press conference at the headquarters of EU Commission in Brussels, Belgium. French President Emmanuel Macron nominated Michel Barnier as France's new prime minister, French presidential office Elysee said on Thursday.

# DPRK condemns U.S.-South Korea military drills for "maximizing" tensions

**Seoul September 5**

The Democratic People's Republic of Korea (DPRK) on Thursday denounced recent military exercises between the United States and South Korea, saying the joint drills "maximized" military tensions on the Korean Peninsula and vowed the country would build up its defense capabilities to guarantee national security and regional peace, state media said.

In a press statement issued Thursday by the chief of the Public Information Office of the Ministry of National Defence, the DPRK lashed out at last month's Ulchi Freedom Shield military exercise. It was the largest-ever military drill between South Korea and the United States, involving more than 200 warplanes and a U.S. Army unit equipped to cope with chemical, biological, radioactive and nuclear attacks, the official Korean Central News Agency (KCNA) reported.

The statement also condemned the "extremely reckless and dangerous" joint landing drill Ssangyong, which started on Aug. 26, for "presupposing an open invasion upon the DPRK territory," KCNA said.

"The accumulation of such threatening actions on the Korean Peninsula will only spark off tensions and drive the security environment in the region into an irreversibly catastrophic situation," the statement warned.

The DPRK will build up its defense capabilities to "guarantee the security of the state and the peace in the region by dint of strength and action," it added. Xinhua

# Sunflower plants placed under croplands in Yinmabin District


A thriving sunflower plantation.

**Yinmabin September 5**

Statistics of Yinmabin District Agriculture Department stated that a total of 10,427 acres of sunflower plants have been planted as monsoon crop in Yinmabin District of Sagaing Region.

Local farmers have grown 10,427 acres of sunflower plantations against the target of 16,250 acres of plants in the district this monsoon.

Daw Myat Moe Win, Head of Yinmabin District Agriculture Department mentioned: “Local farmers have planted 10,427 acres of sunflower against the target of 16,250 acres earmarked by local authorities. It aims to reduce import volume of palm oil abroad. Yield of oil from sunflower is larger than groundnut and sesame. So, local farmers prefer to grow sunflower in cold season.”

This year, local farmers in Yinmabin Township grew 3,329 acres of sunflower, Kani Township 3,228 acres, Salingyi Township 650 acres and Pale Township, 3,220 acres, totalling 10,427 acres.

In Yinmabin District, relevant agriculture departments conduct training courses for agricultural staff and local farmers to enhance their capacity in growing sunflower.

Local authorities provide quality strains of crops and fertilizers at fair prices and share techniques of making natural fertilizers in addition to implementation of the barter system of exchanging quality strains of seeds among the farmers.

206

# Farmers grow more than 400 acres of corns in Thabaung Township

**Thabaung September 5**

During monsoon season this year, Thabaung Township has so far planted 427 acres of corns against the target of 463 acres. Officials of Agriculture Department, Irrigation and Water Utilization Management Department, administration body and local farmers cooperate with each other in growing monsoon crops.

U Win Soe commented, “Local farmers in Thabaung Township grow paddy and other crops. So far, they have planted 427 acres of corns against the target of 463 acres. They are now joining hands with the township Agriculture Department in growing corns meeting the target cultivation.”

Officials of Agriculture Department help local farmers prevent pests at corn plantations to produce quality crops.

Kyaw Kyaw Lin


A corn field.

# More than 11,000 acres of vegetables planted in Yinmabin District

**Yinmabin September 5**

Statistics of Yinmabin District Agriculture Department stated that a total of 11,970 acres of croplands have been placed under vegetable plants in Yinmabin District of Sagaing Region this monsoon.

In 2024-25 monsoon season, the district earmarked 19,698 acres of vegetables but local farmers planted 11,970 acres of crops, starting from May this year.

Daw Myat Moe Win, Head of the district agriculture department stated: “This monsoon, local farmers have planted more than 11,000 acres of monsoon vegetable plants against the target of over 19,000 acres. They grow mustard, spicy, chilli, potato, cabbage, eggplant and cauliflowers called Chinese cabbage. We urged those farmers to use GAP system in growing all species of vegetables and produce the vegetables with least chemical residue.”

In the district, Yinmabin Township grew 2,710 acres of vegetables, Kani Township 5,430 acres, Salingyi Township 2,490 acres and Pale Township 1,340 acres, totalling 11,970 acres.

This year, Yinmabin Township planned to grow 6,027 acres of vegetables, Kani Township 6,550 acres, Salingyi Township 5,567 acres and Pale Township 1,554 acres, totalling 19,690.

Staff of Yinmabin District Agriculture Department conducted training courses for enhancement of capacity of farmers and agricultural staff, urging local farmers to produce healthy vegetables and expanding sown acreage of crops.

Seasonal vegetable crops are thriving in Yinmabin District at present, and it helps increase incomes of families of farmers. Officials of relevant township agriculture departments train local farmers to use correct agricultural techniques, prevention of pests, and making natural fertilizers and pesticides to cut costs.

206

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Dried Swimbladder weighing 80,000 viss distributed to Yangon market in July

**Pyapon September 5**

Local businesspersons in Amar of Pyapon District in Ayeyawady Region sent 80,000 viss of dried Swimbladder to Yangon market in July, said Daw Khin Htay, the owner of marine product trading centre in Amar.

Local fishermen and businesspersons dispatched 50,000 viss of dried Swimbladder to Yangon market in June in comparison with 80,000 viss of dried swimbladder in July. These swimbladders were obtained from seawater fishes and then these were dried under the sun systematically.

Daw Khin Htay, the owner of seawater dried fish trading in Ahmar, said: “Demand of dried swimbladder was high at Yangon market in the first week of July. Local businesspersons sell domestic products including dried swimbladders to Yangon market as a main centre. I notice sale of fishery products without difficulties.”

In Yangon market, dried swimbladder of conger eel fetches K22,000 per viss, Natgataw K98,000, croaker K80,000 and large striped catfish K35,000-K34,500 depending on size and quality.

Kyaw Kyaw Lin


Dried Swimbladder.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲနိုင်ငံက တာဝေးပစ် ATMACA Kara ခရုဇ်ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်



တူကီယဲနိုင်ငံသည် တာဝေးပစ် ATMACA Kara ခရုဇ်ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်ခဲ့ရာ အဆိုပါဒုံးကျည်သည် အမြင့်မားဆုံးအကွာအဝေးနှင့် လေထဲတွင်ပျံသန်းတိုက်ပွဲဝင်နိုင်မှုအကြာဆုံး စွမ်းဆောင်ရည်များကို ရရှိပိုင်ဆိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တူကီယဲနိုင်ငံ Roketsan ကုမ္ပဏီက ထုတ်လုပ်ထားသော အဆိုပါခရုဇ်ဒုံးကျည်သည် ဒုံးပစ်လောင်ချာယာဉ်မှ ပစ်လွှတ်ခဲ့ပြီးနောက် သတ်မှတ်ထားသော ရေပေါ်ပစ်မှတ်တစ်ခုကို ထိမှန်ဖျက်ဆီးနိုင်ခဲ့သည်။ ATMACA Kara ခရုဇ်ဒုံးကျည်သည် တိကျမှုမြင့်မား ကောင်းမွန်နေစေရန် လိုအပ်သော မဟာဗျူဟာမြောက် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရာတွင်အသုံးပြုရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ပြီး Jamming ပြုလုပ်မှုဒဏ်ခံနိုင်ရည်မြင့်မားသည့် တာဝေးပစ် ခရုဇ်ဒုံးကျည်ဖြစ်ကြောင်း ကာကွယ်ရေးစက်မှုလုပ်ငန်းဥက္ကဋ္ဌ Haluk Gorgun က X လူမှုကွန်ရက်အကောင့်တွင် ရေးသားဖော်ပြခဲ့သည်။

တူကီယဲနိုင်ငံ လေကြောင်းနှင့်အာကာသကုမ္ပဏီ Kale Arge က ထုတ်လုပ်ထားသော KTJ-3700 အင်ဂျင်တပ်ဆင်ထား၍ စမ်းသပ်ပျံသန်းမှုတွင် ATMACA Kara ခရုဇ်ဒုံးကျည်သည် အမြင့်မားဆုံးအကွာအဝေးအတွင်း၌ ပစ်မှတ်ကို တိကျစွာထိမှန်ဖျက်ဆီးနိုင်ခဲ့သည်ဟု ၎င်းက ထည့်သွင်းရေးသားခဲ့ကြောင်း သိရသည်။

နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များအရ အဆိုပါ ATMACA Kara ခရုဇ်ဒုံးကျည်၏ ထိရောက်အကွာအဝေးမှာ ကီလိုမီတာ ၂၈၀ ဖြစ်ပြီး သင်္ဘောဖျက်ဒုံးကျည်မျိုးကွဲထက် အကွာအဝေး ကီလိုမီတာ ၆၀ ပိုမိုစွမ်းဆောင်ရည်မြင့်မားကောင်းမွန်ကြောင်း သိရသည်။

ဒုံးကျည်အလေးချိန် ကီလိုဂရမ် ၈၉၀ ခန့်ရှိပြီး ဒုံးထိပ်ဖူးအလေးချိန်မှာ ကီလိုဂရမ် ၂၅၀ ရှိသည်။ ATMACA Kara ခရုဇ်ဒုံးကျည်သည် မဟာဗျူဟာမြောက်မြေပြင်ပစ်မှတ်များ၊ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များနှင့် မြေပြင်အခြေစိုက် ယာဉ်တင်ဒုံးကျည်စနစ်များ စသည်တို့ကို ပစ်မှတ်ထားတိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ်တွင် တူကီယဲတပ်မတော်၌ စတင်တပ်ဖြန့်အသုံးပြုနိုင်ရန် မျှော်မှန်းထားသည်။ တူကီယဲတပ်မတော်၏ စစ်ရေးစွမ်းရည်များကို ပိုမိုအားကောင်းလာစေရန်နှင့် အမေရိကန်ထုတ် Harpoon သင်္ဘောဖျက်ဒုံးကျည်များကဲ့သို့သော ဒုံးကျည်စနစ်များနေရာတွင် အစားထိုးအသုံးပြုနိုင်ရန် ရည်ရွယ်နေခြင်းလည်းဖြစ်သည်။

အဆိုပါခရုဇ်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ခြင်းသည် တူကီယဲနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်းကို အဆင့်မြှင့်တင်ရန်နှင့် ပြည်တွင်းထုတ်စစ်ဘက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် တူကီယဲနိုင်ငံ၏ စဉ်ဆက်မပြတ်ကြိုးပမ်းနေမှုများကို ထင်ဟပ်စေလျက်ရှိကြောင်း သိရသည်။

**Turkey Test-Fires Longer Range ATMACA Cruise Missile** ကို ဘာသာပြန်ဆိုထားပါသည်။

## ဖိလစ်ပိုင်က ဆွီဒင် Saab ကုမ္ပဏီထုတ် Gripen တိုက်လေယာဉ်များဝယ်ယူရန် စီစဉ်နေ



ဖိလစ်ပိုင်နိုင်ငံသည် တိုက်လေယာဉ်အသစ် အစင်း ၄၀ ဖြင့် လေကြောင်းစွမ်းအားခိုင်မာအားကောင်းစေရန် အဆင့်မြှင့်တင်သွားမည်ဖြစ်ရာ ဆွီဒင်နိုင်ငံ Saab ကုမ္ပဏီထုတ် Gripen တိုက်လေယာဉ်များကို ဝယ်ယူရန်စီစဉ်နေကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆွီဒင်နိုင်ငံ Saab ကုမ္ပဏီထုတ် Gripen တိုက်လေယာဉ်သည် ပေါ့ပါးပြီး ကုန်ကျစရိတ်သက်သာသည့် ဖြေရှင်းချက်တစ်ခုအဖြစ် စတုတ္ထမျိုးဆက်လွန်အပေါ့စားဘက်စုံသုံးတိုက်လေယာဉ်ဖြစ်သည်။

Gripen သည် အင်ဂျင်တစ်ခုတည်းဖြင့် အမြန်နှုန်း Mach 2 ထိ ပျံသန်းစစ်ဆင်နိုင်သည်။ ၎င်းတွင် PS-05/A AESA ရေဒါတပ်ဆင်ထားပြီး ထိရောက်သော ထောက်လှမ်းမှုနှင့် ခြေရာခံထိန်းကျောင်းနိုင်စွမ်းများပိုင်ဆိုင်ထားသည်။ လေယာဉ်၏ အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်သည် အလွန်အဆင့်မြင့်ပြီးJamming ပြုလုပ်နိုင်သည့်စွမ်းရည်များနှင့် ခြိမ်းခြောက်မှုထောက်လှမ်းသည့်စနစ်များ ပါဝင်သည်။

ဖိလစ်ပိုင်လေတပ်အတွက် Gripen တိုက်လေယာဉ် ရွေးချယ်ဝယ်ယူရခြင်း၏ အဓိကအားသာချက်မှာ လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်သက်သာခြင်းနှင့် ပြုပြင်ထိန်းသိမ်းရ လွယ်ကူခြင်းတို့ကြောင့်ဖြစ်ပြီး အရင်းအမြစ် အကန့်အသတ်ရှိသောနိုင်ငံအတွက် ဆွဲဆောင်မှုရှိသော ရွေးချယ်မှုတစ်ခုဖြစ်လာစေကြောင်း သိရသည်။

သို့သော် အားနည်းချက်မှာ Payload တင်ဆောင်တိုက်ပွဲဝင်နိုင်မှုသည် အခြားအကြီးစား တိုက်လေယာဉ်များထက် အားနည်းနိုင်ပြီး ဘက်စုံတိုက်ပွဲဝင်နိုင်မှုစွမ်းရည် အကန့်အသတ်ဖြင့်သာ ပြုလုပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤတိုက်လေယာဉ်ဝယ်ယူရေး စီမံကိန်းသည် အနည်းဆုံးအမေရိကန်ဒေါ်လာ ၃၃ ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်းထားကာ ပိုမိုကျယ်ပြန့်သော ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးအဆင့်မြှင့်တင်မှု သို့မဟုတ် ခေတ်မီရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။ ဤဝယ်ယူရန်အစီအစဉ်တွင် တိုက်လေယာဉ်များအပြင် တာလတ်ပစ်ဒုံးကျည်များ ဝယ်ယူမှုလည်းပါဝင်သည်။ ဖိလစ်ပိုင်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Romeo Brawner ၏ အဆိုအရ ယခုကဲ့သို့ စစ်ရေးစွမ်းအားများ ဝယ်ယူဖြည့်တင်းမှုသည် ဖိလစ်ပိုင်ပင်လယ်အတွင်းသီးသန့်စီးပွားရေးဇုန်နှင့်ကပ်နေသည့် ဧရိယာများအတွင်း တရုတ်နှင့် တင်းမာမှုများ တိုးပွားလာနေချိန်တွင် နိုင်ငံ၏ကာကွယ်ရေးအတွက် အလွန်အရေးကြီးကြောင်း သိရသည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံလေတပ်၌ FA-50PH အပေါ့စား တိုက်ခိုက်ရေးလေယာဉ် တစ်ဒါဇင်ခန့်ရှိပြီး နယ်မြေကာကွယ်ရေးအတွက် မလုံလောက်ဟု ယူဆထားကြသည်။ ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး Gilberto Teodoro က တိုက်လေယာဉ်အသစ်များအတွက် တင်ဒါခေါ်ယူမှုကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး တိကျသောမော်ဒယ် သို့မဟုတ် ထုတ်လုပ်သူကို အမည်မဖော်ပြဘဲ လက်သင့်ခံနိုင်သော ကမ်းလှမ်းမှုများအားလုံးကို ပြန်လည်သုံးသပ်နေကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးနှင့် လေကြောင်းစွမ်းအားအဆင့်မြှင့်တင်မှုသည် ဒေသတွင်းတင်းမာမှုများ မြင့်တက်လာချိန်တွင် လက်နက်ကိုင်တပ်ဖွဲ့များ ခေတ်မီအဆင့်မီရေး ဖိလစ်ပိုင်နိုင်ငံအစိုးရအတွက် ဦးစားပေးတစ်ခုဖြစ်လာခဲ့သည်။ Gripen နှင့်အတူ Saab ကုမ္ပဏီသည် အင်ဒို-ပစိဖိတ် တိုက်လေယာဉ်ဈေးကွက်တွင် ရပ်တည်ချက်ကို ခိုင်မာစေမည့် ဤအရေးကြီးသော ဝယ်ယူရေးစာချုပ်ကို ပိုင်ဆိုင်ခွင့်ရရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

**After Success in Thailand, Saab Aims for New Order of 40 Gripen Fighters from Philippines** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# လပွတ္တာမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလောက် ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလောက် ပိဿာချိန် ၈၂၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးသလောက် ပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးသလောက် ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ဒေသထွက် ငါးသလောက်တွေကို ဩဂုတ်လအတွင်း ငါးသလောက်ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ငါးသလောက်တွေက လတ်ဆတ်မှုရှိပါတယ်။ အခုလထဲမှာလဲငါးသလောက်တွေကိုရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှတင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀၊ အလတ် တစ်ပိဿာလျှင်ငွေကျပ် ၃၅၅၀၀ မှ ၄၅၅၀၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ မှ ၁၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါငါးသလောက်များ ပုံမှန်တင်ပို့ရောင်းချရသည့်အတွက် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၁၉၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဘုတလင် စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၁၉၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် နှမ်း ဧက ၅၂၀၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၁၉၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နှမ်းဧက ၅၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်" ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြား စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(၂၀၆)**

# စလင်းမြို့နယ် မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေရ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရုံးပင်ကန်ကျေးရွာအုပ်စု မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၄ ရက်က အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မင်းကန်ကျေးရွာတွင် ပထမအကြိမ်ထုတ်ချေးမည့်ရန်ပုံငွေကျပ် သန်း ၃၀ ကို မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက မြို့နယ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၈၂ ဦးကို ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၅-၉-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၂၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၃၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး $21^{st}$ ASEAN Chiefs Of Defence Forces Meeting ($21^{st}$ ACDFM) သို့ တက်ရောက်စဉ်။



မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee တို့ တွေ့ဆုံဆွေးနွေးစဉ်။

ရှေ့ဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်တက်ရောက်ပြီး ဆက်စပ်အစည်းအဝေးများဖြစ်သည့် $14^{th}$ ASEAN Military Operations Meeting ($14^{th}$ AMOM) သို့ တက်ရောက်လျက်ရှိသည့် စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်(၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး ($21^{st}$ ASEAN Military Intelligence Meeting–$21^{st}$AMIM)သို့ တက်ရောက်လျက်ရှိသည့် ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်မင်းသူနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဦးစွာ (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး ($21^{st}$ACDFM)ဥက္ကဋ္ဌ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က တက်ရောက်လာကြသည့် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ပြီး အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး($21^{st}$ ACDFM)ဥက္ကဋ္ဌ လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန စစ်ဘက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Brigadier General Bouavanh Athanaxay နှင့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး($14^{th}$ AMON)ဥက္ကဋ္ဌ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန စစ်ဆင်ရေးဌာနအကြီးအကဲ Major General Kongthong Soukhavong တို့က အစည်းအဝေးရလဒ်များကို ဖတ်ကြားတင်ပြခဲ့ကြသည်။




မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်း (၁၄) ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး $14^{th}$ ASEAN Military Operations Meeting ($14^{th}$ AMOM)တွင် အစည်းအဝေးတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

၎င်းနောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံတပ်မတော်များမှ ကာကွယ်ရေးဦးစီးချုပ်များနှင့် ကိုယ်စားလှယ်များက "အာဆီယံ-ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရေးတို့အတွက် လက်တွဲဆောင်ရွက်ခြင်း(ASEAN–Together for Peace, Security and Resilience)" ခေါင်းစဉ်ဖြင့် နိုင်ငံအက္ခရာစဉ်အလိုက် အသီးသီးပါဝင်ဆွေးနွေးခဲ့ကြသည်။

မြန်မာ့တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက အာဆီယံ၏အဓိကရည်မှန်းချက်နှင့်လုပ်ဆောင်ချက်များကို တွန်းအားပေး မီးမောင်းထိုးပြနေသည့် "အာဆီယံ–ငြိမ်းချမ်းရေး၊ လုံခြုံရေး နှင့် ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရေးတို့အတွက် လက်တွဲဆောင်ရွက်ခြင်း (ASEAN–Together for Peace, Security and Resilience)"ခေါင်းစဉ်ဖြင့် အသေးစိတ် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်ပြီး အာဆီယံတပ်မတော်များ၏ နှစ်နှစ်တာလုပ်ငန်းစီမံချက်(၂၀၂၄-၂၀၂၆) {Two Years Work Plan (2024–2026} အား အတည်ပြုခြင်း၊ $21^{st}$ ACDFM ၏ ပူးတွဲကြေညာချက် Joint Statement အား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ပူးတွဲကြေညာချက် Joint Statement ကို အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းနောက် $21^{st}$ ASEAN Chiefs of Defence Forces Meeting ($21^{st}$ ACDFM)ဥက္ကဋ္ဌ လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက အပိတ်မိန့်ခွန်းပြောကြားကာ (၂၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး ($22^{nd}$ACDFM) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး၏ အလံ(ACDFM Flag)တို့ကို လွှဲပြောင်းပေးအပ်ခဲ့ကြပြီး အစည်းအဝေးကိုအောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးသည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee၊ ဗီယက်နမ်အမျိုးသား

# ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar CDC)၌ Virtual စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Mpox ရောဂါသည် မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားမှုမရှိသေးကြောင်း၊ ပြည်တွင်းသို့လာရောက်သည့် နိုင်ငံတကာအဝင်ဂိတ်ပေါက်များမှ ဝင်ရောက်လာမည့် ခရီးသည်များကတစ်ဆင့် ကူးစက်ဖြစ်ပွားမှုမရှိစေရေး စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိကြောင်း၊Mpox ရောဂါသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကူးစက်မြန်ရောဂါမဟုတ်ဘဲ ရောဂါဖြစ်သူနှင့် အနီးကပ်ထိတွေ့ဆက်ဆံမှသာ ကူးစက်နိုင်သည့်ရောဂါဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားနိုင်သည့် လူအုပ်စု (Special targeted group) များအလိုက် အသိပညာပေးကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ရာ၌ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ခရိုင်နှင့်မြို့နယ်အဆင့်များတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ကုသရေးဦးစီးဌာန ဆေးရုံများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မကူးစက်နိုင်သောရောဂါများ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်များမှ ဆေးဝါးများကိုလည်း





မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် ဗီယက်နမ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Nguyen Tan Cuong တို့ တွေ့ဆုံဆွေးနွေးစဉ်။



မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen တို့ တွေ့ဆုံဆွေးနွေးစဉ်။



မြန်မာ့တပ်မတော်မှ ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မင်းသူနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (21st ASEAN Military Intelligence Meeting–21st AMIM)သို့ တက်ရောက်စဉ်။



မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက တည်ခင်းဧည့်ခံသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ် ရေးဦးစီးချုပ်များအစည်းအဝေးအထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Nguyen Tan Cuong နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Vong Pisen တို့နှင့် သီးခြားစီ Bilateral Meeting များ တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက တည်ခင်းဧည့်ခံသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အလားတူ စက်တင်ဘာ ၃ ရက်တွင် အဆိုပါဟိုတယ်၌ ပြုလုပ်ခဲ့သည့် (၁၄) ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး 14th ASEAN Military Operations Meeting (14th AMOM) အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း၊ (၂၁) ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (21st ASEAN Military Intelligence Meeting–21st AMIM)သို့ မြန်မာ့တပ်မတော်မှ ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်မင်းသူနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်းအသီးသီး ပါဝင်တက်ရောက်၍ အာဆီယံတပ်မတော်များအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ကတိကဝတ်များကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

ပြည်သူများထံ ထိရောက်စွာရောက်ရှိရေး အတွက် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများ ညှိနှိုင်းပေါင်းစပ်၍ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျန်းမာရေးဌာနများနှင့် ဆေးရုံများဖွင့်လှစ်ဆောင်ရွက်မှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ သားဖွားခန်းများတွင် မွေးဖွားပေးနိုင်မှု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ စီမံချက်လုပ်ငန်းများမှ ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများရရှိမှု၊ သုံးစွဲမှုအခြေအနေ၊ဆေးရုံများတွင် ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများရရှိမှု၊ သုံးစွဲမှုအခြေအနေ၊Mpox ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍကြိုတင်ပြင်ဆင်ထားရှိမှုနှင့် တုံ့ပြန်ဆောင်ရွက်မှုအခြေအနေတို့နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြကြသည်။


ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့ ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း ကမ်းလွန်-ဩရိသ တောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး နောက် ၇၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံအနောက် ဘင်္ဂလားပြည်နယ် ကမ်းခြေ-ဩရိသပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့ ပိုမို အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**



# မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်း ဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံစဉ်။

# ရှမ်းပြည်နယ်ရှိ နည်းပညာတက္ကသိုလ်(ပင်လုံ)၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)တို့သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူဆောင်ရွက်နေကြသော သုတေသနပရောဂျက်များကို လှည့်လည်ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လာမည့်ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားနိုင်ရေး လိုအပ်သည်များ မှာကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် လားရှိုးဒေသရှိ တက္ကသိုလ်၊ ကျောင်းများမှ တွဲဖက်တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ အစိုးရနည်းပညာအထက်တန်းကျောင်း (ပင်လုံ)၌ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဆရာ၊ ဆရာမများအနေဖြင့် စာတွေ့၊ လက်တွေ့ ပို့ချသင်ကြားရာတွင် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုမြင့်မားလာပြီး ဒေသအတွင်း လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်နှင့် သတ်မှတ်အရည်အသွေးစံနှုန်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)နှင့် နည်းပညာတက္ကသိုလ်(ပင်လုံ) တို့ရှိ အစည်းအဝေးခန်းမများ၌ ကျင်းပသည့် နိုင်ငံတကာ Polytechnic University များအကြောင်း ရှင်းလင်းဆွေးနွေးပွဲများသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲများတွင် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းက Polytechnic University နှင့်စပ်လျဉ်းသည့် သဘောသဘာဝနှင့် ဖြစ်ပေါ်လာမည့် အားသာချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများ၊ တက္ကသိုလ်ဘောလုံးကွင်း တည်ဆောက်နေမှုနှင့် တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Brilliance Auto Co., Ltd. ကတင်သွင်းလာသော တရုတ်နိုင်ငံထုတ် KAIYI B-EV အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



☆ ကျောဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အုပ်စု(ခ)မှ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ကြပြီး အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ပထမပွဲစဉ်အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ဒုတိယပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းနိုင်ရေးအတွက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းနိုင်ရေး စိစစ်ရေးအဖွဲ့၏ ဂုဏ်အင်္ဂါအရည်အချင်းစိစစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅



၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းနိုင်ရေးအတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်အပ်နှင်းနိုင်ရေး စိစစ်ရေးအဖွဲ့၏ ဂုဏ်အင်္ဂါအရည်အချင်း စိစစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်းဟူသည့် မွန်မြတ်သောအစဉ်အလာသည် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် အရာဌာနအားလျော်စွာ ထူးချွန်ထက်မြက်သည့် ဘိက္ခု၊ ဘိက္ခုနီနှင့် လူပုဂ္ဂိုလ်များကို "ဧတဒဂ်" ဘွဲ့ထူးများ ချီးမြှင့်ပေးတော်မူခဲ့ပြီး ထိုမွန်မြတ်သော အစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် မြန်မာနိုင်ငံတွင် ရှေးဘုရင်များလက်ထက်ကတည်းက ယနေ့အချိန်ထိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဂုဏ်အင်္ဂါအရည်အချင်းများ သတ်မှတ်ရေးဆွဲပြဋ္ဌာန်း၍ ခေတ်အဆက်ဆက် ဆက်ကပ်ချီးမြှင့်ခဲ့ကြကြောင်း၊ ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အဆိုပြုလျှောက်ထားလာမှုနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် သတင်းရဲတပ်ဖွဲ့တို့အနေဖြင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ရန် လျှောက်ထားလာသည့် ရဟန်း၊ သီလရှင်တို့နှင့်ပတ်သက်၍ ဝိဝါဒါဓိကရဏ်းမှုခင်း၊ အနုဝါဒါဓိကရဏ်းမှုခင်းများ ကင်းရှင်းမှု ရှိမရှိနှင့် ဘွဲ့တံဆိပ်လျှောက်ထားလာသည့် လူပုဂ္ဂိုလ်တို့၏ ကိုယ်ရေးနောက်ကြောင်း ကင်းရှင်းမှု ရှိ၊ မရှိတို့ကို စိစစ်ပေးရန်ဖြစ်ပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်း အခွန်များဦးစီးဌာနအနေဖြင့် ပြည်တွင်းမှ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့လျှောက်ထားလာသည့် လူပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ ၎င်းတို့အနေဖြင့် နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်ငွေများ အကျေပေးသွင်းပြီးခြင်း ရှိ၊ မရှိ၊ အခြားပေးရန် ကြွေးကျန်များ ရှိ၊ မရှိတို့ကို စိစစ်ပေးရန်ဖြစ်ပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနအနေဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လျှောက်ထားလာသည့် ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့နှင့်ပတ်သက်၍ နိုင်ငံသားဖြစ်မှုအခြေအနေနှင့် သာသနာဝင်စိစစ်ရေးကတ်၊ သာသနာနွယ်ဝင်စိစစ်ရေးကတ်နှင့် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်မှုအခြေအနေတို့ကို စိစစ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခု ၂၀၂၅ ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အဆိုပြုလျှောက်ထားလာသည့် အဆိုပြုစာရင်းများအနက် ပြည်တွင်းမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့၏ စိစစ်ချက်များကို အချိန်မီ တင်ပြနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးကြရန် အထူးမေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန တာဝန်ရှိပုဂ္ဂိုလ်တို့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ဦးစီးဌာနအလိုက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်အဆိုပြုလွှာများ စိစစ်ဆောင်ရွက်ထားရှိမှုအခြေအနေကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနတို့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ စီမံဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် အဂတိလေးပါးကင်းရှင်းစွာဖြင့် မှန်မှန်ကန်ကန် စိစစ်ရွေးချယ်နိုင်ရေးတို့အတွက် တာဝန်ရှိသူအားလုံးတို့က သာသနာတော်နှင့် ပြည်သူလူထုအပေါ်မှာ တာဝန်ထမ်းဆောင်ရင်းဖြင့် ကုသိုလ်ပြုကြရန် တိုက်တွန်းပြောကြားပြီး ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ရန် သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အလုပ်သမားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ( ၁၀၈/၂၀၂၄)**

၁၃၈၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်

(၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၈ရက်)

အလုပ်သမားဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၃၁ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ရန် သတ်မှတ်ခြင်း**

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများသည် ပြည်ပနိုင်ငံတွင် မိမိရရှိမည့် လုပ်ခလစာ၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မိမိ၏မိသားစုဝင်များထံသို့ တရားဝင်ဘဏ်စနစ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသည့် Remittance Business License(RBL) ရရှိသူများဖြင့်ဖြစ်စေ၊ ဘဏ်စနစ်ဖြင့်ချိတ်ဆက်ထားသော နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြင့်ဖြစ်စေ တစ်လလျှင်တစ်ကြိမ် လုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်း သို့မဟုတ် အများဆုံး သုံးလလျှင်တစ်ကြိမ် သုံးလစာစုစုပေါင်း၏ အနည်းဆုံး၂၅ ရာခိုင်နှုန်းကို မိမိ၏မိသားစုဝင်များထံသို့ သို့မဟုတ် မိခင်နိုင်ငံရှိ မိမိ၏ဘဏ်စာရင်းသို့ လွှဲပြောင်းပေးပို့ရမည်။

၂။ အပိုဒ် ၁ ပါနည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ တရားဝင်လွှဲပို့ထားသော မိသားစုလွှဲပို့ငွေများကို တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေရလမ်းဖော်ပြနိုင်သောငွေအဖြစ် ခံစားခွင့်ရရှိနိုင်ရေး တရားဝင်လွှဲပြောင်းပေးပို့ခဲ့သည့် အထောက်အထားစာရွက်စာတမ်းများကို သေချာစွာသိမ်းဆည်းထားရမည်။

၃။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားများသည် အပိုဒ် ၁ ပါနည်းလမ်းများအတိုင်း တရားဝင်ငွေလွှဲပေးပို့ထားသည့် အထောက်အထားများကို မိမိအားတာဝန်ယူစေလွှတ်ခဲ့သည့် အေဂျင်စီထံသို့ မပျက်မကွက်မိတ္တူပေးပို့ရမည်။

၄။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများသည် မိမိစေလွှတ်ခဲ့သည့် အလုပ်သမားများကို တရားဝင်ငွေလွှဲပြောင်းပေးပို့ရာတွင် လွယ်ကူ၊ မှန်ကန်၊ မြန်ဆန်စေရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရမည့်အပြင် အလုပ်သမားများက လစဉ်လွှဲပို့သည့် အထောက်အထားများကို အလုပ်သမားဝန်ကြီးဌာနသို့ လချုပ်အဖြစ် အထောက်အထားများပူးတွဲလျက် မပျက်မကွက်တင်ပြရမည်။

၅။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အပိုဒ် ၁ ပါနည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ မိသားစုလွှဲပို့ငွေ လွှဲပြောင်းပေးပို့ရန် ပျက်ကွက်သည်ကို စိစစ်တွေ့ရှိရပါက ပြည်ပသို့ အလုပ်ဖြင့်ထွက်ခွာမှုကို ကာလအကန့်အသတ်ဖြင့် ပိတ်ပင်ခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card–OWIC) ထုတ်ပေးမှုမပြုခြင်း၊ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးမြှင့်ခွင့်မပြုခြင်း စသည်တို့အပြင် လိုအပ်သလိုစိစစ်အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်သည်။

၆။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိ၏မိသားစုဝင်များထံသို့ ငွေလွှဲပို့ရာတွင် မိသားစုလွှဲပို့ငွေများကို တရားမဝင်ဟွန်ဒီလုပ်ငန်းလုပ်ကိုင်သူများမှတစ်ဆင့် ငွေလွှဲပြောင်းပေးပို့ခြင်း မပြု(မပြု)ကြရန်နှင့် တရားဝင်လမ်းကြောင်းများမှသာ လွှဲပြောင်းပေးပို့ကြရမည်ဖြစ်သည်။

မြင့်နောင်

ပြည်ထောင်စုဝန်ကြီး

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၄ ရက်သာ လိုတော့သည်

# အိန္ဒိယနိုင်ငံ National Defence College သင်တန်းသားများ မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ်အဖြစ် လာရောက်လေ့လာ



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အိန္ဒိယနိုင်ငံ National Defence College သင်တန်းသားများ ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်းနည်းပြအရာရှိ(Senior Directing Staff)ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သောသင်တန်းသားများသည် လေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ စက်တင်ဘာ ၁ ရက်တွင် ရောက်ရှိခဲ့ကြသည်။

အဆိုပါသင်တန်းသားများသည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝပြုလေ့လာခြင်း၊ တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)နှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ကြသည်။



**အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence Collegeမှ အကြီးတန်းနည်းပြအရာရှိ(Senior Directing Staff) ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော သင်တန်းသားများ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်အားလေ့လာပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။**

ထို့ပြင် အိန္ဒိယနိုင်ငံ National Defence College သင်တန်းသားများသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက တက္ကသိုလ်၏ သမိုင်းကြောင်းကို ရှင်းလင်းပြသသည်။ ထို့နောက် အဆိုပါ လေ့လာရေးအဖွဲ့သည် ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသမိုင်းပြတိုက်တို့ကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါလေ့လာရေးအဖွဲ့သည် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အိန္ဒိယနိုင်ငံ National Defence College မှလေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်ဂုဏ်ပြုပေးအပ်

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့်စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ ဂုဏ်ပြုပေးအပ်ခြင်းကို ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ထမ်းမိသားစုများကလှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ရှစ်ဆယ့်သုံးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါစားသောက်ဖွယ်ရာနှင့် ပစ္စည်းများကို ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချုံချုံတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးထံ ဂုဏ်ပြုပေးအပ်စဉ်။

## ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ရာဂိ"(YAGI)သည် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ဖြတ်ကျော်ပြီးနောက် ရွေ့လျားမည့်အကြွင်းအကျန်တိမ်တိုက်များကြောင့်လည်းကောင်း၊ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင်နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

သို့ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်နှင့်မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီနှင့် ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်စဉ်။




**နေပြည်တော် စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်းက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/ ၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ဂုဏ်ပြုကြိုဆို



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄) သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် သက်ဆိုင်ရာသင်တန်းကျောင်းများမှ တာဝန်ရှိသူများက နိုင်ငံ့သားကောင်း ရတနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားများပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ပဋ္ဌိပတ္တိမာမကကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၇ ဖွဲ့ ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၄ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါတည်ထောင်ခွင့်ပြုပြီးနိုင်ငံရေးပါတီ ၁၄ ပါတီအနက် ဦးခင်မောင်ဦး ခေါင်းဆောင်သည့် **ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Unity and Develop–ment Party)**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၃ ပါတီအနက် ပါတီ ၁၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူများထံ အသိပေးပန်ကြားချက်

❖ ပြည်တွင်းတွင် သာမန်မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားလာမှုနှင့် ပတ်သက်၍ ၁–၉–၂၀၂၄ ရက်မှစ၍ စာအုပ်ဖိုးငွေကျပ် ၃၅၀၀၀ မှ ငွေကျပ် ၄၀၀၀၀ သို့ ပြောင်းလဲ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ဩဂုတ်လအတွင်း သတင်းရရှိမှု ၄၄ ကြိမ်ရရှိခဲ့ပြီး သတင်းမှားနှစ်ကြိမ်၊ နောက်ကျသတင်းတစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၄၁ ကြိမ် ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၆၁ မှုမှ ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်းအမျိုး ၆၀ အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၂ ဒသမ ၀၇၅ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိသည်။

ဩဂုတ်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်းဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် ၉၄၂ ဒသမ ၀၇၅သန်း၏ ၂၀ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၈၈ ဒသမ ၄၁၅ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှလည်း မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း- ၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃နှင့် အီးမေးလ် antiillegaltradeinfo@gmail.comသို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




















## "Blue Pansy" လိပ်ပြာပုံ (၂၀၀ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် စက်တင်ဘာ ၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် "Blue Pansy" လိပ်ပြာပုံ(၂၀၀ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၉ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တော်သလင်းလဆန်း ၇ ရက်(တနင်္လာနေ့) နံနက်၉နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိစာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့်မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၉ ရက်(တနင်္လာနေ့)တွင် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**












# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Win Ko" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့သာကုန်းကျေးရွာနေ ဝင်းကိုအား ညနေ ၃ နာရီတွင်လည်းကောင်း၊ "Nyi Nyi" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပါရမီရပ်ကွက်နေ ညီညီထွန်း(ခ)ပလာတူအား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၅၀၁)**

**ခရီးသွားဆောင်းပါး**

# ရန်ကုန်မိုးနှင့် ရန်ကုန်ခရီး

**သက်နိုင်(ပြင်ဦးလွင်)**

ဒီတစ်ခေါက်သွားရမဲ့ခရီးက ရန်ကုန်မြို့ကိုပါ။ မြန်မာနိုင်ငံစာရေးဆရာအသင်းရဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ဝင် အစည်းအဝေးကို တက်ရောက်ဖို့အတွက် သွားရောက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ခရီးမထွက်ခင်ကတည်းက မိမိနဲ့အတူ ဘယ်သူတွေလိုက်ကြမလဲဆိုပြီး မေးမြန်းပြောဆိုတာမျိုးတွေလုပ်ထားခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ရန်ကုန်လိုမြို့ကြီးတစ်မြို့ကိုသွားတဲ့အခါ ကိုယ်ပိုင်ကားပါမသွားခဲ့ရင် သွားရလာရတာ ခက်ခဲပါတယ်။ မိမိလို ဟိုနားသွားချင်၊ ဒီနားသွားချင် လမ်းများတဲ့သူတွေအတွက် ပိုမိုခက်ခဲနိုင်ပါတယ်။ ဒါကြောင့် ခရီးဖော် လေးငါးခြောက်ယောက်နဲ့အတူ ကိုယ့်ကားနဲ့ကိုယ်သွားနိုင်ရင်အကောင်းဆုံးပါ။ ကိုယ့်ကားနဲ့ကိုယ် မိမိတစ်ယောက်တည်းသွားမယ်ဆိုရင်လဲ အခုခေတ် စက်သုံးဆီဖိုးနဲ့ အကုန်အကျအလွန်များမှာဖြစ်ပါတယ်။ မသွားခင် ခုနစ်ရက်လောက်အလိုထိ သူလိုက်မယ်၊ ငါလိုက်မယ်ဆိုတဲ့လူ ၁၀ ယောက်လောက်ရှိနေတယ်။

ဒါပေမဲ့ မိမိလို မကြာခဏခရီးတွေထွက်နေသူတစ်ယောက်အတွက် ဒါမျိုးတွေက ရိုးနေပါပြီ။ မသွားခင်တုန်းက သေချာပေါက်လိုက်ပါမယ်ဆိုပြီး ပြောဆိုထားကြသူအများစုက သွားမဲ့ရက်လဲရောက်ရော အကြောင်းအမျိုးမျိုးပြ ကျန်နေရစ်ခဲ့ကြတဲ့သူတွေဖြစ်ကုန်ကြတယ်။ အခုလဲ တကယ်သွားရတော့မဲ့နေ့ရက်ကိုရောက်တဲ့အခါ လိုက်မယ်ဆိုတဲ့သူတွေတစ်ယောက်မှ မလိုက်နိုင်ကြတော့ဘဲ မိမိတစ်ယောက်တည်း ထွက်လာခဲ့ရတော့တယ်။

တစ်ယောက်တည်းဖြစ်နေတဲ့အတွက် ယာဉ်စီးခ တစ်ယောက်နှုန်း လေးသောင်းကျပ်ပေးပြီး ပြင်ဦးလွင်-ရန်ကုန်ခရီးကို ခရီးသည်တင် လေအိတ်ကားကြီးစီးလာခဲ့ရတယ်။ ကားက မန္တလေးမြို့အဝင် တံခွန်တိုင်အဝိုင်းကနေ ရန်ကုန်- မန္တလေး အမြန်လမ်းပေါ်ကိုတက်ရောက်ခဲ့ပြီးတော့ တံတားဦးလမ်းခွဲထိပ် BOC စက်သုံးဆီအရောင်းဆိုင်ကိုရောက်တော့ ဆိုင်ရှေ့မှာကားရပ်ထားပြီး စက်သုံးဆီ ရ၊ မရ မေးမြန်းစုံစမ်းနေတာကို တွေ့မြင်နေရတယ်။

ရန်ကုန်နဲ့ ပြင်ဦးလွင်၊ ပြင်ဦးလွင်နဲ့ရန်ကုန်ခရီးစဉ်တွေကို အခုလို ခရီးသည်တင်ကားကြီးတွေနဲ့ အခေါက်ပေါင်းများစွာ သွားလာနေခဲ့ပြီးဖြစ်တဲ့ မိမိအဖို့ ခရီးသည်တင်ကားကြီးတွေက လမ်းခရီးမှာလိုအပ်တဲ့ဆီဝင်ဖြည့်နေရတာ၊ ဆီ ရ၊ မရ စုံစမ်းနေရတယ်ဆိုတာ ပထမဦးဆုံးအကြိမ်ပါ။ ဒါကြောင့် မိမိကိုယ်တိုင် အံ့ဩသွားခဲ့ရသလို မိမိစီးလာတဲ့ကားမှာ လုံလောက်တဲ့စက်သုံးဆီပါမလာဘူးဆိုတာကိုလဲ တစ်ဆက်တည်းသိရှိလိုက်ရတယ်။ ကားက BOC ဆိုင်မှာ ဆီဝယ်လို့မရခဲ့ဘဲ ကားထဲကလက်ကျန်ဆီနဲ့ အမြန်လမ်းမကြီးအတိုင်း ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ အချိန်က ည ၈ နာရီရှိနေပါပြီ။ ဒီလိုနဲ့ မိတ္ထီလာကိုရောက်တဲ့အခါ စက်သုံးဆီအရောင်းဆိုင်တိုင်းကို တစ်ဆိုင်ပြီးတစ်ဆိုင်ဝင်ရောက်ခဲ့ပေမဲ့ ဘယ်ဆိုင်မှာမှမရခဲ့ဘဲ စားသောက်ဆိုင်တန်းမှာ ခရီးသည်တွေအတွက် မိနစ် ၃၀ လောက် ကားရပ်နားပေးခဲ့ရတယ်။

မိတ္ထီလာ စားသောက်ဆိုင်တန်းမှာ ကားရပ်နားနေစဉ်အတွင်း ကားဆီဝယ်လို့မရရင်ဒုက္ခပဲ။ ရန်ကုန်မြို့ကို အချိန်မီမရောက်ဘဲ အစည်းအဝေးနောက်ကျတော့မှာပဲ စသဖြင့်စဉ်းစားတွေးတောပူပန်နေမိတော့တယ်။ ဒါပေမဲ့ အဲဒါတွေက သူတို့ကိစ္စ၊ နောက်မှနောက်ကိစ္စဆိုပြီး ပါလာတဲ့ထမင်းဘူးကိုဖွင့်ပြီး စားပွဲလွတ်တစ်လုံးမှာထိုင်စားနေလိုက်တယ်။ ပြင်ဦးလွင်ကနေ ရန်ကုန်မြို့ကို ဒီလိုခရီးထွက်လာတဲ့အခါတိုင်း မိမိအနေနဲ့ အိမ်ကနေ တစ်ခါသုံးထမင်းဘူးနဲ့ ထမင်းထုပ်လာလေ့ရှိတယ်။ ကားရပ်နားပေးတဲ့ထမင်းဆိုင်၊ စားသောက်ဆိုင်တန်းတွေကိုရောက်ရင် ကိုယ့်ထမင်းဘူး ကိုယ်ဖွင့်စားပြီး စားသောက်ပြီးတာနဲ့ အမှိုက်ပုံးထဲကို ထည့်ပစ်လိုက်ရုံပါ။ ဆိုင်မှာ စားပွဲထိုးတွေခေါ်၊ စားသောက်စရာတွေမှာ၊ ငွေရှင်းရတဲ့အလုပ်တွေ၊ စောင့်ဆိုင်းရတဲ့အလုပ်တွေ မလုပ်ရတော့တာကြောင့် ငွေကုန်ကြေးကျလဲ သက်သာပါတယ်။

မိတ္ထီလာမြို့ကနေ ကားပြန်ထွက်လာတော့ ည ၁၁ နာရီရှိနေပါပြီ။ ထမင်းလဲစားသောက်ပြီး အိပ်ချိန်လဲရောက်နေပြီဖြစ်လို့ ထိုင်ခုံပေါ်မှာအိပ်ပြီး လိုက်ပါလာခဲ့တာ ကားရပ်လိုက်တော့မှ အိပ်ရာကနေ နိုးလာခဲ့တယ်။ အချိန်က မနက် ၁ နာရီကျော်နေပြီဖြစ်သလို နေပြည်တော်က စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်ကို ရောက်ရှိနေတာဖြစ်ကြောင်း သိလိုက်ရတယ်။ ဆီဆိုင်မှာ မိမိစီးလာတဲ့ကားနဲ့အတူ အခြားခရီးသည်တင်ကားကြီးတွေ တန်းစီပြီးရှိနေတာကိုလဲ တွေ့မြင်နေရတယ်။ ကားတစ်စီးကို ငါးသောင်းကျပ်ဖိုး ဆီဝယ်ခွင့်ရရှိခဲ့ပြီး မိနစ်အနည်းငယ်ကြာမှ နေပြည်တော်ကနေ ပြန်လည်ထွက်ခွာမောင်းနှင်လာခဲ့ရတယ်။ မိမိတို့လို ခရီးသည်တွေအနေနဲ့ ကားပြန်လည်ထွက်ခွာလာတော့လဲ ထွက်ခွာလာတဲ့အလျောက် ကားပေါ်မှာ ဆက်လက်အိပ်ပါလာခဲ့ကြရတာပါ။



ရန်ကုန်မြို့တွင်းတစ်နေရာကို တွေ့ရစဉ်။

ဒီလိုနဲ့ မနက် ၃ နာရီကျော်လောက်မှာ ဖြူးမြို့ကို ရောက်ခဲ့ကြပြန်တယ်။ မိုင်တိုင်အမှတ် ၁၁၅ ပါ။ ဒီနေရာမှာလဲ ကားတစ်စီးကို ငါးသောင်းကျပ်ဖိုး စက်သုံးဆီဝယ်ယူခွင့်ရရှိခဲ့ပြီး ရန်ကုန်မြို့ရှိရာကို ဆက်လက်ထွက်ခွာနိုင်ခဲ့တယ်။ ဒီလိုဆီဝယ်ယူခွင့်ရရှိနေတာဖြစ်လို့ မိမိစီးလာတဲ့ကားက ရန်ကုန်မြို့ထိ အချိန်မီမောင်းနှင်ရောက်ရှိနိုင်တော့မှာပါ။ အမှန်တကယ်လဲ ရန်ကုန်မြို့ အမှတ်(၃)လမ်းမကြီးရှိရာကို မနက် ၅ နာရီကျော်လောက်မှာ ရောက်ရှိလာပါတယ်။ ဒါပေမဲ့ ကားက အောင်မင်္ဂလာအဝေးပြေးဂိတ်ယာဉ်ရပ်နားစခန်းကို တိုက်ရိုက်မောင်းနှင်ခြင်းမရှိသေးဘဲ ရှည်လျားစွာတန်းစီစောင့်ဆိုင်းနေကြတဲ့ ကားတန်းရှည်ကြီးတစ်ခုနောက်မှာ ဝင်ရောက်တန်းစီရပ်ထားလိုက်ပါတယ်။ စက်သုံးဆီဝယ်ယူဖို့ဖြစ်ကြောင်း သိလိုက်ရတယ်။ အမှန်တကယ်လဲ ဆီဝယ်ယူဖြည့်တင်းတာဖြစ်ပြီး အချိန်ပေါင်းများစွာအကြာ မနက် ၇ နာရီထိုးမှ ဆီဆိုင်ထဲကနေ ထွက်လာခဲ့ရတယ်။ အောင်မင်္ဂလာယာဉ်ရပ်နားစခန်းကို ရောက်တော့ ၈ နာရီထိုးတော့မှာပါ။ ခရီးသည်တင်ကားနဲ့ ရန်ကုန်မြို့ကိုလာရောက်တဲ့အထဲမှာ ဒီတစ်ခေါက်က နောက်အကျဆုံးဖြစ်ပါတယ်။

အောင်မင်္ဂလာယာဉ်ရပ်နားစခန်းကိုရောက်တာနဲ့ ရန်ကုန်မြို့တွင်းကို ဆက်လက်သွားရောက်ဖို့အတွက် အငှားယာဉ်တစ်စီးကို ထပ်မံငှားရမ်းရတယ်။ မိမိသွားရောက်တည်းခိုမဲ့နေရာက ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းဆုံမီးပွိုင့်အနီးမှာရှိနေတဲ့ အကြည်တော်ဟိုတယ်ပါ။ ဒီနေရာက သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတိုက်တွေနဲ့ နီးတဲ့အတွက်ကြောင့် သွားလာရတာ အဆင်ပြေတယ်။ ကားငှားတဲ့အခါ အဝေးပြေးဂိတ်ကနေ ပုဇွန်တောင်ကို သုံးသောင်းကျပ်ပေးပြီး ငှားလာခဲ့ရတယ်။ ပြင်ဦးလွင်-ရန်ကုန် ဈေးနှုန်းထက် ကျပ်တစ်သောင်းသာလျော့ပါတော့တယ်။ ရန်ကုန်မြို့ကို တစ်ခေါက်တစ်ခါလာဖို့ဆိုတာက လွယ်ကူတာမဟုတ်ပါဘူး။ အခုတစ်ခေါက်လာခဲ့တာက မရောက်တာလဲကြာ၊ အစည်းအဝေးတက်ရင်း ရေးဖော်ရေးဖက် စာပေမိတ်ဆွေတွေနဲ့ တွေ့ဆုံလို့ရအောင်သာ လာရောက်ခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ ရန်ကုန်ကိုရောက်တာနဲ့ မိုးတွေက အဆက်မပြတ်ရွာသွန်းနေသလို မိမိနဲ့ရေးဖော်ရေးဖက်အများစုက အစည်းအဝေးတက်ရောက်နိုင်ခြင်း မရှိကြတာကြောင့် မျှော်မှန်းထားသလိုတွေဖြစ်မလာတော့ပါဘူး။ အရင်အခေါက်တွေလာခဲ့စဉ်တုန်းက ခေတ္တတည်းခိုတဲ့ ပုဇွန်တောင် ရေကျော်ကနေ အစည်းအဝေးကျင်းပတဲ့ ပန်းဆိုးတန်းလမ်းက မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးနဲ့ သိမ်ဖြူလမ်းက ပြန်ကြားရေးရုံးခန်းမကို အသွားအပြန်ခြေကျင်လမ်းလျှောက်ပြီး ဝယ်စရာရှိတာဝယ်၊ စားချင်တာစား၊ ရေးဖော်ရေးဖက်တွေနဲ့ သွားလာလည်ပတ်လုပ်ခဲ့ကြရတယ်။ ပထမရက်နဲ့ဒုတိယရက် အစည်းအဝေးတက်ရတဲ့နေရာတွေက မြို့လယ်မှာရှိနေကြလို့ ခြေကျင်လမ်းလျှောက်ပြီး လေ့လာကြည့်ရှုဈေးဝယ်စားသောက်ရတာ အလွန်အဆင်ပြေနေတယ်။ ဒီနှစ်ကျင်းပတဲ့အစည်းအဝေးက ပထမရက်ကော ဒုတိယရက်ကော နှစ်ရက်စလုံးကို သိမ်ဖြူလမ်းမှာရှိတဲ့ ပြန်ကြားရေးရုံးမှာသာ ပြုလုပ်ကျင်းပတော့တာပါ။ ပန်းဆိုးတန်းလမ်းထက်စာရင် သိမ်ဖြူလမ်းက ပုဇွန်တောင်ရေကျော်နဲ့ ပိုမိုနီးကပ်ပါတယ်။ ဒါပေမဲ့ မိုးတွေရွာနေတာကြောင့် လမ်းမလျှောက်နိုင်တော့ဘဲ အငှားကားနဲ့သာ သွားလာနေရတော့တယ်။

ရောက်ရောက်ချင်းပထမနေ့မှာ မိမိတည်းခိုနေတဲ့ ဟိုတယ်ထိ ရောက်လာခဲ့တဲ့ မောင်သင်းထုံ (ကျောက်မဲ)နဲ့အတူ ပုဇွန်တောင်ဈေးမှာ ရန်ကုန်ထမင်းပေါင်းနဲ့ နံကင်ကြော်ကို နေ့လယ်စာအဖြစ်စားခဲ့ကြပြီး အစည်းအဝေးပြုလုပ်ရာ သိမ်ဖြူလမ်းကိုတော့ ကားငှားပြီး ထွက်လာခဲ့ရတယ်။ မိမိအနေနဲ့ ရန်ကုန်မြို့ကိုရောက်တိုင်း ရွှေတိဂုံစေတီတော်ကြီးကို သွားရောက်ဖူးမြော်၊ ရန်ကုန်ထမင်းပေါင်းနဲ့ ရန်ကုန်မုန့်ဟင်းခါးကောင်းကောင်းကို စားသောက်တာတွေက မဖြစ်မနေလုပ်ရိုးလုပ်စဉ်တွေဖြစ်နေပါပြီ။ သိမ်ဖြူလမ်းကို ရောက်ရှိပြီး ပထမနေ့အဖြစ်ကျင်းပပြုလုပ်တဲ့ ညှိနှိုင်းအစည်းအဝေးကိုတက်၊ မိမိရဲ့ ပြင်ဦးလွင်မြို့နယ် စာရေးဆရာအသင်းရုံးအတွက် လိုအပ်တဲ့ ရုံးကိစ္စတွေလုပ်ကိုင်ဆောင်ရွက်ပြီးချိန်မှာ ညနေ ၄ နာရီထိုးတော့မှာပါ။ အရင်နှစ်၊ အရင်အခေါက်တွေတုန်းက ဒီလိုအချိန်ဆိုရင် သံဈေးရှိရာထိ အရောက်သွားပြီး မိမိစားချင်တဲ့ ငါးတွေ၊ ပုစွန်တွေ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ပုစွန်ဆီတွေဝယ်ယူနေကျပါ။ ဒါပေမဲ့ အခုတစ်ခေါက်မှာ အစည်းအဝေးပြီးတဲ့အချိန်အထိ မိုးတွေရွာနေသေးလို့ သံဈေးအထိ မသွားနိုင်တော့ဘဲ ပုဇွန်တောင်ဈေးရှိရာကိုသာ ကားငှားပြီး ပြန်လာခဲ့ရတော့တယ်။

ပုဇွန်တောင်ဈေးမှာ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ဆိုင်တွေက နည်းပါးကြတာကြောင့် ဝယ်ယူရတာ စိတ်ကြိုက်လဲမဖြစ်သလို အဆင်လဲမပြေပါဘူး။ ဒါပေမဲ့ မရှိရှိတာကိုပဲ အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူရတော့တယ်။ ဈေးကပြန်လာတာနဲ့ ဘယ်ကိုမှမသွားတော့ဘဲ ဟိုတယ်မှာ ရေမိုးချိုး၊ ညစာထမင်းမှာယူစားသောက်ပြီး အိပ်စက်အနားယူလိုက်တော့တယ်။ အလာခရီးတုန်းက တစ်ညလုံးနီးပါးအိပ်ရေးပျက်ထားခဲ့တာကြောင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့ရသလို ရန်ကုန်မိုးကလဲ တဖျောက်ဖျောက် အဆက်မပြတ်ရွာသွန်းနေဆဲပါ။

အစီအစဉ်က မနက်စောစောထပြီး ရွှေတိဂုံဘုရားကိုသွားဖို့ စဉ်းစားထားခဲ့ပေမဲ့လဲ မိုးလင်းတဲ့ထိ မိုးတွေရွာနေလို့ ဘုရားသွားမဲ့အစီအစဉ်ကို ဖျက်လိုက်ရတယ်။ ရေချိုး၊ အဝတ်အစားလဲပြီး မနက်စာ လက်ဖက်ရည်သောက်၊ မုန့်စားဖို့အတွက် ဟိုတယ်ကနေထီးငှားပြီး ရေကျော်လမ်းဆုံကို မနက်စာစားဖို့ ထွက်လာခဲ့ရတယ်။ ဆိုင်ရောက်တော့ စားစရာတွေ ဖွယ်ဖွယ်ရာရာနဲ့ စုံစုံလင်လင်ရှိနေတာကြောင့် အဆင်ပြေနေတယ်။ မနက်စာစားသောက်ပြီးတာနဲ့ ဒုတိယနေ့ တစ်နေကုန်အစည်းအဝေးအတွက် သိမ်ဖြူလမ်းကို ကားငှားပြီးသွားရပြန်တယ်။ မိုးတွေက သည်းလိုက်၊ စဲလိုက်နဲ့ ရွာသွန်းနေဆဲပါ။ ဒီတစ်ခေါက် ရန်ကုန်ကိုလာရတာ မိုးက တော်တော်ဒုက္ခပေးနေတယ်။


အစည်းအဝေးက မနက် ၉ နာရီမှစတင်ပြီး ညနေ ၃ နာရီမထိုးမီမှာ ပြီးစီးသွားတယ်။ မိမိရဲ့ခရီးအစီအစဉ်က ညကားနဲ့ပြင်ဦးလွင်ကိုပြန်မှာပါ။ ဒါကြောင့်အချိန်ရတာနဲ့ ဟိုတယ်ကိုပြန်၊ သိမ်းစရာရှိတဲ့ပစ္စည်းတွေကို ထုပ်ပိုးသိမ်းဆည်းပြီး ဟိုတယ်နဲ့ ကပ်လျက်မှာရှိတဲ့ စံတော်ချိန်နေ့စဉ်သတင်းစာတိုက်ကို သွားရောက်ခဲ့ပြီး စာမူခတွေထုတ်ကာ တာဝန်ခံအယ်ဒီတာ၊ အယ်ဒီတာတွေနဲ့ အနီးအနားက ဆိုင်တစ်ဆိုင်မှာ တွေ့ဆုံစကားပြောကြပြီးမှ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းကို သွားဖို့စီစဉ်ခဲ့တယ်။ အလာခရီးတုန်းက အဝေးပြေးဂိတ်ကနေ ပုဇွန်တောင်ကို သုံးသောင်းကျပ်ပေးခဲ့ရတယ်။ အခု အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း(ရန်ကုန်)ကို သွားမယ်ဆိုတော့ အငှားကားတွေက လေးသောင်းကျပ် တောင်းနေကြတယ်။ ဒါကြောင့် စံတော်ချိန်နေ့စဉ်က တာဝန်ခံအယ်ဒီတာက လေးသောင်းကျပ်ပေးပြီး မသွားနဲ့ဆရာရေ။ YBS နဲ့သွားရင် လေးရာပဲ ပေးရတာ။ ကျွန်တော် YBS ပေါ်တင်ပေးလိုက်မယ်ဆိုပြီး အမှတ်(၉၃)YBSကားပေါ်တင်ပေးလိုက်တာ လေးရာကျပ်နဲ့ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းကို ရောက်လာတော့တယ်။ ဒီတော့မှ အလာခရီးတုန်းက သုံးသောင်းကျပ်ပေးခဲ့ရတာကို နှမြောမိခဲ့ရတယ်။

အပြန်ခရီးမှာစီးလာခဲ့တဲ့ကားက ဖြူးမြို့ ၁၁၅ မိုင်မှာ တစ်ကြိမ်သာရပ်နားခဲ့ပြီး ပြင်ဦးလွင်ကို စောစောစီးစီးချောချောမွေ့မွေ့ရောက်လာခဲ့ရတယ်။ ဒါပေမဲ့ ဒီတစ်ခေါက်ရန်ကုန်ခရီးစဉ်က မိုးတွေအဆက်မပြတ်ရွာနေတာကြောင့် အဆင်မပြေခဲ့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ခရီးမထွက်ရရင်မနေနိုင်သူတစ်ယောက်ဖြစ်တဲ့ မိမိကတော့ နောက်တစ်ပတ်မှာ နောက်ထပ်ခရီးစဉ်တစ်ခုကို ထပ်မံသွားရောက်လိုက်ပါအုံးမယ်။

ဝတ္ထုတိုကဏ္ဍ

# ကရုဏာချုပ်ရိုးကြောင်း

ထွန်းလှိုင်(မြိုင်)



"မြင်းတွေဟေ့ မြင်းတွေ လာကြဟေ့ ကြည့်ကြရအောင်"

သရက်ပင်ကျေးရွာ ရွာလယ်လမ်းပေါ်တွင် ကစားနေကြသောကလေးတွေ ဆူညံစွာအော်ဟစ်နေကြလေသည်။ အချင်းချင်းလက်ညှိုးထိုးကာ ပြသူပြ။ ပြေးသူပြေး။ ညီငယ်က ညီမငယ်ကို မနိုင့်တနိုင်နှင့် ပွေ့ချီသွားသူသွား။ ပျော်လည်းပျော်။ ကြီးကြီးငယ်ငယ်ရွယ်ရွယ်လတ်လတ် ဝိုင်းအုံပြီး ကြည့်နေလိုက်ကြတာ။ တအံ့တသြဖြစ်နေကြသည်။

ထိုမြင်းတွေကား စုစုပေါင်း သုံးကောင်။ ရှေ့ဆုံးက ခပ်မှန်မှန်ပြေးလာသောမြင်းကား အရပ်အမောင်းကောင်းကောင်း၊ မြင်းနီစိုင်နှာကျား၊ ခပ်ကြွမ်းကြွမ်း၊ ဟန်ပါပါစီးလာသော ဆယ်ကန်ကျေးရွာဥက္ကဋ္ဌဦးကျားမောင်။ ပင်နီရှပ်အင်္ကျီနှင့် လုံချည်အနက်ကွက်ဝတ်လျက် ပါးစပ်က ဆေးပြင်းလိပ်ခဲပြီး ဦးခေါင်းတွင် ဝါးခမောက်ဆောင်းထားသည်။ သရက်ပင်ရွာသားများကို အမှုမထား။ ခပ်တည်တည်ဖြင့် မြင်းကို စီးသွား၏။

ဥက္ကဋ္ဌကြီးမြင်းနောက်တွင် အုန်းခွံရောင်မြင်းကို စီးလာသူကား တိရစ္ဆာန်ဆေးကု ဆရာမောင်တင်ထွေး၊ ဘောင်းဘီနက်ပြာရောင်နှင့် အားကစားအဖြူစင်း အပြာရောင်ဂျာကင်ကိုဝတ်လျက် အနက်ရောင်လျှာထိုးဦးထုပ်ဆောင်းထားသည်။ မိမိမြင်းကို ခပ်မှန်မှန်စီးလျက်။ မြန်မြန်လည်း မစီးရဲ။ မြင်းပြေးမှာကြောက်နေဟန်ရှိသည်။ မြင်းသွားချင်သလောက်သွားနေသည်ကိုပင် မြင်းပေါ်ကမကျအောင် ကြိုးစားအားထုတ်ကာ နေရရှာ၏။ ဝါတော် (၆၀) ရပြီးသားဆရာတော်ကြီးကဲ့သို့ စက္ခုဣန္ဒြေကိုချကာ မြင်း၏ဦးခေါင်းသာလျှင် အားစိုက်ကြည့်နေ၏။ ဇက်ကြိုးကိုလည်း လက်နှစ်ဖက်ဖြင့်စုံကိုင်ကာ ခပ်တင်းတင်းဆွဲထားလေသည်။ မြင်းက သွားချင်သလောက် သွားမရ။ နဖူးမှ ချွေးသီးချွေးပေါက်များ စီးကျနေသည်ကိုပင် မြင်းပေါ်က လိမ့်ကျမှာစိုး၍ မသုတ်နိုင်ရှာပေ။

ဆရာမောင်တင်ထွေးကား မြင်းကျောပေါ်သို့ တစ်ခါမျှမရောက်ဖူးချေ။ ယခုမှသာလျှင် ဥက္ကဋ္ဌဦးကျားမောင် လာခေါ်၍ပါလာပေသည်။ နွားမမွေးနိုင်၍ လိုက်ပါလာရန် အတန်တန်တောင်းပန်သဖြင့် လိုက်လာရခြင်းဖြစ်သည်။ မြင်း၏ စိတ်တွင်ကား မိမိ၏ကျောပေါ်ပါလာသူကို သို့လောသို့လောဟု တွေးတောနေပေလိမ့်မည်။ မိမိကိုစီးဖူးသူ များလှပေပြီ။ ဤကဲ့သို့သောသူတစ်ယောက်မှ မကြုံဖူးသေး။ ဇက်ကြိုးကို တင်းတင်းဆွဲထားသဖြင့် အသွားရခက်လှ၏။ ထိုအခါ မြင်းက ရပ်နေ၏။ ရိုက်လိုက်ပြန်လျှင်လည်း တစ်ဟုန်ထိုးပြေးမှခက်လိမ့်မည်။ ဘယ်လိုလုပ်ရမည် မသိ။ အခုတော့ ဆရာမောင်တင်ထွေးနှင့်မြင်း၊ မြင်းနှင့် ဆရာမောင်တင်ထွေးတို့ စစ်ခင်းနေကြပြီ။ နောက်မှစီးလာသော ဥက္ကဋ္ဌ၏လက်ရုံးဖြစ်သူ မောင်ပြူးကျယ် အသံပေးလိုက်မှ မြင်းက ဆက်လျှောက်သွားသည်။ ဇက်ကြိုးကိုလည်း ခပ်တင်းတင်း ဆွဲမထားဖို့ပြော၏။ အာဂမောင်ပြူးကျယ်ပဲ။ မြင်းတောင်ကြောက်သည်။

မောင်ပြူးကျယ်သည် ဥက္ကဋ္ဌ၏လက်ရုံးဖြစ်၏။ မြင်းတွေကို ထိန်းကျောင်းတာဝန်ယူရသည်။ အသားက မည်းမည်း၊ အရပ်ပုပု၊ မျက်နှာပေါက်က ခပ်ဆိုးဆိုး၊ ဗိုလ်ကေမှာ ဖို့ရို့ဖားရား၊ ဝတ်ထားသော လုံချည်မှာ အနက်ကျား ခပ်တိုတိုဝတ်ထားသဖြင့် ဒူးဆစ်ထိ အသားရောင်က မန်ကျည်းစေ့ရောင် ပေါက်နေ၏။ ဥက္ကဋ္ဌကြီးနှင့် ဆရာမောင်တင်ထွေးတို့ မြင်းများကို ကျော်ချင်ပုံရသည်။ သို့သော် မကျော်ရဲပေ။ သူတို့က ဥက္ကဋ္ဌဖြစ်၏။ ဆရာဝန်ဖြစ်၏။ မိမိကား မြင်းထိန်းမျှသာ ဖြစ်ပေသည်။ သူ့အစွမ်းသတ္တိကို ပြချင်သော်လည်း အခုတော့ နောက်က ခပ်ဖြည်းဖြည်းလိုက်ရသည်ကို ကျိတ်၍ မကျေမနပ်ဖြစ်ဟန်ရှိသည်။

ဆရာမောင်တင်ထွေးတို့မြင်းသုံးစီး သရက်ပင်ရွာကိုကျော်ပြီး လယ်စိုက်နေသော အမျိုးသမီးတစ်သိုက်အနားဖြတ်သွားရသည်။ သူတို့ကိုမြင်လျှင် ရယ်ကြမောကြ တဟားဟားနှင့် လက်ပြသူက ပြ၊ စောင်းမြောင်း၍သီချင်းဆိုသူက ဆို၊ "မြင်းညိုရှင် မောင်ကြီးရေ"ဟု ခေါ်သူက ခေါ်လိုက်သေးသည်။ ဥက္ကဋ္ဌကြီးကတော့ ဣန္ဒြေမပျက် စီးမြဲစီးလျက်ပင်။ ဆရာမောင်တင်ထွေးကတော့ ဖိန်းတိန်းတိန်းရှိန်းတိန်းတိန်းဖြင့် မြင်းပေါ်မှမကျစေရန် ကြိုးစားစီးနေရရှာသည်။ မောင်ပြူးကျယ်ကတော့ ဟီးဟီးဟားဟားနှင့် လက်ပြလျက်ခရီးဆက်ကြသည်။

မနက်ခင်း ကိုးနာရီခန့်ရှိသေး။ မိုးတွင်းအခါဖြစ်သောကြောင့် မိုးအုံ့လျက်ရှိသည်။ နေမပူ၍ ရာသီဥတုကောင်းမွန်၏။ တဖြည်းဖြည်း မြင်းများကိုစီးလာနေခိုက် ကောင်းကင်က မိုးသားတွေတက်လာကြ၏။ မိုးရွာချလျှင်တော့ ဒုက္ခ။ ဆရာမောင်တင်ထွေး စိုးရိမ်မကင်းဖြစ်နေသည်။ တွေးလို့မှမဆုံးသေး။ မိုးကလည်း သဲကြီးမဲကြီးရွာနေပြီ။ မိုးခိုစရာ သစ်ပင်ကြီးကြီးလည်းမရှိ။ ဆရာမောင်တင်ထွေးတို့ သုံးဦးစလုံး တစ်ကိုယ်လုံးရွှဲရွှဲစိုသွားကြ၏။

ဆယ်ကန်ရွာရောက်တော့ ဆွမ်းခံဝင်ပြီ။ ဆရာမောင်တင်ထွေး မြင်းပေါ်ကဆင်း၏။ စိတ်ကတော့ လွတ်လပ်သွားပြီ။ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင်ချမ်းနေပြီ။ အဝတ်အစားအပိုလည်းမပါ။ ဥက္ကဋ္ဌကတော် ယူလာပေးသည့် ပုဆိုးနှင့်ဆွယ်တာ ဝတ်လိုက်ပြီး ရေနွေးပူပူလေးငါးခွက်လောက် ဆက်တိုက်သောက်လိုက်မှ အချမ်းပြေသွားတော့သည်။ ဥက္ကဋ္ဌကြီးကလည်း ခိုက်ခိုက်တုန်နေပြီ။ မောင်ပြူးကျယ်တစ်ယောက်တော့ ဘယ်လိုမှမနေ။ မိုးရေတောင်ဆက်ချိုးနေသေးသည်။

ဖင်နွေးအောင်ပင်မထိုင်ရသေးခင် နွားပိုင်ရှင်က သူ့နွားကို လိုက်ကြည့်ဖို့ပူဆာနေပြီ။ မိုးကလည်း မစဲသေးပေ။ မတတ်သာသည့်အဆုံး ဥက္ကဋ္ဌကြီးနှင့်အတူ နွားပိုင်ရှင်အိမ်ကို ဝါးခမောက်ဆောင်း လျှောက်ထွက်လာခဲ့သည်။ အိမ်ရောက်တော့ မမွေးနိုင်တဲ့နွားမကြီး လဲနေတာ တွေ့ရသည်။ အမိုးအကာမရှိ။ နွားကလေး မွေးလမ်းကြောင်းက ရှေ့လက်ချောင်းထွက်နေသည်။ ဆရာမောင်တင်ထွေးမရောက်ခင် ဆရာနှစ်ယောက်ပြောင်းပြီဆိုသည်။ တစ်ယောက်က ကြက်ခြေပြာ။ တစ်ယောက်က အပြင်ဆရာဝန်၊ သူတို့တစ်တွေ ရှေ့လက်ကို ဆွဲကြ၊ နှိုက်ကြသည်ဟု သိရသည်။ ဟုတ်လိမ့်မည်။ မွေးလမ်းကြောင်းဝကို ရောက်တောင်ရောက်နေပြီ။ ဘယ်လိုဆွဲဆွဲ နွားလေးထွက်မလာ။ နွားမကြီးကို ဗိုက်ခွဲမွေးရမည်။ သူတို့မှာ မေ့ဆေးမရှိဘူး။ ဌာနက ဆရာဝန်ခေါ်ပါဟု ပြောသည်တဲ့။ အင်း ဆရာနှစ်ယောက်တော့ ဆေးထိုးပြီး ဆေးဖိုးယူသွားကြပြီ။ မေ့ဆေးမရှိဘူးဟု လွယ်လွယ်ပြောခဲ့ကြတာ။ ဆရာမောင်တင်ထွေးကတော့ ဒီလိုပြောလို့မဖြစ်တော့။ အလုပ်ဝင်စက ရေနံချောင်းက အင်စပက်တော် ဆရာဦးသိန်းမောင် ပြောဖူးသည်။ သုံးဆယ့်ခြောက်ရွာမှ နွားမတစ်ကောင် သားအိမ်ထွက်နေတော့ ဆရာတစ်ယောက်ဆေးကုနေတာ သားအိမ်က ကြာလေကြီးလေ။ ပြန်သွင်းမရတော့မှ "ကျုပ်က နယ်ခံဆရာမဟုတ်ဘူး ကြာကြာနေလို့မရဘူး။ နယ်ခံဆရာသွားခေါ်ဆိုလို့ ငါ့ဆီ ရောက်လာတာပေါ့ကွာ။" အခုလည်း မေ့ဆေး မရှိဘူးဆို၍ ဆရာမောင်တင်ထွေးဆီ ရောက်လာတာကိုး။

ဆရာမောင်တင်ထွေးသည် နွားမကြီး မိုးလုံအောင် ထန်းရွက်တွေနဲ့ ချက်ချင်းအမိုးလုပ်ခိုင်း၏။ မညှာမတာ မွေးစနွားမကြီး မိုးရေထဲပစ်ထားတာ။ ကိုယ်ချင်းရယ်မှမစာနာ။ နွားမကြီးကတော့ နွားလေးထွက်လာဖို့ အားစိုက်ညှစ်နေသည်။ မိုးကလည်းစိုထား။ ညှစ်ရတာလည်းပင်ပန်းနှင့် နွားမကြီးမောနေပြီ။ လက်ကိုရေဆေးပြီး နွားကလေးအခြေအနေသိရအောင် ကြည့်လိုက်၏။ ဦးခေါင်းအနေအထားမှန်၏။ ပါးစပ်ထဲလက်စမ်းကြည့်တော့ နွေးနေသည်။ လျှာပြင်နေတာသိရတော့ အသက်ရှင်နေသေးသည်။ လက်ပြန်ထုတ်တော့ တင်ပါးဆုံရိုးကွင်းနှင့် လက်နှင့်အကိုက်ဖြစ်နေပြီး မနည်းပြန်ဆွဲထုတ်ယူလိုက်ရ၏။

ဆရာမောင်တင်ထွေး အခြေအနေကို သိလိုက်ရ၏။ နွားလေးကို ဘယ်လိုမှဆွဲထုတ်၍မမွေးနိုင်။ နွားလေးသေခဲ့သည်ရှိသော် ကလေးကိုအပိုင်းပိုင်း ဖြတ်ယူရအောင်လည်း လက်က ရှေ့ဆက်တွန်း၍မရ။ တင်ပါးဆုံရိုးကွင်းက မူလထက်ကျဉ်းနေတာ တွေ့ရ၏။ ပိုင်ရှင်ကိုမေးကြည့်တော့ နွားမက မျိုးမရခင်က ချောက်ထဲကျခဲ့သည်ဟုဖြေ၏။ တင်ပါးရိုးကွင်းနိမ့်နေပြီ။ သဘာဝအတိုင်း မွေးလို့မရတော့ပါ။ ခွဲမွေးမှရပါမည်။ ခက်ချေပြီ။ အရင်ဆရာတွေလို မေ့ဆေးမရှိဘူး ပြောရမလား။ မတော်ပါဘူးလေဟု စဉ်းစားလိုက်ပြီး ရောက်မှတော့ မထူး။ တစ်နည်းနည်းနှင့် နွားလေး အပြင်ရောက်အောင် လုပ်ရမည်ပဲ။

ခွဲစိတ်မယ်ဆိုလည်း ပစ္စည်းစုံစုံလင်လင်မပါ။ ပတ်တီး၊ ဂွမ်းမပါ။ ဒါပေမဲ့ စွပ်ကျယ်နှစ်ထည်၊ သုံးထည်လောက်လျှော်ဖွတ်ပြီး အရက်စိမ်လိုက်လျှင် ဖြစ်သည်။ ချုပ်အပ်တော့ပါ၏။ ချုပ်ကြိုးမရှိ။ အပ်ချည်ကြိုးကို အကျစ်ခိုင်းရမည်။ ခွဲစိတ်ရန် သင်တုန်းဓားနှစ်ချောင်းလောက်က ရှာရလွယ်၏။ ခွဲမည့်အကြောင်းနှင့်အဆင်မသင့်လျှင် နွားမကြီးနှင့် နွားလေးပါ အနိစ္စသဘောနှင့် ကိစ္စချောနိုင်ကြောင်း ပိုင်ရှင်ကို အသိပေးလိုက်ရ၏။ သည်အတိုင်းထားလျှင်လည်း သေမှာဖြစ်သောကြောင့် ရှင်ရင်အမြတ်ပဲလို့ သဘောထားသည့်ပိုင်ရှင်က အဆင်သင့်ပါပဲတဲ့။ ဒီတော့ ခွဲစိတ်ရန်အတွက် လိုအပ်တဲ့ပစ္စည်းတွေ စုဆောင်းလိုက်သည်။

နွားမကြီးကတော့ မောလည်းမောနေပြီ။ လဲနေတော့ အဆင်သင့်ကြိုးတုတ်ခိုင်းလိုက်ပြီး မေ့ဆေးပေးလိုက်သည်။ ခွဲမည့်နေရာ သန့်ရှင်းရေးလုပ်ပြီး အကူဗလာ၊ လက်ထောက်မရှိ။ သူနာပြုဆိုတာကတော့ စကားအဖြစ် တောင်မကြားဖူးဘဲ တစ်ယောက်တည်း ခွဲစိတ်ရမည်ဖြစ်သည်။ သို့ပေမယ့် ရွာသားတစ်ယောက်ကိုတော့ လက်ဆေးခိုင်းပြီး ကူညီပေးရန် စီစဉ်ထား၏။ သင်တုန်းဓားနှင့် ခွဲလိုက်သည်။ သားရေနှင့် အသားရောက်တော့ အစာအိမ်တွေ၊ အူတွေ ဒလဟောထွက်လာသည်။ အရပ်ကူပါ လူဝိုင်းပါခိုင်းလည်းမဖြစ်ပေ။ လက်တစ်ဖက်က အစာအိမ်တွေ အူတွေဖိကာ တစ်ဖက်က သားအိမ်ရှာရသည်။ ခုမှ ဆရာမောင်တင်ထွေး ဗျာများရပြီ။ သွေးထွက်နည်းရန်ပြုလုပ်ပြီး သားအိမ်ကို ခွဲလိုက်၏။

စာမျက်နှာ ၂၅ သို့ ➤

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၃၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၃၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၀၂၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးတာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများ ပေးခြင်း၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဖြူးမြို့နယ် ဇဟားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ဖြူး စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ဇဟားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဇဟားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များကို ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ မိသားစုဝင်ငွေတိုး အသေးစားစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင် ဆောင်ရွက်စေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဖြူးမြို့နယ် ဇဟားကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၂ ဒသမ ၄သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ချိုလေး**

➤ စာမျက်နှာ ၂၄ မှအဆက်

တွေ့ပါပြီ။ နွားလေး နောက်ခြေထောက်နှစ်ချောင်းကို။ ရှေ့လက်က မွေးလမ်းကြောင်းမှထွက်နေပြီဆိုတော့ ဦးခေါင်းပါ တင်ပါးဆုံအပိုင်းရောက်နေပြီ။ လွယ်ကူသွားပြီဖြစ်သည်။ နောက်ခြေနှစ်ချောင်းဆွဲပြီး အပြင်ထုတ်၊ ပါးစပ်ထဲမှ အရိအရွဲတွေသုတ်နှင့် အလုပ်များသွားသည်။ အသက်ရှူနေတာတွေ့တော့-

"ဟာ နွားလေး ရှင်နေသေးတယ်"

နွားပိုင်ရှင်မှ ထအော်လိုက်သည်။ အချင်းဖြတ်ပြီး နွားလေးခြေထောက်နှစ်ချောင်းကို ဆွဲမြှောက်လိုက်ပြီး အသက်ရှူမှန်အောင် လုပ်ပေးရသည်။ ပြီးမှခွဲထားတဲ့ဒဏ်ရာထဲက သွေးရည်ကြည်တွေကို အရက်စိမ်ထားသည့် စွပ်ကျယ်နှင့်သုတ်ကာ ညှစ်ထုတ်လိုက်ပြီး ဒဏ်ရာကို အထပ်ထပ်ချုပ်လိုက်သည်။ မှတ်ကလည်းကိုက်၊ ယင်က နှိုက်လိုက်ဖြင့် နွားမကြီးအသက်ရှူသေးလား ကြည့်လိုက်၊ နွားလေး အသက်ရှူသေးလားကြည့်လိုက်နှင့် ဆရာမောင်တင်ထွေး ဗျာများနေရင်း ခွဲစိတ်မှုလုပ်ငန်း လက်စသတ်လိုက်၏။

နွားမကြီးကတော့ မေ့ဆေးတန်ခိုးနှင့် အိပ်နေဆဲ။ နွားကလေးနို့စို့ချင်သောကြောင့် ပါးစပ်တပြင်ပြင်နှင့် ဟိုတိုးဒီတိုးလုပ်နေသည်။ နွားမကြီးမထသေးတော့ နို့ဦးရည်ညှစ်တိုက်ဖို့ စီစဉ်လိုက်ရ၏။ တစ်နာရီလောက်စောင့်လည်း နွားမကြီး မထသေး။ မိုးက စိုစို။ အစာကမရှိ။ အားကနည်းနည်းဖြစ်ကာ ပေးထားသောမေ့ဆေးက အချိန်အဆနှင့်ဆိုတော့ လေးငါးနာရီတော့ ကြာနိုင်သည်။ ဆရာမောင်တင်ထွေးလည်း ဥက္ကဋ္ဌအိမ်ပြန်ကာ ရေမိုးချိုးရသည်။ နောက် ဥက္ကဋ္ဌနှင့်အတူ ထမင်းဝိုင်းထိုင်လိုက်တော့ ဥက္ကဋ္ဌကတော်ချက်ထားသည့် ဆူးပုပ်ရွက်ဟင်းချို၊ ပဲငါးပိထောင်းအနံ့က ထမင်းဝိုင်းကို ပိုစားဝင်အောင် ဆွဲဆောင်နေ၏။

ဆရာမောင်တင်ထွေး ထမင်းစားပြီးတော့ ဆူးပုပ်ရွက်ဟင်းချိုနှင့် ပဲငါးပိထောင်းက မျက်ခွံတွေလေးလာစေ၏။ မြင်းစီးလို့ ကိုယ်လက်နာ၊ မိုးကလည်းမိ၊ တစ်နာရီလောက် စိတ်မောကိုယ်မောဖြစ်ခဲ့ပြီး ခေါင်းချလိုက်သည်နှင့် လောကကြီးကို ခဏမေ့သွားသည်။ ညနေစောင်းမှ တစ်ရေးနိုးကာ နွားမကြီးကို သွားကြည့်ဖြစ်သည်။ ခေါင်းထောင်နေပြီ။ မတ်တတ်တော့မထသေး။ သူတို့မှ တစ်ညအိပ်စောင့်ပေးပါဦးဆိုသောကြောင့် အိပ်လိုက်ရသည်။ မနက်မိုးလင်းတော့ နွားမကြီး မတ်တတ်ရပ်နေပြီ။ နွားလေး နို့တိုက်နေပြီ။ ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။ လိုအပ်သည့်ဆေးဝါးတွေကို ထပ်မံထိုးပေးလိုက်သည်။ အင်း အသက်နှစ်ချောင်းတော့ ကယ်လိုက်နိုင်၏။ နွားမကြီးကတော့ လေးငါးဆယ်ရက်ကြာမှ စိတ်ချရမည်။ နွားမကြီးသားအမိ သေကံမရောက် သက်မပျောက်ပါစေနှင့်။ ဆရာမောင်တင်ထွေး၏ ဆန္ဒအမှန်ပင်။

အိမ်အပြန်တွင် မြင်းစီးမပြန်ဘဲ လှည်းစီးပြန်ခဲ့ရ၏။ လမ်းကကောင်းလိုက်ဆိုးလိုက်နှင့် ဆင်းလိုက်၊ တက်လိုက်၊ ကွေ့လိုက်၊ ပတ်လိုက်နှင့် လှည်းစီးရတာ ခါးနာချင်ချင်၊ ရင်အောင့်ချင်ချင်ဖြစ်လာသည်။ သည်လိုနှင့် ဒီခရီးကို သုံးနာရီလောက်စီးရမည်တဲ့။ လှည်းစီးရင်း စိတ်က အဖေအမေဆီရောက်လိုက်။ ဇနီးသားသမီးဆီရောက်လိုက်၊ ရန်ကုန်၊ မန္တလေးရောက်၊ သူငယ်ချင်းဆီရောက်လိုက်၊ အလုပ်အကြောင်း စဉ်းစားလိုက်၊ ဗျစ်တောက်ဗျစ်တောက် အင်စပက်တော်မင်းဆီရောက်လိုက်နှင့် ယောက်ယက်ခတ်နေတော့သည်။ နောက်ဆုံး ခွဲစိတ်ကုသခဲ့တဲ့ နွားမကြီးသားအမိထံရောက်မှပဲ ပီတိတွေဖြာသွားတော့၏။

## လမြတ်တော်သလင်း

- ပဒ္မာနှုန်ရှင် အဲ့ကာဆိုင်း
  ရှစ်ခွင်တိုင်း မှိုင်းမှုန်ပြာ၊
  ကန်ရာသီ တော်သလင်းမိုးက
  ကန်သင်းကျိုးရွာ၊
  ပြဗ္ဗာဘဒြပိုဒ် နက္ခတ်ပါ
  သမီးကညာပုံ ရာသီရုပ်၊
  ရေးအခါ"သစ်ဆင်း"လ
  ခေါ်ကြသမုတ်။

- ပင်ယံကို လေပြည်သုတ်တော့
  ရွှေကနုတ်သို့ အလှဆင်၊
  ဝင်းဝါစို ရင်းမာပန်း
  ပွင့်လန်းလို့ပင်၊
  ဝါးရောင်းပန်းနှင့် အပြိုင်ယှဉ်
  မြိုင်ယံတွင် ဖူးပွင့်ကြ၊
  နီတျာတျာ အင်ကြင်းပန်းတို့
  သင်းပျံ့မွှေးမြ။

- စည်းလုံးခြင်းသည် အင်အားမို့
  ထင်ရှားသည့်ပွဲတော်၊
  ပေါင်းစုကာ ရေပြင်ထက်
  ခက်ခဲစွာလှော်၊
  ဇာတိသွေး ဂုဏ်ကိုဖော်
  လှေပြိုင်ပွဲတော် ယှဉ်ပြိုင်ကြ၊
  ရိုးရာအမွေ စောင့်ထိန်းလို့
  အေးငြိမ်းသာစွ။

- ကုရုတိုင်းမဟာ မြတ်သီလ
  ကျင့်ကြံကြ ပြည်သူတွေ၊
  မိုးလေမှန် ဆန်စပါး
  ပေါများလျှံဝေ၊
  သီလရဲ့ကောင်းကျိုးတွေ
  မြတ်ပရမေ ဟော်ဖော်ပြ၊
  လပြည့်ခါ ဂရုဓမ္မတရား
  ဟောကြားဗုဒ္ဓ။

**ရွှေတိုး(ထုံးဘို)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံသားအားလုံးစာတတ်ခြင်းက အမျိုးသားရေးတာဝန်ကျေပွန်ခြင်းပင်

ရှေးနှစ်သန်းပေါင်းနှစ်ထောင်ကျော် ကာလက စတင်တည်ရှိလာခဲ့သော ကမ္ဘာကြီးတွင် နိုင်ငံပေါင်းများစွာနှင့် လူမျိုးပေါင်းများစွာမှီတင်းနေထိုင်ခဲ့ကြသည်။ ကမ္ဘာကြီးသက်တမ်းရလာသည်နှင့် လူသားများ၏ အသိဉာဏ်ပညာများလည်း နည်းလမ်းများစွာဖြင့် ထွန်းကားလာခဲ့သည့်အတွက် အထွေထွေတိုးတက်မှုများသည်လည်း အံ့မခန်းတိုးတက်လာခဲ့ပြီဖြစ်သည်။ လူတို့၏ စွမ်းဆောင်ရည်များဖြင့် ကြိုးစားလာခဲ့သော ရလဒ်များကာ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း အများထဲမှ အနည်းစုအဖြစ် စာမတတ်ကြ၍ ပညာမဲ့များအဖြစ်လည်း တွေ့ခဲ့ရပါသည်။

ထိုအခါ စာတတ်ကြသော အသိပညာရှင်၊ အတတ်ပညာရှင်များ၏စာနာထောက်ထားမှုများဖြင့် စာမတတ်သူများ စာတတ်ကြစေရန် နည်းလမ်းများကိုရှာဖွေခဲ့ကြသည်။ အမျိုးမျိုးသော အကြောင်းများဖြင့် စာမတတ်သူ၊ စာမသင်ယူနိုင်သူများ၏ လူမှုဒုက္ခများကင်းဝေးစေရန် စာမတတ်သူပပျောက်ရေးနှင့် စာမတတ်သူ တိုးပွားမလာရေး အထူးသဖြင့် စာမတတ်သူမရှိစေရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ စာမတတ်သူပပျောက်စေရေးအတွက် အထောက်အကူပြုနိုင်သော အစီအစဉ်များကို ရေးဆွဲနိုင်ရန် နိုင်ငံများစုပေါင်းကာ အဖြေရှာရန် သန္နိဋ္ဌာန်ချခဲ့ကြပါသည်။

ဤသို့ဖြင့် ကမ္ဘာကြီးအတွင်း "နိုင်ငံတကာစာတတ်မြောက်ရေး" လုပ်ငန်းစဉ်များ ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံတိုင်း အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြရာ ကမ္ဘာ့စာတတ်မြောက်ရေးကွန်ရက်ကို ကျင်းပခဲ့သည်။ ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်နေ့ကို အကြောင်းပြု၍ နှစ်စဉ် စက်တင်ဘာ ၈ ရက်နေ့ရောက်တိုင်း စာတတ်မြောက်မှုဆိုင်ရာ အထိမ်းအမှတ်နေ့ကို ကျင်းပပြုလုပ်ရန် လိုအပ်လာသည်ဟုဆုံးဖြတ်ခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ် မြောက်ရေးနေ့ (INTERNATIONAL LITERACY DAY) အဖြစ် သတ်မှတ်ခဲ့သည်။

**ကုလသမဂ္ဂအဖွဲ့၏ စာတတ်မြောက်ရေးလှုပ်ရှားမှု**

ကမ္ဘာကြီးအတွင်း ငြိမ်းချမ်းသာယာသော နိုင်ငံများနှင့် သာယာစည်ပင်သည့် နိုင်ငံများဖြစ်စေရန် အရာရာကိုဦးဆောင်နေသောကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းတစ်ရပ်ပမာအလေးထားခဲ့သော နိုင်ငံတကာ စာတတ်မြောက်ရေးကိစ္စများကို ၁၉၉၀ ပြည့်နှစ်တွင် အတည်ပြုသတ်မှတ်မှုဖြင့် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော စာတတ်မြောက်ရေးလှုပ်ရှားမှုကြီးကို အကောင်အထည်ပေါ်လာနိုင်ရေးအတွက် အားပေးခဲ့သည်။

ထိုနှစ်တွင် ထိုင်းနိုင်ငံ ဂျွန်တီယံမြို့၌ လူတိုင်းအတွက် ပညာရေးဆိုင်ရာညီလာခံကြီး (World Conderence on Education for All) ကို ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်နှင့် ယူနက်စကို၊ ယူနီဆက်၊ ကမ္ဘာ့ဘဏ်တို့ပါဝင်သော အဖွဲ့လေးဖွဲ့က ဦးဆောင်ကျင်းပခဲ့သည်။ ထိုနှစ် မတ် ၅ ရက်မှ ၉ ရက်ထိ ငါးရက်တိုင်တိုင်ကျင်းပခဲ့ပြီး ညီလာခံကြီးသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၅ နိုင်ငံမှ အစိုးရကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်းဦးရေ ၁၅၅၀ တက်ရောက်ကြပြီး လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ကြေညာစာတမ်းကြီးကို ထုတ်ပြန်ကြေညာခဲ့သည်။

❖ **အခြေခံပညာကဏ္ဍမှ အဆင့်မြင့်ပညာကဏ္ဍထိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ လူတိုင်းအတွက် ပညာများ၊ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖြစ်ပေါ်လာစေမည့် ပညာရေးစနစ်သည် နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးလုပ်ငန်းရပ်များအဖြစ်လည်း ခံယူထားသောကြောင့် နှစ်စဉ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်လာမည့် "နိုင်ငံတကာစာတတ်မြောက်ရေးနေ့"ကို နိုင်ငံတကာနည်းတူ ကျင်းပပြုလုပ်ရင်း မြန်မာနိုင်ငံအတွင်း စာသံပေသံများဖြင့် ဆူညံနေရေး တွန်းအားပေးဆောင်ရွက်နေသည်။** ❖

ကြေညာရေးစာတမ်းကြီးတွင် "လူတိုင်းအတွက် ပညာရေးသင်္ကရာဇ် ၂၀၀၀ မှာ" ဆိုသော ဆောင်ပုဒ်နှင့်အညီ လူတိုင်းအတွက် ပညာရေးလုပ်ငန်းအစီအမံများစွာထဲတွင် လူတိုင်းစာတတ်မြောက်ရေးလုပ်ငန်းကိုပါ လုပ်ငန်းတစ်ခုအဖြစ် ထည့်သွင်းထားခြင်းဖြစ်ပါသည်။

**စာတတ်မြောက်ရေးစီမံချက်များကို ဆက်လက်ဆွေးနွေးခြင်း**

၂၀၀၀ ပြည့်နှစ် ဧပြီ ၂၆ ရက်မှ ၂၈ ရက်ထိ အာဖရိကတိုက်ရှိ ဆီနီဂေါနိုင်ငံ ဒါကာမြို့၌ "ကမ္ဘာ့ပညာရေးညီလာခံ"(World Education Forum) ကို ကျင်းပခဲ့ပြီး လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြေညာစာတမ်း ဂျွန်တီယံ ၁၉၉၀ ကို ပြန်လည်သုံးသပ်ခဲ့ပြီး လူတိုင်းအတွက် ပညာရေးဆိုင်ရာလုပ်ငန်းများကို ထပ်မံဆွေးနွေးညှိနှိုင်းသတ်မှတ်ခဲ့ကြသည်။ လူတိုင်းအတွက် ပညာရေးရည်မှန်းချက် (၆) ရပ်ကိုပါ ချမှတ်ခဲ့သည်။ စာတတ်မြောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍လည်း မဆုတ်မနစ်ကြိုးစား ဆောင်ရွက်ကြရန် သဘောတူခဲ့ကြသည်။ ဤသို့ ဆောင်ရွက်နေခြင်းကိုလည်း အမျိုးသားရေးတာဝန်ကို ထမ်းရွက်နေခြင်းဟုခံယူထားကြသည်။

၁၉၉၉ ခုနှစ် ယူနက်စကို၏ စစ်တမ်းအရ ကမ္ဘာပေါ်တွင် စာမတတ်သူဦးရေကို ခန့်မှန်းခဲ့သည်မှာ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် လူ ၁၀၀ တွင် ၁၆ ဦးဟု သတ်မှတ်ခဲ့ကြသည်။ သို့သော် ထိုခန့်မှန်းချက်သည် မမှန်ကန်နိုင်ဟုလည်း ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖွံ့ဖြိုးပြီးနိုင်ငံများထက် ရာခိုင်နှုန်းပိုမည်ဟုဆိုနိုင်သည်။ ဤကဲ့သို့ ကမ္ဘာတစ်ခွင်လုံး၌ စာမတတ်သူဦးရေများပြားနေခြင်းသည် ကမ္ဘာ့နိုင်ငံသားအားလုံး၏ တာဝန်ပေါ့လျော့မှုဖြစ်သည်ဟုလည်း ပညာရှင်များက သုံးသပ်သည်။ စင်စစ်အားဖြင့် စာမတတ်သူ လျော့နည်းကျဆင်းပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားလုပ်ကိုင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကိုယ့်ထီးကိုယ့်နန်းနှင့် နေခဲ့ကြစဉ်အခါက စာတတ်၊ ပေတတ်၊ ကျမ်းတတ်အကျော်ပညာတော်သူများနှင့် ပညာရေးနှောင့်နှေးခြင်းမရှိ စာတတ်ခဲ့ကြ၏။ သို့သော် သူ့ကျွန်ဘဝရောက်ခဲ့ရသောအခါက စာမသင်ကြားနိုင်သူများလာခြင်း၊ စာသင်ကျောင်းများ၌ စာပေသင်ကြားမှုလျော့နည်းလာခြင်း၊ လူမှုဒုက္ခမျိုးစုံနှင့် ဆင်းရဲတွင်းနက်ခဲ့ရခြင်းများကြောင့် စာမတတ်သူ၊ စာမသင်ကြားနိုင်သူများ များပြားခဲ့ရသည်။

ထို့ကြောင့် လွတ်လပ်ရေးရပြီးသော အချိန်ကာလများ၌ နိုင်ငံလူဦးရေ ၁၇ သန်းအနက် ၁၁ သန်းသည် စာမတတ်သူများဖြစ်ခဲ့ရ၏။ သို့သော် အထွေထွေပြုပြင်မှု၊ တည်ဆောက်မှုများနှင့် လူမှုစီးပွားအခြေခံအကြောင်းများကြား စီးမျောခဲ့သော .မြန်မာနိုင်ငံသားများ စာမတတ်သူများအရေးမတွေးအားခဲ့သော်လည်း ၁၉၆၄ ခုနှစ်တွင် စာမတတ်သူများ စာသင်ကြားနိုင်ရန် လုပ်ငန်းတစ်ရပ်သတ်မှတ်ခဲ့ပြီး စာမတတ်သူစာပေသင်ကြားမှုကို ဝ.ထ.က.လ.သ နှင့် စခဲ့သည်။ ဤသို့ဖြင့် မြန်မာ့လူမှုနယ်ပယ်တွင် စာမတတ်သူပပျောက်သယောင်ဖြစ်ခဲ့ရ၏။

စာမတတ်ခြင်း၏ ဆိုးကျိုးကိုသိခဲ့ရသော နောက်ပိုင်းကာလများ၌ ကြီးငယ်မဟူ စာတတ်ကြရန်နှင့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေးဟူသည့် ပညာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်ကို ချမှတ်ကာ ပညာရေးစနစ်များကို ခေတ်နှင့်လျော်ညီစွာ စနစ်တကျစီမံကိန်းများ ရေးဆွဲ၍ အကောင်အထည်ဖော်ခဲ့သည်။ ယနေ့ မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေများသည် အခြေခံစာတတ်မြောက်ရေး အ သုံးလုံးပညာရေးနှင့်အတူ ကျောင်းပြင်ပရောက်ကလေးသူငယ်များ၏ စာသင်ကြားမှု၊ ကျောင်းတွင်းပညာသင်ကြားနေသော ကလေးများ၏ ပညာရည်မြင့်မားမှုတို့ကို အလေးထားဆောင်ရွက်နေသောကြောင့် "နိုင်ငံတကာစာတတ်မြောက်ရေးနေ့"ကို ကမ္ဘာ့နိုင်ငံများနည်းတူ ကျင်းပလျက်ရှိသည်။ အထူးသဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ခြင်းဟူသော ကမ္ဘာနှင့်ရင်ပေါင်တန်းနေသည့်အတွက် နိုင်ငံအတွင်း၌ စာမတတ်သူပပျောက်ရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးဆိုသော ပညာရေး၊ စာပေသင်ကြားရေးကိစ္စများကို အလေးပေးဆောင်ရွက်လျက်ရှိသည်။

အခြေခံပညာကဏ္ဍမှ အဆင့်မြင့်ပညာကဏ္ဍထိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ လူတိုင်းအတွက် ပညာများ၊ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖြစ်ပေါ်လာစေမည့် ပညာရေးစနစ်သည် နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးလုပ်ငန်းရပ်များအဖြစ်လည်း ခံယူထားသောကြောင့် နှစ်စဉ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်လာမည့် "နိုင်ငံတကာစာတတ်မြောက်ရေးနေ့"ကို နိုင်ငံတကာနည်းတူ ကျင်းပပြုလုပ်ရင်း မြန်မာနိုင်ငံအတွင်းစာသံပေသံများဖြင့်ဆူညံနေရေး တွန်းအားပေးဆောင်ရွက်နေသည်။

ဤကမ္ဘာကြီးအတွင်းမှ လူသားအားလုံးအတွက် ဆောင်ရွက်နေသော စာတတ်မြောက်မှုစီမံကိန်း၏ လှုပ်ရှားဆောင်ရွက်မှုများတွင် မိမိတို့နိုင်ငံသည်လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်နေပါသည်ဟူသောပြယုဂ်ကို သက်သေထူနိုင်ရန် စက်တင်ဘာ ၈ ရက်နေ့တွင် "နိုင်ငံတကာစာတတ်မြောက်ရေးနေ့"ကို ကျင်းပပြုလုပ်ကြမည်ဖြစ်သည်။ ကမ္ဘာကြီးအတွင်း စာပေဖြင့်အလင်းရောင်ဖြစ်စေရန် ကြိုးပမ်းနေကြမည်လည်းဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**မြမဉ္ဇူဝေ(ကျုံမငေး)**

# ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၇၄၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၇၄၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် စပါး ၁၄၂၅၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၇၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ စပါးဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုး နိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG ၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၈၇၉ ဧက စိုက်ပျိုးပြီးစီး



ကောလင်း စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၈၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၆၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၂၈၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၆၇၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၈၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန့်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၈၉၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၄၂၄ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၅၆၁ဧက စုစုပေါင်း ၂၈၇၉ ဧကဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၈၁၉ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၃၈၅ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၄၇၁ ဧက စုစုပေါင်း ၂၆၇၅ ဧကတို့ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ကျိုက်လတ်မြို့နယ် ကွမ်းခြံကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

ကျိုက်လတ် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်းခြံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်လတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီအဖွဲ့ဝင်များနှင့်အတူ ကွမ်းခြံကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင်၊ ပျက်စီးမှုမရှိအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကျိုက်လတ်မြို့နယ် ကွမ်းခြံကုန်းကျေးရွာ၌ လမ်းအရှည် ၅၈၅ပေ၊ အကျယ် လေးပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရ ငွေကျပ် ၆ ဒသမ ၄၂ သန်း နှင့် ကျေးရွာနေပြည်သူလုပ်အားထည့်ဝင်မှုတို့ဖြင့် ဇူလိုင်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၃၄အိမ်၊ လူဦးရေ ၅၃၃ဦးတို့ ရာသီမရွေး သွားလာနိုင်ခြင်း၊ ကျေးရွာတွင်း သန့်ရှင်းသာယာလှပမှုရှိပြီး ကျေးရွာနေ ပြည်သူတို့အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **ကိုလှိုင်**

# ဘရာဇီးနိုင်ငံတွင် နှစ်ရက်ကြာ လောင်ကျွမ်းခဲ့သည့် တောမီးကြောင့် အမျိုးသားသစ်တောဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့် ပျက်စီးဆုံးရှုံး



**ဘရာဇီးလီးယား စက်တင်ဘာ ၅**

ဘရာဇီးနိုင်ငံတွင် စက်တင်ဘာ ၃ ရက်မှ ၄ ရက်ထိ နှစ်ရက်ကြာလောင်ကျွမ်းခဲ့သည့် တောမီးကြောင့်အမျိုးသားသစ်တောဧရိယာ၏၂၀ရာခိုင်နှုန်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး တစ်မြို့လုံး မီးခိုးများဖုံးလွှမ်းသွားကြောင်း အာဏာပိုင်များက ပြောကြားထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးနိုင်ငံ၏ ဟက်တာ ၅၆၀၀ ကျော် ကျယ်ဝန်းသော အမျိုးသားသစ်တောသည် နိုင်ငံ၏ ရေချိုအရင်းအမြစ် ၇၀ရာခိုင်နှုန်းကို ကာကွယ်ပေးနေသည့် သစ်တောထိန်းသိမ်းရေးနယ်မြေဖြစ်သည်။

ခြောက်သွေ့သော ရာသီဥတုက တောမီးလောင်ကျွမ်းမှုကို ပိုမိုပြင်းထန်စေကြောင်း၊ လေတိုက်ခတ်မှုကြောင့် တောမီးကို ထိန်းချုပ်ရန် ရုန်းကန်ခဲ့ရပြီး တောင်သူများစိုက်ပျိုးထားသည့် ခရမ်းချဉ်နှင့် ပန်းစိုက်ခင်းများသို့ မီးကူးစက်ခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းရာနေရာလေးခုမှ သုံးခုကို ထိန်းချုပ်နိုင်ခဲ့သော်လည်း တစ်နေရာကျန်နေသေးကြောင်း သစ်တောစီမံခန့်ခွဲရေးတာဝန်ရှိသူ Fabio dos Santos Miranda က ပြောကြားသွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားသည့်နေရာတွင် သံသယရှိသူ သုံးဦးကို တွေ့ရှိခဲ့သည့်အတွက် ယခုလောင်ကျွမ်းခဲ့သည့်တောမီးသည် သဘာဝအလျောက် လောင်ကျွမ်းခဲ့ခြင်းထက် လူသားတို့၏ မဆင်မခြင်လုပ်ရပ်ကြောင့် ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း Fabio dos Santos Miranda က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KZ

# ထိုင်းနိုင်ငံတွင် ဂေဟစနစ်ကို အနှောင့်အယှက်ဖြစ်သော တီလားဗီးယားငါး ကီလိုဂရမ် ၁ ဒသမ ၃ သန်းကျော် ဖမ်းဆီးခဲ့

**ဗန်ကောက် စက်တင်ဘာ ၅**

ထိုင်းနိုင်ငံတွင် ဂေဟစနစ်ကိုကို အနှောင့်အယှက်ဖြစ်စေသော တီလားဗီးယားငါး ကီလိုဂရမ် ၁ ဒသမ ၃ သန်းကျော်ကို ဖမ်းဆီးခဲ့ကြောင်း နိုင်ငံအစိုးရက ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

တစ်ခါသားပေါက်လျှင် အကောင်ရေ ၅၀၀ ထိ သားပေါက်နိုင်သည့် တီလားဗီးယားငါးများသည် ထိုင်းနိုင်ငံ၏ပြည်နယ် ၁၉ ခု၏အဏ္ဏဝါတွင် ကျက်စားကြသည့် ငါးပေါက်များ၊ ပုစွန်နှင့် ခရုသားလောင်းများကို စားသုံးခြင်းကြောင့် အဆိုပါ ရေနေသတ္တဝါများ၏ ဂေဟစနစ်ကို ထိခိုက်စေကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားထားသည်။

တီလားဗီးယားငါးများ၏ ပေါက်ဖွားမှုနှုန်းနှင့် ဂေဟစနစ်ထိခိုက်စေမှုများက နိုင်ငံ၏ငါးမွေးမြူရေးလုပ်ငန်းအပေါ် သက်ရောက်မှုရှိလာမည်ကိုလည်း ထိုင်းနိုင်ငံအစိုးရက စိုးရိမ်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအစိုးရက ဇူလိုင်လတွင် တီလားဗီးယားငါးမျိုးစိတ်ကင်းစင်ရေးကို အမျိုးသားရေးဦးစားပေးကိစ္စရပ်အနေဖြင့် ကြေညာခဲ့ပြီး ၎င်းငါးကို ဖမ်းဆီးစားသုံးရန် ပြည်သူများကို တိုက်တွန်းခဲ့ကြောင်း၊ တီလားဗီးယားငါးမျိုးစိတ်များကြောင့် ကောက်ပဲသီးနှံများပျက်စီးခြင်း၊ ရေနေမျိုးစိတ်ပေါင်း ၃၇၀၀၀ ကျော်၏ နေထိုင်ရာ မူရင်းဒေသများ ကျူးကျော်ခံရခြင်းများကြောင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်း ထိုင်းနိုင်ငံအစိုးရက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : KZ

# နော်ဝေအစိုးရက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်အရ ပိတ်ထားသော ရေနံမြေသုံးခုကို ပြန်လည်ဆောင်ရွက်ခွင့်ပြုရန် တရားရုံးချုပ်သို့ တင်ပြသွားမည်

**အော့စလို စက်တင်ဘာ ၅**

နော်ဝေအစိုးရက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်အရ ပိတ်ပင်ထားသည့် ရေနံမြေများအနက် ရေနံမြေသုံးခုကို ပြန်လည်ဆောင်ရွက်ခွင့်ပြုရန် တရားရုံးချုပ်သို့ တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ရေနံမြေသုံးခုကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအဖွဲ့အစည်းဖြစ်သည့် Greenpeace အဖွဲ့အစည်းနှင့် Nature and Youth အဖွဲ့အစည်းတို့က ပူးပေါင်း၍ တရားရုံးချုပ်သို့ လျှောက်ထားခဲ့ခြင်းဖြစ်ပြီး တရားရုံးချုပ်ကလည်း အဆိုပါရေနံမြေသုံးခုသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဖြင့် ကိုက်ညီမှုမရှိသည့်အတွက် ပိတ်ပင်ရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နော်ဝေအစိုးရက ရေနံတူးဖော်ရေး ပြန်လည်ဆောင်ရွက်ခွင့်ရရှိရန်အတွက် တရားရုံးချုပ်သို့ တင်ပြတောင်းဆိုထားသော ရေနံမြေသုံးခုမှာ ရေးဒရက်စ်ဆယ်ရေနံလုပ်ကွက်၊ တိုင်ဗင်းရေနံလုပ်ကွက်နှင့် ဘရီဒါဘလစ်ခ်ရေနံလုပ်ကွက်တို့ဖြစ်ကြောင်း၊ တရားရုံးချုပ်ကလည်း အစိုးရ၏တင်ပြတောင်းဆိုလာမှုကို စတင်ကြားနာပေးသွားမည်ဖြစ်ပြီး ကြားနာစစ်ဆေးမှုများအရ အဆိုပါရေနံမြေသုံးခုကို အပြီးသတ်ပိတ်သိမ်းရေး သို့မဟုတ် ပိတ်သိမ်းမှုအမိန့်ကို ပြန်လည်ရုပ်သိမ်းပေးရေးကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။



Greenpeace အဖွဲ့အစည်းနှင့် Nature and Youth တို့ကလည်း အပြီးသတ် ပိတ်သိမ်းရေးကိုသာ ဆက်လက် တောင်းဆိုသွားမည်ဖြစ်ပြီး ကြားနာစစ်ဆေးချိန်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများစုဝေး ကာ ဆန္ဒထုတ်ဖော်မှုများပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အတ္တလန္တိတ်ပိုင်းဇုန်တွင် အပူပိုင်းမုန်တိုင်း ဖြစ်ပေါ်မှုနှုန်း ပုံမှန်ထက်အကြိမ်ရေနည်းပါးနေ

**ဝါရှင်တန် စက်တင်ဘာ ၅**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်ရှိ ကော်လိုရာဒို တက္ကသိုလ်မှ မိုးလေဝသ ခန့်မှန်းတိုင်းတာရေး ပညာရှင်များက ၂၀၂၄ ခုနှစ်၏ အတ္တလန္တိတ်ပိုင်းဇုန်တွင် အပူပိုင်းမုန်တိုင်းဖြစ်ပေါ်လာမှုသည် ပုံမှန်ထက် အကြိမ်ရေနည်းပါးနေကြောင်း သုံးသပ်ချက် ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကော်လိုရာဒို တက္ကသိုလ်မှ သုတေသီများက အတ္တလန္တိတ်ပိုင်းဇုန်တွင် ဟာရီကိန်းမုန်တိုင်းဖြစ်ပေါ်မှုနှင့် အပူပိုင်းမုန်တိုင်းဖြစ်ပေါ်မှုကို စောင့်ကြည့်မှတ်တမ်းတင်လျက်ရှိပြီး ယခုနှစ်အတွင်း မိုးလေဝသ အပြောင်းအလဲများသည့်အတွက်ကြောင့် မုန်တိုင်းဖြစ်ပေါ်မှုမှာလည်း ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အခြေအနေထက် လျော့နည်းလာခြင်းဖြစ်ကြောင်း၊ သို့သော်လည်း စက်တင်ဘာလအတွင်း အပူပိုင်းမုန်တိုင်းဖြစ်ပေါ်လာမှုကို စောင့်ကြည့်သွားရမည်ဖြစ်ပြီး အပူပိုင်းမုန်တိုင်းဖြစ်ပေါ်မှု လျော့နည်းခဲ့သော်လည်း ဟာရီကိန်းမုန်တိုင်းဖြစ်ပေါ်မှုမှာ ပုံမှန်ထက် အကြိမ်ရေမြင့်မားနေကြောင်း သုတေသီများက သုံးသပ်ထုတ်ပြန်သွားခဲ့သည်။

ကော်လိုရာဒို တက္ကသိုလ်မှ သုတေသီများက အတ္တလန္တိတ်ပိုင်းဇုန်မှ ဟာရီကိန်းမုန်တိုင်း ၂၄ ကြိမ်ထိ ဖြစ်ပေါ်လာနိုင်ကြောင်း ကြိုတင်ခန့်မှန်းချက် ထုတ်ပြန်ထားပြီး ၎င်းအနက် ၁၂ ကြိမ် ဖြစ်ပေါ်ခဲ့ပြီးဖြစ်ကြောင်း၊ ဖြစ်ပေါ်ခဲ့သော ဟာရီကိန်း မုန်တိုင်းများတွင် ပြင်းအား အမြင့်ဆုံးမှာ တစ်နာရီလျှင် ၁၁၁ မိုင်နှုန်းထိ ရောက်ရှိခဲ့ကြောင်းလည်း သုတေသီများက ထုတ်ပြန်သွားခဲ့သည်။

စက်တင်ဘာလအတွင်း အပူပိုင်းမုန်တိုင်း ဖြစ်ပေါ်လာမှု လျော့နည်းဖွယ်ရှိနေဆဲဖြစ်သော်လည်း ဟာရီကိန်းမုန်တိုင်းဝင်ရောက်ဖွယ်ရှိနေဆဲဖြစ်ကြောင်း၊ စက်တင်ဘာလ အလယ်ပိုင်းကာလတွင် ဟာရီကိန်းမုန်တိုင်းသာ ဝင်ရောက်လာဖွယ်ရှိနေပြီး အပူပိုင်းမုန်တိုင်းအဆင့် ဖြစ်ပေါ်လာနိုင်ခြေနည်းပါးနေဆဲဖြစ်ကြောင်းလည်း သုတေသီများက ထုတ်ပြန်သွားခဲ့သည်။

Ref : Xinhua News

Trs : Sai Sat

# အီတလီနိုင်ငံ ရောမမြို့တွင် မုန်တိုင်းတိုက်ခတ်ပြီး မိုးကြိုးပစ်သဖြင့် အေဒီ ၄ ရာစုခန့်က ရှေးဟောင်းအဆောက်အအုံမုခ်ဦး ပြိုကျပျက်စီး

**ရောမ စက်တင်ဘာ ၅**

အီတလီနိုင်ငံ ရောမမြို့တွင် အားကောင်းသည့် မုန်တိုင်းတိုက်ခတ်ခဲ့ပြီး မိုးကြိုးပစ်သဖြင့် ရောမမြို့ရှိအေဒီ ၄ ရာစုခန့်က ရှေးဟောင်းအဆောက်အအုံမုခ်ဦး ပြိုကျပျက်စီးခဲ့ကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းကြောင့် အဓိကပြိုကျခဲ့ခြင်းမဟုတ်ဘဲ မုန်တိုင်းတိုက်ခတ်စဉ် မိုးကြိုးပစ်ရာမှ မုခ်ဦးပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ Colosseum Archaeological Park အတွင်းရှိ ရှေးဟောင်းအဆောက်အအုံများသည် အီတလီနိုင်ငံ၏ အဖိုးမဖြတ်နိုင်သော အမွေအနှစ်များဖြစ်သကဲ့သို့ အေဒီ ၄ ရာစုနှစ်ကတည်းက တည်ဆောက်ထားသည့် အဆောက်အအုံများဖြစ်ပြီး ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ခံထားရသော အဆောက်အအုံများဖြစ်ကြောင်း သိရသည်။

ပထမရောမအင်ပါယာခေတ်ကတည်းက တည်ဆောက်ထားသည့် အဆောက်အအုံများဖြစ်သည့်အတွက် ယခုကဲ့သို့ ပျက်စီးဆုံးရှုံးမှုမှာ အီတလီနိုင်ငံအတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်း အီတလီရှေးဟောင်းသမိုင်းသုတေသီများက ဝမ်းနည်းကြောင်း ထုတ်ပြန်သွားခဲ့သည်။

ရှေးဟောင်းသမိုင်းသုတေသီများက ပျက်စီးသွားသည့် မုခ်ဦးအစိတ်အပိုင်းများကို လိုက်လံစုစည်းထားကြောင်း၊ ပြန်လည်ပြင်ဆင်မွမ်းမံရေးအတွက် UNESCO ၏ ခွင့်ပြုချက်လိုအပ်သဖြင့် UNESCO က လာရောက်စစ်ဆေးပြီးမှသာ ရှေးဟောင်းလက်ရာမပျက် ပြန်လည်မွမ်းမံသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# စနေနေ့ညကစားမဲ့ နိုင်ငံအသင်းပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံကောင်းနေတဲ့ အင်္ဂလန်အသင်း၊ ကိုလံဘီယာအသင်းတို့ကို အားပေးရမှာပါ



အခုတစ်ပတ်မှာတော့ အမှတ်ပေးပြိုင်ပွဲတွေ ခေတ္တရပ်နားပြီး နိုင်ငံတကာပွဲတွေ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ နိုင်ငံတကာပြိုင်ပွဲမှာတော့ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲက ပွဲစဉ်တွေနဲ့ တောင်အမေရိကဇုန် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲက ပွဲစဉ်တွေရှိနေလို့ ပြိုင်ဆိုင်မှုပြင်းထန်မှာ သေချာပါတယ်။ ဒါကြောင့် စနေနေ့ညမှာကစားမဲ့ နိုင်ငံတကာပွဲစဉ်တွေထဲက ကစားသမားသာလွန်မှုရှိပြီး တိုက်စစ်ထက်မြက်နေတဲ့ အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

### အင်္ဂလန်အသင်းနဲ့ လက်တွဲရမှာပါ

ယူအီးအက်ဖ်အေနေးရှင်းလိဂ် အဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ အိုင်ယာလန်အသင်းနဲ့ အင်္ဂလန်အသင်းတို့ပွဲစဉ်ပဲ ဖြစ်ပါတယ်။ အိုင်ယာလန်အသင်းဟာ ဥရောပအဆင့် သတ်မှတ်ချက်အရ နေးရှင်းလိဂ်(B) မှာ ဝင်ရောက်ကစားခွင့်ရခဲ့ပေမဲ့ အမှတ်ပေးဇယားထိပ်ကို တက်ရောက်ခဲ့ခြင်းမရှိတာကြောင့် လိဂ်(B) မှာပဲ ကစားခဲ့ရတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာလဲ လိဂ်(B) မှာ စကော့တလန်၊ ယူကရိန်း၊ အာမေးနီးယားတို့နဲ့ တွေ့ဆုံခဲ့ပေမဲ့ ခြောက်ပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အဆင့်(၃) မှာရောက်ရှိခဲ့လို့ လိဂ်(B)မှာ ဆက်လက်ကျန်ရှိခဲ့ပြီး အုပ်စုပထမက စကော့တလန်က လိဂ်(A) ကိုတက်ရောက်သွားပေမဲ့ အုပ်စုနောက်ဆုံးက အာမေးနီးယားက လိဂ်(C)ကို ဆင်းသွားခဲ့ရတာဖြစ်ပါတယ်။ အိုင်ယာလန်အသင်းဟာ လက်ရှိမှာလဲ အင်္ဂလန်အောက်တန်းလိဂ်တွေမှာ ခြေစွမ်းပြနေတဲ့ကစားသမားတွေနဲ့သာ စုဖွဲ့ထားတာကြောင့် ကစားသမားစုဖွဲ့မှုအားနည်းနေတာကို တွေ့ရမှာပါ။

လက်ရှိ လိဂ်(B) အုပ်စု(၂) မှာတော့ အင်္ဂလန်၊ ဖင်လန်၊ ဂရိတို့နဲ့ တွေ့ဆုံနေပေမဲ့ ဒီအုပ်စုမှာ ကစားသမားစုဖွဲ့မှုအားအနည်းဆုံးက အိုင်ယာလန်အသင်းဖြစ်နေတာကို တွေ့ရမှာပါ။ ဒီအုပ်စုမှာ အင်္ဂလန်အသင်းက အဘက်ဘက်က သာလွန်နေတာကြောင့် လိဂ် (A) ကို ပြန်လည်တက်ရောက်နိုင်မဲ့ အခွင့်အရေးရှိနေတာကြောင့် ကျန်အသင်းတွေကတော့ အုပ်စုကနေ တန်းမဆင်းရရေးသာ ကြိုးပမ်းရဖို့များပါတယ်။ အိုင်ယာလန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပေါ်တူဂီနဲ့ ခြေစမ်းပွဲမှာလဲ သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီး ခံစစ်ပိုင်းပေးဂိုးများနေသလို ပြိုင်ပွဲစုံ ၁၀ ပွဲဆက်မှာလဲ နှစ်ပွဲသာအနိုင်ရခဲ့တာကို သတိပြုရမှာပါ။ လက်ရှိ သူတို့အသင်းအနေနဲ့ ၃-၄-၃ ကစားကွက်ကို အသုံးပြုနေတာကြောင့် တိုက်စစ်ကစားအား တက်လာပေမဲ့ ခံစစ်ပိုင်းကတော့ ခြေစွမ်းထက်မြက်တဲ့အသင်းတွေဆိုရင် အလွယ်တကူ ဂိုးပေးနေရတာဖြစ်ပါတယ်။ သူတိုနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု သုံးကြိမ်မှာလဲ အင်္ဂလန်က အသာရထားတာကြောင့် အခုပွဲစဉ်မှာလဲ ရှန်းကန်ရမှာ သေချာပါတယ်။

အင်္ဂလန်အသင်းဟာ ဥရောပအဆင့်သတ်မှတ်ချက်အရ လိဂ်(A) မှာ စတင်ကစားခွင့်ရခဲ့ပေမဲ့ နေးရှင်းလိဂ်ပြိုင်ပွဲမှာတော့ တစ်ခါမှ အောင်မြင်မှု မရသေးတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ လိဂ်(A) မှာ ဟန်ဂေရီ၊ ဂျာမနီ၊ အီတလီတို့နဲ့ ဆုံခဲ့လို့ အကြိတ်အနယ်ကစားခဲ့ရတာကို တွေ့ရမှာပါ။ ဟန်ဂေရီလို အသင်းကို နှစ်ကျော့စလုံးရှုံးခဲ့တာကြောင့် အုပ်စုပွဲစဉ်ပြီးချိန်မှာ သုံးပွဲရှုံး၊ သုံးပွဲသရေ ရလဒ်နဲ့ အမှတ်ပေးဇယား အောက်ဆုံးရောက်ရှိခဲ့ပြီး လိဂ် (B) ကိုတန်းဆင်းခဲ့ရတာ ဖြစ်ပါတယ်။ အခုနှစ် နေးရှင်းလိဂ်ပြိုင်ပွဲမှာတော့ အဓိကပြိုင်ပွဲကစားဖို့မရှိတော့ဘဲ လိဂ်(A) ကို တန်းတက်ဖို့အတွက်သာ ကြိုးပမ်းလာမှာ ဖြစ်ပါတယ်။

ယာယီနည်းပြ ကာစလေကလဲ ဥရောပမှာ ထိပ်တန်းအဆင့် ခြေစွမ်းရှိတဲ့ ကစားသမားတွေနဲ့သာ စုဖွဲ့ထားပြီး ဂိုးသမားအဖြစ် နစ်ပုပ်၊ ပစ်ဖို့ဒ်၊ ဟန်ဒါဆန်၊ ခံစစ်ကစားသမားအဖြစ် မက်ဂွဲယား၊ ဂျွန်စတုန်း၊ ကွန်ဆာ၊ အာနီး၊ ဂူဟီ၊ ကိုးဝဲလ်၊ လီဗရာမန်တို၊ ကွင်းလယ်ကစားသမားအဖြစ် ဒီကလန်ရိုက်၊ ဂစ်ဗ်ဂိုက်၊ အက်ဇီ၊ ဂိုးမက်စ်၊ ဂယ်လာဟာ၊ လူးဝစ်၊ မိုင်နူး၊ တိုက်စစ်ပိုင်းတွင် ဟယ်ရီကိန်း၊ ဂရီလစ်၊ ဘိုဝင်၊ ဂေါ်ဒွန်၊ ဆာကာ၊ မက်ဒူခီတို့နဲ့ စုဖွဲ့ထားတာကြောင့် အခုအုပ်စုမှာ ကစားသမားအင်အား အကောင်းဆုံးဖြစ်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြဆောက်ဂိတ်လက်ထက်မှာ အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ပေမဲ့ ၂၀၂၂ ကမ္ဘာ့ဖလားမှာ ကွာတားအဆင့်၊ ပြီးခဲ့တဲ့ ယူရိုပြိုင်ပွဲမှာ ဗိုလ်လုပွဲအဆင့်ထိ ရောက်ရှိခဲ့ပြီး ဆုဖလားနဲ့ ဝေးခဲ့ရတာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ နည်းပြဆောက်ဂိတ်က အသင်းနဲ့လမ်းခွဲခဲ့တာကြောင့် အက်ဖ်အေက လူငယ်အသင်းနည်းပြ ကာစလေကို ယာယီနည်းပြခန့်အပ်လိုက်တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ နည်းပြဆောက်ဂိတ်လက်ထက်မှာတော့ ၄-၂-၃-၁၊ ၃-၄-၂-၁ ကစားကွက်တွေကိုသာ အသုံးပြုခဲ့ပေမဲ့ လက်ရှိနည်းပြသစ်လက်ထက်မှာတော့ ဘယ်လိုကစားကွက်နဲ့ ပွဲထွက်လာမလဲဆိုတာ စောင့်ကြည့်ရမှာပါ။ နည်းပြ ကာစလေဟာ ၂၀၂၀ပြည့်နှစ်မှာ အင်္ဂလန်ယူ-၂၀ အသင်းကို စတင်တာဝန်ယူခဲ့ပြီးနောက်ပိုင်း ယူ-၂၁ အသင်းကို ဆက်လက်ကိုင်တွယ်ခဲ့ရာမှာ ၂၀၂၃ ခုနှစ်မှာ ဥရောပဆုဖလားရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိလူစာရင်းမှာလဲ လူငယ်အများစုနဲ့သာ ဖွဲ့စည်းထားတာကြောင့် လျင်မြန်မှုနဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ကို အသားပေးကစားသွားဖို့များနေသလို သူနဲ့အတူ လက်တွဲခဲ့တဲ့ လူငယ်တွေကို ထပ်မံရွေးချယ်ထားတာကို တွေ့ရမှာပါ။ အခုပွဲစဉ်ဟာ အိုင်ယာလန်အသင်း အိမ်ကွင်းဖြစ်ပေမဲ့ အင်္ဂလန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အိုင်ယာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုင်ယာလန် | ၁ | - | ၁ | နယူးဇီလန် |
| အိုင်ယာလန် | ၀ | - | ၀ | ဘယ်လ်ဂျီယံ |
| အိုင်ယာလန် | ၀ | - | ၁ | ဆွစ်ဇာလန် |
| အိုင်ယာလန် | ၂ | - | ၁ | ဟန်ဂေရီ |
| ပေါ်တူဂီ | ၃ | - | ၀ | အိုင်ယာလန် |

**အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၀ | - | ၀ | ဆလိုဗေးနီးယား |
| အင်္ဂလန် | ၂ | - | ၁ | ဆလိုဗေးနီးယား |
| အင်္ဂလန် | ၁ | - | ၁ | ဆွစ်ဇာလန် |
| နယ်သာလန် | ၁ | - | ၂ | အင်္ဂလန် |
| စပိန် | ၂ | - | ၁ | အင်္ဂလန် |

### ကိုလံဘီယာအသင်းကို ရွေးချယ်ရမှာပါ

တောင်အမေရိကဇုန် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ပီရူးနဲ့ ကိုလံဘီယာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် (၄၂) မှာရပ်တည်နေတဲ့ ပီရူးအသင်းဟာ ခြေစစ်ပွဲ ခြောက်ပွဲကစားအပြီးမှာ နှစ်ပွဲသရေ၊ လေးပွဲရှုံး ရလဒ်ကြောင့် ရမှတ်နှစ်မှတ်သာရခဲ့ပြီး အမှတ်ပေးဇယား အောက်ဆုံးမှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်းတိုက်စစ်က သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးရှစ်ဂိုးထိ ခွင့်ပြုခဲ့ရတာကြောင့် ပီရူးအသင်း ခံစစ်ပိုင်းက အခုပြိုင်ပွဲမှာ ဘိုလီးဗီးယားအသင်းပြီးရင် ပေးဂိုးအများဆုံးဖြစ်နေတာကို သတိပြုရမှာပါ။ ဒါပေမဲ့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှာ နည်းပြ ဖော့ဆာတီကို ခန့်အပ်ပြီးနောက်ပိုင်း ခြေစမ်းပွဲတွေမှာ ကစားပုံတိုးတက်လာတာကို တွေ့ရပေမဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲမှာတော့ သုံးပွဲမှာ တစ်ပွဲသရေနှစ်ပွဲရှုံး ရလဒ်နဲ့ အုပ်စုအဆင့်က ထွက်ခဲ့ရတာဖြစ်ပါတယ်။

သူတို့အသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ ၁၉၇၀ ၊ ၁၉၇၈ ၊ ၁၉၈၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာသာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ထိ အမြင့်ဆုံးတက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီနောက်ပိုင်းမှာတော့ ၂၀၁၈ ကမ္ဘာ့ဖလားမှာသာ ဝင်ခွင့်ရခဲ့ပြီး အုပ်စုအဆင့်က ထွက်ခွာခဲ့ရသလို ကျန်နှစ်တွေမှာတော့ ခြေစစ်ပွဲ မအောင်တော့တာကို သတိပြုရမှာပါ။ လက်ရှိမှာ သူတို့အသင်းအနေနဲ့ လက်ကျန်ခြေစစ်ပွဲ ၁၂ ထိ ကစားဖို့ရှိနေသေးတာကြောင့် ခြေစစ်ပွဲအောင်ဖို့ အခွင့်အရေးရှိနေပေမဲ့ ကစားသမားစုဖွဲ့မှုအားနည်းနေတဲ့အပြင် အတွေ့အကြုံနည်းတဲ့ ကစားသမားတွေသာရှိနေလို့ ရှန်းကန်ရဖို့များပါတယ်။

ကိုလံဘီယာအသင်းဟာလဲ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောင်မြင်မှုမရခဲ့ပေမဲ့ ပြီးခဲ့တဲ့နှစ်တွေမှာ ခြေစွမ်းပြကစားသမားတွေ ထွက်ပေါ်လာတာကြောင့် အဓိကပြိုင်ပွဲတွေမှာ အဆင့်တစ်ခုထိရောက်ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းသာ ကမ္ဘာ့ဖလားယှဉ်ပြိုင်ခွင့် ငါးကြိမ်ထိရရှိခဲ့ရာမှာ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှာ နှစ်ကြိမ်ထိ တိုက်ရိုက်ဝင်ရောက်ခွင့်ရရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ကမ္ဘာ့ဖလားခြေစစ်ပွဲခြောက်ပွဲမှာ ဗင်နီဇွဲလားကို တစ်ဂိုးဂိုးမရှိ ၊ ချီလီအသင်းကို ဂိုးမရှိသရေ ၊ ဥရုဂွေးကို နှစ်ဂိုးစီသရေ၊ အီကွေဒေါအသင်းကို ဂိုးမရှိသရေ၊ ဘရာဇီးကို နှစ်ဂိုးတစ်ဂိုး၊ ပါရာဂွေးကို တစ်ဂိုးဂိုးမရှိနဲ့ ကစားနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းက အားရစရာဖြစ်နေပြီး ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲတွေမှာ နည်းပြလိုရန်ဇိုဟာ ၄-၂-၃-၁ ကစားကွက်ကိုသာ အထိုင်ချကစားခဲ့ပြီး ခံစစ်တိုက်စစ် အချိတ်အဆက်မိမိ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ ဂျိမ်းရိုဒရီဂွက်ဇ်က အခွင့်အရေးဖန်တီးမှုတွေ အများအပြားလုပ်နိုင်ခဲ့သလို ဒီယက်ဇ်ကလည်း ဂိုးပေါက်ခြိမ်းခြောက်မှုတွေ လုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် ပြီးခဲ့တဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲမှာလဲ ဂျိမ်းရိုဒရီဂွက်ဇ်က သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိပြုလုပ်ခဲ့ပြီး အသင်းကို ဗိုလ်လုပွဲထိ ပို့ဆောင်နိုင်ခဲ့တာကို တွေ့ရမှာပါ။

လက်ရှိမှာ နည်းပြလိုရန်ဇိုဟာ ဥရောပကလပ်တွေမှာ ခြေစွမ်းပြနေတဲ့ အေဗီလာက ဒူရန်၊ လီဗာပူးက ဒီယက်ဇ်၊ ဘုန်းမောက်က စီနီစတာရာ၊ ဗယ်လ်ကာနိုက ဂျိမ်းရိုဒရီဂွက်ဇ်၊ ပဲလေ့စ်က မန်နို့ဇ်၊ ကက်ဂလီယာရီက မင်နာ၊ ဘိုလော့နာက လူကူမီ၊ ဝုဗ်က မော့စ်ကွီရာ တို့လို ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် ပီရူးအသင်းထက်စာရင် စုဖွဲ့မှုကောင်းနေတာကို တွေ့ရမှာပါ။ လက်ရှိ ကိုလံဘီယာတိုက်စစ်က ဘိုရီ၊ ဂျိမ်းရိုဒရီဂွက်ဇ်၊ ဒီယက်ဇ်တို့ရဲ့ တိုးအားတွေကို ခံစစ်ကစားပုံကျဆင်းနေတဲ့ ပီရူးအသင်း ပွဲချိန်ပြည့် ထိန်းချုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါ့ပြင် သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၁၅ ကြိမ်မှာ ကိုလံဘီယာက ခုနစ်ပွဲနိုင် ၊ ငါးပွဲသရေ ၊သုံးပွဲရှုံးနဲ့ အသာရခဲ့သလို ပီရူးကို အဝေးကွင်းမှာ ယှဉ်ပြိုင်ခဲ့တဲ့ နောက်ဆုံးငါးပွဲမှာလဲ တစ်ပွဲမှ မရှုံးခဲ့တာကြောင့် အဘက်ဘက်က သာလွန်နေတဲ့ ကိုလံဘီယာအသင်းကိုပဲ ရွေးရမှာပါ။

**ပီရူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပီရူး | ၀ | - | ၀ | ပါရာဂွေး |
| ပီရူး | ၁ | - | ၀ | အယ်ဆာဗေဒိုး |
| ပီရူး | ၀ | - | ၀ | ချီလီ |
| ပီရူး | ၀ | - | ၁ | ကနေဒါ |
| အာဂျင်တီးနား | ၂ | - | ၀ | ပီရူး |

**ကိုလံဘီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုလံဘီယာ | ၃ | - | ၀ | ကော်စတာရီကာ |
| ဘရာဇီး | ၁ | - | ၁ | ကိုလံဘီယာ |
| ကိုလံဘီယာ | ၅ | - | ၀ | ပနားမား |
| ဥရုဂွေး | ၀ | - | ၁ | ကိုလံဘီယာ |
| အာဂျင်တီးနား | ၁ | - | ၀ | ကိုလံဘီယာ |

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးမောက်မြို့နယ်၊ ပန်ကောင်းမုကျေးရွာနေ (ဘ) ဦးလောမောင်၏သမီး မဆောင်ပီ နှင့် မသန်းခင် (၁/ဒဖယ(နိုင်)၀၀၅၂၅၉) မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မဆောင်ပီ (ခ) မသန်းခင်
(၁/ဒဖယ(နိုင်)၀၀၅၂၅၉)

## စာအုပ် စာပေ လူ့မိတ်ဆွေ

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)




**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧက စိုက်ပျိုးပြီးစီး



**ပုတော စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးလျာထား ၁၄၀၂၃ ဧကကို ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးလျာထား ၁၄၀၂၃ ဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ငရုတ်ကောင်းမြို့မှာ စပါး ၁၄၀၂၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားရာမှာ ဒီနေ့လျာထားဧကအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ စပါးတွေ သတ်မှတ် လျာထားဧကပြည့်မီအောင် အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ လက်ရှိ စပါးတွေ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ စပါးတွေကို တစ်ဧက ပျမ်းမျှတင်း ၁၀၀ ကျော်ထိထွက်ရှိဖို့ ဆောင်ရွက်ထားပါတယ်"ဟု ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် စပါးစိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းနှင့် အရည်အသွေးကောင်းမျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ စပါးမျိုးစေ့ အသုံးပြုမှုမှန်ကန်စေရန်၊ ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုတတ်စေရန်၊ ဓာတ်မြေဩဇာအစားထိုး သစ်စိမ်းမြေဩဇာများ အသုံးပြုစိုက်ပျိုးနိုင်ရန် စသည့်နည်းစနစ်များကို လယ်မြေများထိ ကွင်းဆင်းဆောင်ရွက်ပေးထားကြောင်း ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ဆိပ်ဖြူမြို့နယ် အုန်းမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ဆိပ်ဖြူ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ အုန်းမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းညွန့်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အုန်းမှင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါလမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကော်မတီဝင်များနှင့်တွေ့ဆုံကာ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ် အုန်းမှင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၇ ဒသမ ၆ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို ရန်ပုံငွေကျပ် ၄၆ ဒသမ ၆သန်းထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုညီ**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**








## တန်ဖိုးမြှင့်စားသောက်ကုန်(Bakery)ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်ပို့ချမည်

| | |
|---|---|
| ရည်ရွယ်ချက် | - ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံများကိုအခြေခံ၍တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့်ညီညွတ်စွာ ထုတ်လုပ်တတ်စေရန် |
| သင်တန်းကာလ | - ၂၃-၉-၂၀၂၄ ရက်နေ့မှ ၂၇-၉-၂၀၂၄ ရက်နေ့ အထိ |
| သင်တန်းချိန် | - နံနက် ၀၉:၀၀ နာရီမှ ၁၆:၃၀ နာရီထိ |
| ဖွင့်လှစ်မည့်နေရာ | - ၈၂ လမ်း × ၂၅ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး |
| ပို့ချမည့်ဘာသာရပ်များ | - Bakery အမျိုးမျိုးထုတ်လုပ်နည်း |
| သင်တန်းကြေး | - သင်တန်းကြေးအခမဲ့ |
| သင်တန်းပို့ချမည့်ဆရာများ | - မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှနည်းပြများနှင့် ကျွမ်းကျင်ပညာရှင်များကိုယ်တိုင် ပို့ချပါမည်။ |

သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပြီး ဤဌာနမှ လိုအပ်သော အကြံဉာဏ်များနှင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပါမည်။

ဆက်သွယ်စာရင်းပေးရန်

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

၈၂ လမ်း × ၂၅ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့

၀၂-၄၀၃၉၆၀၉ ၊ ၀၉-၉၅၇၄၈၅၉၀၄၊

★ ★ ★ သင်တန်းဆင်းလက်မှတ်ပေးအပ်ပါမည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။ ★ ★ ★

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်နေ (ဘ) ဦးအောင်မင်း (၉/ခမစ(နိုင်)၀၇၇၆၁၂)၏ သား မောင်ဇော်မင်းသူ ၏မွေးသက္ကရာဇ်အမှန်မှာ ၁၂-၄-၂၀၀၂ ဖြစ်ပါကြောင်းနှင့် မောင်ဇော်မင်းထွေး၏မွေးသက္ကရာဇ်အမှန်မှာ ၁၄-၈-၁၉၉၉ ဖြစ်ပါကြောင်း။

၁၂-၄-၂၀၀၂

၁၄-၈-၁၉၉၉

## သင့်သွေးဖြင့် အသက်ကယ်ပါ

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ဆည်ရွာအုပ်စု၊ ဆည်ရွာနေ ဦးသောင်းကြည်-ဒေါ်မိုးမိုး တို့၏သမီး **မနှင်းဝတ်မှုံ (၉/စကတ(နိုင်)၁၁၆၉၄၁)** သည် မိသားစု၏ ဆိုဆုံးမမှုကို မနာခံဘဲ မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်ခဲ့ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးသောင်းကြည် (၉/စကတ(နိုင်)၀၁၆၄၅၀)

ဒေါ်မိုးမိုး (၉/စကတ(နိုင်)၀၁၆၇၇၈)

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ မြတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မခိုင်မိုးဝေ ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်လွန်း ဖြစ်ပါကြောင်း။

**ဦးမောင်လွန်း (၉/တသန(နိုင်) ၁၈၉၄၁၅)**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ မြတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်ဇော်မျိုးသူ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇော်လှိုင်း ဖြစ်ပါကြောင်း။

**ဦးဇော်လှိုင်း (၉/နထက(နိုင်)၁၅၉၀၉၈)**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ မြတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်မျိုးသူ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးချစ်ဆန်း ဖြစ်ပါကြောင်း။

**ဦးချစ်ဆန်း(၉/နထက(နိုင်)၀၉၇၂၉၁)**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ မြတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်ကြယ်စင်ဦး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ဆင့် ဖြစ်ပါကြောင်း။

**ဦးကျော်ဆင့် (၉/မလန(နိုင်)၁၀၉၈၂၄)**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(မှရီး)၊ Grade-11 မှ မောင်ပြည့်စုံဦး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ဆင့် ဖြစ်ပါကြောင်း။

**ဦးကျော်ဆင့် (၉/မလန(နိုင်)၁၀၉၈၂၄)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ပင်းတလဲ)၊ Grade-12 တွင် ပညာသင်ကြားနေသော မဖူးမြတ်သွယ်နှင့် Grade-7 တွင် ပညာသင်ကြားနေသော မဖူးမြတ်ဝင်း တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအေးမောင် ဖြစ်ပါကြောင်း။

**ဦးအေးမောင် (၉/ဝတန(နိုင်)၁၇၈၆၆၉)**

❖ ထုတ်လုပ်မှုများတိုးတက်လာမည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျလာမည်ဖြစ်...

❖ ထိုသို့ နိုင်ငံခြားငွေသုံးစွဲမှုများလျော့ကျသွားမည်ဆိုပါက ပြည်တွင်းငွေကြေးလည်ပတ်မှုများတိုးတက်ကောင်းမွန်က နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်...

❖ ထိုသို့ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာမည်ဆိုပါက ပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများတိုးတက်မြင့်မားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၄) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် အဓိကစွမ်းအားစုဖြစ်သည့် ကျောင်းသား၊ကျောင်းသူ လူငယ်များကိုအားကစားကဏ္ဍအပါအဝင် ဘက်စုံကဏ္ဍစုံတွင် နိုင်ငံ၏ သားကောင်းသမီးကောင်းများဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ၏ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ကွင်းအမှတ်(၁)တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကျန်းမာရေးဝန်ကြီးဌာန

စာမျက်နှာ ၁၈ ကော်လံ ၄ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလောက်ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့**

စာမျက်နှာ - ၁၅

**သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၂